
www.burmeseclassic.com

# မင်းစိတ္တ ၏ကလောင်ခွဲ

# မင်းစကြာ

လင်းနို့စံအိမ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


ဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၈၇၁၁၀၉
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၂၁၁၀၀၉
ုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၀-ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၂၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - မြူစင်ပုံနှိပ်တိုက် (ဦးမြွေးအောင်) ၀၈၃၂၅ အမှတ် (၂၀၄) ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိတ်စာပေ) အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀) ၂၂၁၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြိတ်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

၈၉၅.၈၃
မင်းစကြာ
လင်းနို့စံအိမ် / မင်းစကြာ - ရန်ကုန်။
မြိတ်စာပေ ၊ ၂၀၀၉။
၂၁၉ - စာ၊ ၁၈ × ၂၅.၅ စင်တီ။
(၁) လင်းနို့စံအိမ်


# မင်းစကြာ

# လင်းနို့စံအိမ်

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ်ာ အပ်ာ ဝန္ဒာမိ

# မြတ်

( စာပေ )

မြတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၂၂၁၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။

BURMESE CLASSIC .com



## အခန်း ( ၁ )
## ထိုတစ်ည

"အင်း . . . ဟင်း . . . ဟင်း"

ထိုညည်းသံကို ကြားလိုက်ရသည်နှင့် သီတာ့မျက်လုံးအစုံ ဖျတ်ခနဲ ပွင့်သွားပြီးသားဖြစ်နေ၏။

ထိုညည်းသံသည် ကြာမြင့်စွာကတည်းက ထွက်ပေါ်နေခဲ့ခြင်းဖြစ်သည်။ အစပထမတုန်းက ထိုညည်းသံကို ညည်းသံဟု မထင်ခဲ့မိ။ အပြင်ဘက်ဆီမှ လေတိုးသံတွေသာဖြစ်မည်ဟု စိတ်မှာ မှတ်ထင်ပြီး



www.burmeseclassic.com

အမှတ်တမဲ့နေလိုက်မိခဲ့သည်။

အပြင်ဘက်ဆီမှ လေပြိမ်သွားနိုက် ထိုညည်းသံက ထင်ရှားစွာ ထွက်ပေါ်နေဆဲ။ လူတစ်ယောက်၏ညည်းသံဖြစ်မှန်း သိလိုက်မိသည်နှင့် သီတာသည် အသိတရားကို နိုးနိုးကြားကြားလုပ်ပြီး မျက်လုံးအစုံကို ထတ် ခနဲ ဖွင့်လိုက်မိ၏။

အပြင်ဘက်တွင် လေငြိမ်သွားသော်လည်း မိုးကတော့ တဖြိုးဖြိုး တဖျောက်ဖျောက်ဖြင့် ဆက်လက်ရွာသွန်းနေဆဲ။ မိုးစက်မိုးပေါက်တွေ ကျဆင်းနေသည့်အသံက ပျင်းရိငြီးငွေ့စရာကောင်းလှ၏။

"ဂျိမ်း . . . နိုင်း . . . နိုင်း"

မိုးကြိုးပစ်သံကြီးက နားစည်ကွဲအက်မတတ် ထွက်ပေါ်လာပြန်၏။

နောက်ဆက်တွဲအဖြစ် လျှပ်ရောင်တန်းကြီးကလည်း ဝင်းခနဲ လက်ခနဲ ဖြိုးပျက်လိုက်၏။ မှန်ပြတင်းမှတစ်ဆင့် ဝင်ရောက်လာသည့် ထိုလျှပ်ရောင်တန်းကြီးကြောင့် အိပ်ခန်းထဲမှာ ဝင်းခနဲ လက်ခနဲဖြစ်သွား၏။

"အင်း . . . ဟင်း . . . ဟင်း"

ညည်းတွားသံက ပို၍ကျယ်လောင်လာသည်။





ထိုအသံက ဘေးချင်းကပ်လျက် အခန်းဆီမှ ထွက်ပေါ်လာနေခြင်းဖြစ်သည်။

ကိုယ်ကျင်းဝေဒနာကို အပြင်းအထန် ခံစားနေရသူ၏ နှုတ်ဖျားမှ ထွက်ပေါ်လာသည့် ညည်းညူသံတို့ဖြစ်၏။

ထိုအသံသည် ဖေဖေ့ဆီက ထွက်လာသည်ပဲဖြစ်မည်။ ဖေဖေမှာ ရောဂါရှိသည်။ နှလုံးရောဂါ၊ ဆီးချိုသွေးတိုးရောဂါ။ ပြီးတော့ တခြားသူတွေလို သန်သန်မာမာလူတစ်ယောက်လည်းမဟုတ်။ ကိုယ်အောက်ပိုင်း သေနေသူ။

သည်လိုမိုးအေးလာပြီဆိုလျှင် ဖေဖေ့ခန္ဓာကိုယ်တွင်းမှ ရောဂါပေါင်းစုံက ထကြွသောင်းကျန်းမာတတ်၏။ ဘေးမှာရှိနေသည့်လူတို့ပင် ဖေဖေ အလူးလူးအလှိမ့်လှိမ့်ဖြင့် ရောဂါဝေဒနာခံစားနေရသည်ကို ကြည့်ပြီး စိတ်မချမ်းမသာဖြစ်ကြရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ဘာတွေဘယ်လိုဖြစ်နေသည်ကိုပင် မသိတော့ဘဲ အိပ်မောအကျကြီးကျနေသည့် ခင်ပွန်းဖြစ်သူ ကိုသန်းအောင်ကို ကြည့်မိသည်။

တစ်နေ့ကုန် ပင်ပန်းထားသည့်ဒဏ်ကြောင့်ထင်သည် ကိုသန်း

www.burmeseclassic.com



အောင်သည် ကုလားသေ ကုလားမော အိပ်မောကျနေခဲ့သည်မှာ ပါးစပ်မပွင့်တပွင့် ဖွင့်ဟပြီး ဟောက်များပင် ဟောက်နေလိုက်သေး၏။ ကိုသိန်းအောင်၏ ဘေးမှာတော့ သားကြီးဖြစ်သူ နန္ဒနှင့် သမီးလေး မေနှင်း။ သားကြီး၏အသက်က ကိုးနှစ်၊ သမီးလေးက ခုနစ်နှစ်။ အသက်တွေက မတိမ်းမယိမ်း၊ ဒူးလေးတွေကွေးပြီး အိပ်နေပုံကိုက တစ်မျိုးချစ်စရာကောင်းနေ၏။

မိုးအေးနေသောကြောင့်ပဲထင်သည်။ ယိုက်ခန်းအပေါ်တွင်လည်း တစ်မှိုစိမ့်ဖြင့် အေးစိမ့်နေ၏။

သားနှင့်သမီးတို့ ချမ်းစိမ့်နေကြပုံပေါ်သည်။

သီတာသည် ခြုံစောင်ကို သူတို့သားအဖသုံးယောက်ကိုယ်ပေါ်သို့ ဖြန့်လွှမ်းပေးလိုက်၏။

စောင်၏အထိအတွေ့ကြောင့်ထင်သည် အအိပ်ဆတ်သူကိုသိန်းအောင်၏ မျက်လုံးအစုံမှာ တဖြည်းဖြည်းချင်း ပွင့်လာ၏။

အိပ်စက်ခြင်းမပြုဘဲ ငုတ်တုတ်ကြီးထိုင်နေသည့် သီတာ့ကိုမြင် တွေ့သွားသည်နှင့် . . .

"ဘယ်အချိန်ရှိနေပြီလဲ။ မင်း အခုထက်ထိ မအိပ်သေးဘူးလား





သီလာ"

"ဖေဖေ့အခန်းဘက်က ညည်းသံကြားနေရလို့ သီတာ အိပ်လို့မရတော့ဘူး။ မိုးအေးလို့လားမသိဘူး။ ဖေဖေ့ရောဂါအခြေအနေ ပိုဆိုးနေပြီနဲ့တူတယ်။ အချိန်ကတော့ ဆယ့်နှစ်နာရီကျော်နေပြီ"

စကားပြောရင်း သီတာသည် သက်ပြင်းကို ချသည်။

ဖေဖေ့ဝေဒနာက နာတာရှည်မို့ တစ်လ ဘစ်လကုန်လိုက်သည့် ဆေးဖိုးဝါးခကလည်း သောက်သောက်လဲ။

ကုန်ကျငွေနှင့် ဝပ်ပျည်း၍ ဖေဖေ့ကွယ်ရာတွင် ခင်ပွန်းဖြစ်သူနှင့် စကားများရသည်မှာလည်း မကြာခဏ။

သည်အခြေအနေတွေကို ဖေဖေကိုယ်တိုင်လည်း ရိပ်စားမိပုံပေါ်၏။ သူ့ဝေဒနာကို သူ ကျိတ်မှိတ်ပြီးခံစားနေရှာသည်။ အတွင်းဝေဒနာမသက်သာသော်လည်း တစ်ဖက်လူ စိတ်ချမ်းသာအောင် ဟန်ဆောင်အပြုံးဖြင့် သက်သာချင်ယောင်ဆောင်နေရှာ၏။ သူ့ကြောင့် သမီးဖြစ်သူလင်ယောက်ျားလုပ်သူ၏ အဆူအပူအကြိမ်းအမောင်း ခံရမည်ကိုလည်းစိုးရွံ့နေပုံရသည်။

သခါရသဘောတရားသည် တော်တော့်ကို ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှ၏။ တစ်ချိန်တုန်းကဆိုလျှင် ဖေဖေသည် ကုန်သည်ပွဲစား လောကဌ လှုမ်းလှုမ်းတောက်အောင်မြင်ခဲ့သူ၊ ကုန်သည်ကြီးဦးတင်လှိုင် ဟုဆိုလျှင် ကုန်သည်ပွဲစားလောကဌ မသိသူ မရှိသလောက် ထင်ရှား ကျော်ကြားခဲ့သည့် အနီပတ်ကြီးတစ်ဆူဖြစ်ခဲ့၏။ ထိုစဉ်က ဖေဖေ လက် ညှိုးညွှန်သမျှအရာခပ်သိမ်း ရေကော ငွေပါ ဖြစ်နေခဲ့၏။

နောက်တော့လည်း မေမေကွယ်လွန်ပြီးနောက်ပိုင်း ဖေဖေ့ ကျန်းမာရေးသည် တစ်စတစ်စဖြင့် ချို့ယွင်းလာ၏။ ရောဂါပေါင်းစုံက အလုံးအရင်းနှင့် တိုက်ခိုက်ဖိစီးလာတော့၏။ ဖြစ်လိုက်ပြီလားဆိုသည်နှင့် အသည်းအသန်။ ဆေးရုံပန်သာပေါင်းစုံသွား၏။ နောက်ဆုံးတော့လည်း ခြေထောက်နှစ်ဖက်စလုံး ဒူးဆစ်မှ အဖြတ်ခံလိုက်ရသည်။ ဆီးချို၏နှိပ် စက်မှုဒဏ်ကြောင့်ဖြစ်သည်။ လူမှာလည်း အိပ်ရာထဲလဲကာ မထနိုင် တော့သည့်အနေအထားသို့ ရောက်သွားတော့၏။

ဤမှာပင် . . .

ဖေဖေသည် စိတ်ဓာတ်အကြီးအကျယ်ကျသွားတော့၏။ အစား မမှန် အအိပ်မမှန်ဖြစ်လာ၏။ သေမင်းခေါ်မည့်အချိန်ကိုလည်း အိပ်ရာထဲကနေ စောင့်ဆိုင်းနေသည့် အခြေအနေသို့ သက်ရောက်သွား





တော့၏။

"သီတာ"

"ရှင်"

ကိုသိန်းအောင်ခေါ်သံကြောင့် သီတာ ဆတ်ခနဲဖြစ်သွား၏။ အတွေးလွှန်နေခြင်းကို ရုပ်သိမ်းပြီး ထူးသံပေးလိုက်မိသည်။

"မင်းအဖေရဲ့ညည်းသံက ပိုပိုပြီး ကျယ်လာနေပြီ။ မင်း ဘာတွေ ဒီလောက်တောင် စဉ်းစားနေလို့ မင်းအဖေရဲ့ညည်းသံကို မကြားရတာလဲ"

ခေါက်ခေါက်ငန်းငန်းဖြင့် လှမ်းပြောလိုက်သည့်အသံကြောင့် လည်း သီတာ ဖုနာက်ထပ် ဘာစကားမှမပြောမနေတော့ဘဲ ခုတင်အောက် သို့ ဆင်းကာ တစ်ဖက်ခန်းဆီသို့ ကူးခဲ့၏။ စေ့ရုံသာစေ့ထားသော တံခါး ရွက်ကို ခွဲဖွင့်လိုက်သည်နှင့် စိတ်မသက်သာစရာ မြင်ကွင်းကို တွေ့မြင် လိုက်ရတော့၏။

မှိန်ပျပျထွန်းထားသည့်ဓာတ်မီးပုံးပေါ်မှ ညမီးရောင်ပြာပြာအောက် တွင် ဖေဖေသည် ခုတင်ထက်၌ လဲလျောင်းကာ အသက်ကို ပြင်းစွာရှူနေ ၏၊ ရင်အုံမှာ ဖားဖိုတစ်ခုကဲ့သို့ အတက်အကျမြန်စွာဖြစ်ပေါ်နေ၏။ ဟနေ သည့် ပါးစပ်တွင်းမှ သွားရည်တွေက ပါးပြင်ထက်သို့ စီးကျနေသည့်အပြင်



www.burmeseclassic.com

မြင်ရမှာအဖို့ စိတ်မသက်သာစရာကောင်းလှ၏။

“ဖေဖေ... ဖေဖေ ဘာဖြစ်လို့လဲ။ သမီး ဆရာဝန်ကို ခေါ်လိုက်ရမလားဟင်”

ခုတင်ဘေးနားသို့ အမောတကော ပြေးကပ်သွားပြီး စိုးရိမ်စိတ်ဖြင့် မေးလိုက်မိသည်။

ဦးတင်လှိုင်သည် ဦးခေါင်းကို ဖြည်းလေးစွာလှည့်ကြည့်သည်။ တစ်စုံတစ်ရာပြောလိုဟန်ဖြင့်လည်း ပါးစပ်မှာ တလှုပ်လှုပ်ဖြစ်လာ၏။

“သမီးလေး သီတာ”

ဖေဖေ့ဆီက ပိုးတိုးသဲ့သဲ့အသံထွက်လာ၏။

“ပြောပါ ဖေဖေ။ သမီး နားထောင်နေပါတယ်”

“ဖေဖေတော့ ဒီတောင်ကနေ ကျော်နိုင်တော့မယ် မထင်ဘူး။ သမီးအတွက် ဖေဖေ အရမ်းစိတ်ပူတယ်ကွယ်”

ဖေဖေ့အခြေအနေသည် တော်တော့်ကိုဆိုးဝါးနေပုံရ၏။ ပြောမည်ဆိုလျှင် နောက်ဆုံးအခြေအနေသို့ပင် ဆိုက်ရောက်နေပုံပေါ်သည်။

ဖေဖေ့ကိုကြည့်ပြီး သီတာ့ရင်မှာ မချိတင်ကဲဖြစ်မိသည်။ ဝမ်းနည်းပူဆွေးမှုတို့က စိတ်အစဉ်ကို စိုးမိုးလာ၏။ မျက်လုံးအိမ်ထဲကနေ



www.burmeseclassic.com



မျက်ရည်ပူတွေ ပါးပြင်ထက်သို့ စီးဆင်းလာ၏။

“ဘာမှဝမ်းနည်းစရာတော့ မရှိပါဘူးလေ။ လူဆိုတာမျိုးက သေမျိုးချည်းပဲဥစ္စာ။ အရင်သေရမှာနဲ့ နောက်မှသေရမှာ။ အဲဒါပဲကွာတယ်။ ဘယ်သူမဆို သေရတော့မယ်မှန်း သိလာတဲ့အခါကျရင် ကိုယ့်အတွက်ကို မပူဆွေးတတ်ဘူး။ အသက်ရှင်ပြီးကျန်ရစ်ခဲ့မယ့် ကိုယ့်မိသားစုအတွက်ပဲ ဝမ်းနည်းပူဆွေးပြီး [illegible] မှတ်တာပဲ။ ကြာခင် သေရတော့မှာဖြစ်တဲ့အတွက် ကျန်ခဲ့တဲ့လူတွေအတွက် ဘာမှမတတ်နိုင်တော့တဲ့အခြေအနေမှာမို့လို့ မျက်ရည်တွေကို သွန်ပုကတ်ကြတယ်။ အခုလည်း ဖေဖေဟာ ဖေဖေ့အတွက် ဘာမှမဖြစ်ဘူး။ ကျန်ရစ်ခဲ့မယ့် သမီးတို့အတွက် စိတ်မချဘူးဖြစ်နေတယ်။ ရင်ထဲမှာ ပူလောင်နေတယ်။ သမီးတို့ရဲ့ဖြစ်ရှုရေးကို တွေးပြီး ဖေဖေ စိတ်မကောင်းဘူး သမီးရယ်”

ဦးတင်လှိုင်သည် စကားတွေကို အဆက်မပြတ်ပြောနေ၍ [illegible] သူ ပြောနေသည့်စကားတွေကလည်း ကျန်ရစ်ခဲ့မည့် သူ့မိသားစုအတွက် သံယောဇဉ်အပြင်တန်းဝေမည့် ဝမ်းနည်းပူဆွေးမှုတွေနှင့်သာ ပြည့်[illegible] နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေရယ် ... စကားတွေ သိပ်ပြောမနေပါနဲ့။ ဖေဖေ မောနေမှာပေါ့။ ဖေဖေ ဘာမှမဖြစ်နိုင်ပါဘူး။ ဖေဖေ ခဏနေဦးနော်။ သမီး ဒေါက်တာဦးထွန်းဇော်ဆီကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်တော့မယ်"

ပြောပြောဆိုဆို သီတာသည် မိသားစုဆရာဝန်ဦးထွန်းဇော်အား ဖုန်းဆက်ခေါ်ယူဖို့ ထိုင်ရာမှ ထရပ်ဖို့ဟန်ပြင်လိုက်၏။

ဦးတင်လှိုင်သည် သီတာ၏လက်ကို လှမ်းဆွဲလိုက်ရာမှ . . .

"ဖေဖေပြောပြီးပြီပဲ သမီးရယ်။ ဖေဖေ့အခြေအနေကို ဖေဖေ သိတယ်။ သူ့ကို သွားပြီး ခေါ်နေလို့လဲ ဘာမှအကြောင်းထူးလာတော့မှာ မဟုတ်တာ။ အချိန်ရတုန်းလေး ဖေဖေပြောတဲ့စကားတွေကိုသာ သေသေချာချာနားစိုက်ပြီးထောင်ပါ သမီးရယ်။ ဖေဖေပြောမယ့်စကားတွေက သမီးတို့ ရှေ့ရေးအတွက် အရမ်းကို အရေးကြီးတယ်။ နောက်တော့မှ ဖေဖေ သေသွားတော့မှ ဒီအကြောင်းတွေကို အသိပေးမသွားရကောင်းလားဆိုပြီး ဖေဖေ့အပေါ်မှာ အပြစ်မမြင်စေချင်ဘူးလေ"

သူတို့အတွက် သိပ်ကိုအရေးကြီးသည့်စကားဟု ဆိုနေပါကလား။

ဘာစကားတွေပါလိမ့်။





ဖေဖေသည် ဒီအကြောင်းတွေကို အရင်တုန်းက ဖွင့်မပြောပြဘဲ ဝှက်ထားခဲ့ပုံရ၏။ ယခုတော့ ဖေဖေ့အနေဖြင့် နောက်ဆုံးအချိန်သို့ ရောက်ခဲ့ပြီမို့ ဒီအကြောင်းတွေကို ဖွင့်ပြောပြခဲ့ခြင်းပဲ ဖြစ်မည်ထင်သည်။

"ဖေဖေ ပြောစရာရှိတာကိုသာပြောပါ ဖေဖေ။ သမီး နားထောင်နေပါတယ်"

သီတာက ပြောခွင့်ပြုလိုက်သည့်နောက် ဦးတင်လှိုင်သည် အောက်နှုတ်ခမ်းသားကို လျှာဖြင့် လျက်သိမ်းကာ . . .

"မပြောမပြီး မတီးမမြည်ဆိုသလိုပေါ့ သမီးရယ်။ သမီးရဲ့မေမေ မရှိတော့တဲ့နောက်ပိုင်းမှာ ဖေဖေ့မှာ ရောဂါပေါင်းစုံနှိပ်စက်လာတာကို လည်း သမီး အသိပဲ။ အဲဒီအတွက် ဖေဖေရှာဖွေသမျှငွေတွေအားလုံးဟာ ဆေးဖိုးဝါးခနဲ့တင် အကုန်အကျများခဲ့တယ်။ အဲဒါကိုလည်း သမီး သိမှာပါ"

"သိပါတယ် ဖေဖေ။ ဘာဖြစ်လို့ အဲဒါတွေကို ပြန်ပြောပြနေရတာလဲ ဖေဖေရယ်"

"အေး . . . သမီး မသိသေးတာရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ဖေဖေဟာ နောက်ဆုံးမရှိသာအကာယ်သာဖြစ်ပြီး ဒီအိမ်ကို ဦးသန်း


www.burmeseclassic.com

www.burmeseclassic.com

မြင့်ဆိုတဲ့လူဆီမှာ ပေါင်ထားရတယ်ဆိုတာကိုပဲ"

"ဟင်"

သီတာ အံ့အားသင့်သွား၏။ စိတ်ထဲမှာလည်း ထင့်ခနဲဖြစ်သွားပါ။

ကြားလိုက်ရသောစကားက မယုံချင်စရာ။

ဖေဖေ့အခြေအနေသည် ဆိုးဝါးနေမှန်းတော့ သိသည်။ သို့တစေ ဒီအိမ်ကို ပေါင်နှံရလောက်သည်အထိ ဖြစ်လိမ့်မည်ကိုတော့ စိုးစဉ်းမျှ မမျှော်လင့်မထင်မှတ်ခဲ့ရိုးအမှန်။

"ဟုတ်တယ် . . . သမီး။ အစတုန်းက ဖေဖေ ထင်ထားတာက ဖေဖေ့ကျန်းမာရေးပြန်ကောင်းလာလို့ရှိရင် ဒီအိမ်ကို ပြန်ပြီးရွေးနိုင်းလိမ့် မယ်လို့ပေါ့လေ။ ဒါပေမဲ့ သမီးသိတဲ့အတိုင်းပဲ ဖေဖေ့ကျန်းမာရေးအခြေ အနေက မကောင်းလာတဲ့အပြင် ပိုပိုပြီးတော့တောင် ဆိုးလာတာ။ ပေါင် ထားကဲ့လူဆီကနေ ဒီအိမ်ကို မရွေးနိုင်တော့တဲ့အပြင် အတိုးတွေတက် တက်လာလိုက်တာ အခုဆိုရင် ဒီအိမ်ရဲ့ဈေးနှုန်းထက်တောင် ပိုပြီး များသွား ပြီ။ လူမှုရေးအရသာ ဦးသန်းမြင့်က ဖေဖေတို့ကို နေခွင့်ပေးထားတာ စာချုပ်ခုတော့ရှိတယ်။ တကယ်လို့ ဖေဖေ မရှိတော့ဘူးဆိုရင်တော့ သူက





သမီးတို့ကို ညှာတာတော့မယ် မထင်ဘူး။ သမီးတို့ကို ဒီအိမ်ကြီးပေါ်ကနေ ဆင်းခိုင်းတော့မှာ သေချာတယ်လေ"

ထိုအကြောင်းတွေကို အခုမှပဲ သိရတော့သည်။

သို့နှင့်အမျှ . . .

စိတ်ထဲမှာလည်း မကောင်းနိုင်အောင်ရှိရသည်။

သည်အိမ်ကြီးသည် အပေါင်ဆုံးဘဝသို့ ရောက်နေပြီပဲ။

ထို့အတွက် ဖခင်ဖြစ်သူအား အပြစ်မတင်လိုပါ။

သည်လိုအခြေအနေမျိုးသို့ရောက်လျှင် မည်သူမဆို သူ့ဖခင် ကဲ့သို့ ပြုမူမိကြမည်သာ။ စင်စစ် အသက်ရှင်ရေးထက် အခြားအရေးကြီး တာဆိုလို့ ဘာမှမရှိနိုင်။

တကယ်တော့ ဤအိမ်ကြီးတွင် သီတာကလေးငယ်ဘဝ အသက် ငါးနှစ်သမီးအရွယ်လောက်ကတည်းက စပြီး အခြေချနေထိုင်ခဲ့ ခြင်းဖြစ်သည်။ သက်တမ်းအားဖြင့် အနှစ်နှစ်ဆယ်နီးပါးပင် ရှိခဲ့ပြီ။ ထိုစဉ် တုန်းကတော့ ဖခင်ဖြစ်သူ၏စီးပွားရေး အခြေအနေက ဒီရေအလား တက် နေခဲ့၏။ ဤအိမ်ကိုလာသည့် နိုင်ငံရပ်ခြားသို့ ပြန်တော့မည့် နိုင်ငံခြားသား တစ်ဦး၏လက်ထဲမှ တစ်ဆင့် ဝယ်ယူထားခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

သီတာ့အသက်အရွယ်သည် နှစ်ဆယ်ကျော် ငါးနှစ်နီးပါးသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ကံကြမ္မာက ဤအိမ်ကြီးကို ကျောခိုင်းစွန့်ခွာရဖို့ အခြေအနေ ဖန်တီးခဲ့လေပြီ။

ခွဲခွာဖို့တော့ အတော်ခက်သား။

သို့သော် မတတ်နိုင်တော့ပြီ။

ကံကြမ္မာက ထိုအတိုင်း ဖန်တီးလာခဲ့ပြီမို့ သူတို့အနေဖြင့် ဘာများတော တတ်နိုင်ပါမည်နည်း။

ဦးတင်လှိုင်သည် အနိုက်အကာန်မှု အမောအပန်းဖြေပြီးနောက် စကားကို ဆက်ပြော၏။

"သမီးတို့အနေနဲ့ ဒီအိမ်ကြီးကို စွန့်လိုက်ရပေမယ့် အခြေအနေ မွဲဖြစ်သွားစရာ အကြောင်းတော့ မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိတ္တရမဟီမှာ ဖေဖေ ဝယ်ထားတဲ့ နောက်ထပ် အိမ်နဲ့ခြံရှိသေးတယ်"

လျှို့ဝှက်ချက်တစ်ခုကတော့ ပေါ်သင့်ပေါ်လာပြန်လေပြီ။

စိတ္တရမဟီတွင် ဖေဖေဝယ်ယူထားသည့် နောက်ထပ်အိမ်နှင့် ခြံ ရှိနေသေးသည်ဆိုပါကလား။





သည့်အကြောင်းကို ယခုမှ သိရ၏။

တကယ်တော့ ဖေဖေသည် အရာခပ်သိမ်းကို လျှို့ဝှက်ထားသည်ပဲ။

နောက်ထပ် မည်သည့်လျှို့ဝှက်ချက်တွေ ထပ်မံပေါ်ပေါက်လာဦးမည်မသိ။

သီတာသည် လှုပ်ရှားနေသော စိတ်ဖြင့် ဖေဖေ့ဆီက စကားသံကို အသာနားစွင့်ထားသည်။

"ဖေဖေ မရှိတော့တဲ့နောက်ပိုင်းမှာ သမီးတို့ မိသားစုအားလုံး အဲဒီစိတ္တရမဟီက အိမ်ကြီးဆီကို ပြောင်းပြီးနေကြပေါ့။ သမီးရဲ့အလုပ်နဲ့ အဲဒီအိမ်က နည်းနည်းအလှမ်းဝေးတယ်ဆိုပေမယ့် ကိုယ့်ကားနဲ့ကိုယ် သွားရင်တော့ အခက်အခဲမတွေ့နိုင်ဘူးပေါ့ သမီးရယ်။ ဖေဖေ့ဆီက ဒီအကြောင်းကို သိလိုက်ရလို့ သမီးလေး စိတ်ညစ်သွားပြီလား ဟင်"

သီတာသည် ဦးတင်လှိုင်၏ လက်တစ်ဖက်ကို ဆွဲကိုင်၍ ပါးပြင်တွင် အပ်ထားလိုက်ရာမှ . . .

"သမီးရဲ့စိတ်ထဲမှာ ဘာမှမဖြစ်ပါဘူး ဖေဖေ။ အရေးကြီးတာက ဖေဖေ့ကျန်းမာရေး ပြန်ကောင်းလာဖို့ပါ။ ဖေဖေ ဘာမှမဖြစ်အောင် သမီး


www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပါ့မယ် ဖေဖေ၊ ဖေဖေ သမီးတို့ကို ခွဲမသွားရဘူးနော်"

ဦးတင်လှိုင်၏ နှုတ်ခမ်းထောင့်စွန်းတွင် အပြုံးရိပ်ကလေးတစ်ရိပ် မသိမသာ ခိုတင်ငြိတွယ်ခဲ့သလို . . .

"လောကကြီးမှာ ကိုယ်ဖြစ်စေချင်သလို ဖြစ်ချင်မှ ဖြစ်တတ်တာမျိုးပဲလေ။ ဘယ်ကိစ္စမဆို သူ့အလိုကျအတိုင်း၊ သူ့ကံကြမ္မာလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြရတာချည်းပဲ။ ဘယ်သူမဆို ကိုယ့်အသက်အတွက် နှမြောကြတာချည်းပဲ၊ ဒါပေမဲ့ အချိန်တန်တော့လည်း မီးစာကုန်၊ ဆီခန်းသွားတော့လည်း ဘာတတ်နိုင်မှာတဲ့လဲ။ လူဆိုတာ ဖြစ်ချိန်တန် ဖြစ်ပြီး၊ ပျက်ချိန်တန် ပျက်ရမှာက ဓမ္မတာပဲလေ"

"ဖေဖေရယ် . . . စကားတွေ သိပ်မပြောပါနဲ့လား စကားတွေ ပြောလွန်းအားကြီးလို့ ဖေဖေ မောနေပါဦးမယ်"

"သမီးရဲ့မောင်လေးကိုလည်း ဒီကိုပြန်ခေါ်လိုက်ပါ။ သမီး သူ့ကို သမီးရဲ့ဘေးနားမှာပဲထားပါ။ ဖေဖေ မရှိတော့တဲ့နောက်မှာ သူဟာ သမီးအတွက် အားကိုးတစ်ခုဖြစ်လာမှာပါ"

သီတာ့မောင်လေး တင့်ဝေသည် အထက်သို့တက်၍ ကုန်ရောင်းကုန်ဝယ် လုပ်နေသူဖြစ်သည်။ အသက်မှာ နှစ်ဆယ်ပြည့်ခါနီး တစ်





နှစ်အရွယ်ဖြစ်သည်။ အသက်အရွယ်နှင့် မလိုက်အောင် လူကောင်က ထွားကျိုင်းသည်။ အိမ်တွင် စီးပွားရေးမပြေမလည်ဖြစ်နေသည်ကို သိနေသောကြောင့်လည်း အတန်းပညာ ခုနစ်တန်းနှင့် ထွက်ကာ အလုပ်လုပ်ကိုင်ပြီး တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရှာပေးနေသူလည်း ဖြစ်သည်။

လောလောဆယ်မှာတော့ ဖခင်ဖြစ်သူသဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ မိသားစုဆရာဝန်ဦးထွန်းဇော်အား ခေါ်ယူဖို့ စိတ်ဆုံးဖြတ်လိုက်ရာမှ ထိုင်ရာက ထရပ်လိုက်မိသည်။

"သမီး ဘာလုပ်မလို့လဲ"

ဦးတင်လှိုင်က လှမ်း၍မေးသည်။

"ခဏနော် ဖေဖေ၊ သမီးချက်ချင်း ပြန်လာခဲ့မယ်"

သီတာက ခါင့်ပန်၍ အခန်းအပြင်ဘက်သို့ ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"နေဦး သမီး . . . မသွားနဲ့ဦး။ သမီးကို နောက်ထပ်ပြောစရာ စကားတွေကျန်သေးတယ်။ အဲဒီစကားက စောစောက စကားတွေထက် ပိုပြီး အရေးကြီးတယ် သမီး"

သီတာစေ . . .



www.burmeseclassic.com

သီတာကတော့ ဒေါက်တာဦးထွန်းဖော်အား ခေါ်ယူဖို့ကိုသာ စိတ်အားထက်သန်နေသည်မို့ . . .

"ခဏနော် ဖေဖေ။ သမီး အခုပဲပြန်လာခဲ့မယ်။ သမီးပြန်လာတော့မှ ဖေဖေ့ဆီက စကားတွေကို တဝကြီးနားထောင်တော့မယ်နော်"

ဦးတင်လှိုင်သည် ဦးခေါင်းကိုသာ ယမ်းခါပြလျက် . . .

"မဟုတ်ဘူး . . . သမီး . . . မဟုတ်ဘူး"

သို့သော် သီတာသည် ဖခင်ဖြစ်သူ၏အပါးကနေ ခွာခဲ့သည်။ အိပ်ခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

"အူး . . . ဝူး . . . ဝူး"

အိမ်ရှေ့ဆင်ဝင်အောက်ဆီမှ ဂျက်ကီ၏ အူသံက အသည်းထိတ်စရာကောင်းလှ၏။

မိုးတွေ ထိုမျှရွာသွန်းနေသည့်ကြားထဲမှ ဂျက်ကီသည် ဘာကို တွေ့ပြီး ထိုကဲ့သို့ အူနေသည်လည်း မသိ။

ညဥ့်နက်သန်းခေါင်ကျော်နေပြီမို့ အပြင်ဘက်တွင် နာနာဘာဝကောင်တွေများ မြူးပျော်နေကြရောသလား။

ဂျက်ကီအူနေခြင်းနှင့် [illegible]၍ သီတာ့ဦးနှောက်ထဲသို့ မဆီမဆိုင် အတွေးများ ဝင်ရောက်နှောင့်ယှက်သည်။

သီတာသည် ဆရာဝန်ဦးထွန်းဖော်ထံသို့ အဆက်အသွယ်ပြုလိုက်သည်။

"ဒေါက်တာ . . . သီတာပါ။ အခု ဖေဖေ့အခြေအနေက သိပ်မကောင်းဘူး။ အဲဒါ အိမ်ကို အမြန်ဆုံးလာစေချင်တယ်"

"သိပ်ညဥ့်နက်နေပြီလေ သမီးရဲ့"

"မဟုတ်ဘူး ဒေါက်တာ။ ဘာပဲဖြစ်ဖြစ် ဒေါက်တာ အမြန်ဆုံး လာခဲ့ပါ။ ဒေါက်တာလာမှ ဖြစ်မယ်"

သီတာက အလောသုံးဆယ်ပြောလိုက်မိသည်။

"အင်းလေ . . . ကောင်းပြီလေ။ ဦးလိုခ်ဆိုရင်လဲ လာခဲ့မယ်"

သီတာ ဖုန်းချလိုက်သည်။

နောက်ဘက်သို့လှည့်လိုက်သည်နှင့် ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။ စိတ်ထဲမှာ အံ့ဩိုင်းမသိ လှုပ်ရှားသွား၏။

သူ့နောက်ဘက်တွင် မျက်နှာထား တင်းတင်းနှင့် ရပ်နေသည့် ခင်ပွန်းဖြစ်သူကိုသိန်းအောင်ကို တွေ့လိုက်ရသောကြောင့်ပဲ ဖြစ်သည်။

"ဘယ်လိုလဲ . . . မင်းရဲ့ကိစ္စတွေက အခုထက်ထိ မပြီးသေးဘူးလား"

www.burmeseclassic.com



သေးဘူးလား။ မင်းကို စောင့်ရင်းနဲ့ ငါတို့လည်း အိပ်ရေးပျက်တော့မယ် ထင်တယ်"

အရေးထဲ ကိုသိန်းအောင်ကလည်း တစ်မှောင့်။ တော်တော့်ကို အလိုက်ကမ်းဆိုး မသိတတ်လိုက်သည့်လူ။ ဖခင်ဖြစ်သူအတွက် ရတက်မအေးဖြစ်နေသည့်အချိန်များ မြွေပူရာ ကင်းကမောင့်နေပြန်၏။

ရုတ်တရက်ဆိုတော့ သီတာ ဒေါသထွက်သွားချင်၏။ သို့သော် ချက်ချင်းပင် စိတ်ကို ထိန်းချုပ်လိုက်ခဲ့ရာမှ . . .

"ဖေဖေ အသည်းအသန်ဖြစ်နေတယ်။ ဖေဖေ့အနားမှာ သီတာ မရှိလို့ မဖြစ်ဘူး။ အခုတောင်မှ ဆရာဝန်ကို ခေါ်ထားရဘယ်"

"အင်း . . . သူကလည်း ပြဿနာပဲ။ တစ်ခုခုကို ပြတ်ပြတ်သားသား ဖြစ်သွားရင်လည်း ကောင်းသေးတယ်။ အခုတော့ ဟိုမရောက် ဒီမရောက်နဲ့ ဒီအိမ်ထဲကလူတွေအားလုံး စိတ်ဒုက္ခရောက်နေရတယ်"

ကိုသိန်းအောင်၏စကားက တစ်မျိုးပင်။

ဖေဖေ့အတွက် နိမိတ်ပြစကားတွေလို ဖြစ်နေ၏။

"အခုဥစ္စာက သီတာ့ရဲ့ဖေဖေဆိုတာလည်း သတိရပါဦး ကိုသိန်းအောင်။ စကားပြောကောင်းသိုင်း ဖွတ်ပြောနေဖို့ မကောင်းပါဘူး။





ပြောစရာရှိရင်တောင် သီတာ့မျက်နှာကိုတော့ ထောက်ထားဖို့ ကောင်းပါတယ်"

"တော်စမ်းပါကွာ။ သူ့ကြောင့်နဲ့ပဲ ငါတို့မှာ ဘာအလုပ်မှ ဟုတ္တိပတ္တိ မလုပ်ရပါဘူး။ သူ့ကို စောင့်ကြည့်နေရတာနဲ့ပဲ အလကားနေရင်း အချိန်တွေကုန်နေတယ်"

အမှန်တော့ ကိုသန်းအောင်သည် အလုပ်ကို လက်ကြောတင်းအောင် လုပ်ကိုင်တတ်သူမဟုတ်။ ကားပွဲစားလိုလို၊ အိမ်ပွဲစားလိုလို၊ ဟိုယောင်ဒီယောင်နှင့် ယောင်ခြောက်ဆယ်သမားဖြစ်သည်။ မိဘပေးစားသောကြောင့် သီတာနှင့် ညားလို့ ကလေးနှစ်ယောက်သာရသွား၏။ ယနေ့ အချိန်အထိ မယ်မယ်ရရ အလုပ်အကိုင်ဆို၍ ဘာတစ်ခုမှ မရှိ။ သီတာ ဖွင့်ထားသည့် ရေးပေါင်းပစ္စည်းအရောင်းဆိုင်မှ ရသောဝင်ငွေလေးဖြင့်သာ သူတို့တစ်တွေ အသက်ဆက်နေကြရခြင်းဖြစ်၏။

"ရှင်ဟာ တော်တော်လူမဆန်တဲ့လူပဲ။ မိုက်ရိုင်းတဲ့နေရာမှာလည်း နှစ်ယောက်မရှိဘူး။ ရှင့်ကို ပေါင်းသင်းလာခဲ့ရတဲ့ဘဝ တစ်လျှောက်လုံး သီတာတို့မှာ ဘာတိုးတက်မှုမှ မရှိဘူး။ ကလေးနှစ်ယောက်သာ ရသွားတယ်။ ဒီကနေ့ ဒီအချိန်အထိ အိမ်နဲ့ပတ်သက်ပြီး ရှင်



www.burmeseclassic.com

www.burmeseclassic.com


ဘာတစ်ခုမှ ဟုတ္တိပတ္တိလုပ်ခဲ့တာ မရှိသေးဘူး။ အဲဒါကိုထားပါတော့ ရှင်ဟာ သီတာ တို့ကို အကူအညီမပေးတဲ့အပြင် အနှောင့်အယှက်တောင် လိုက်ပြီးပေး ချင်နေသေးတယ်။ ရှင့်ကို ပေါင်းရတာ သီတာ နာတယ်ရှင့် နာတယ်"

ဒေါသထွက်ထွက်နှင့်မို့ မထူးတော့ဆိုသည့်သဘောဖြင့် နင့်နင့် သီးသီးပြောပစ်လိုက်သည်။

ကိုသိန်းအောင်က နှုတ်ခမ်းကို မဲ့ပြီး ပြုံးလိုက်ရာမှ . . .

"အခုမှ မင်းက နာတယ်ဆိုတဲ့စကားကို ပြောလာပြီပေါ့လေ။ အေး . . . မင်းလိုပဲ မင်းနဲ့ပေါင်းသင်းနေရတဲ့ ငါလည်း နာတာပဲ။ မင်းနဲ့ ပေါင်းတော့မှ ငါ့ရဲ့လွတ်လပ်မှုတွေအားလုံး ဆုံးရှုံးခဲ့ရတယ်။ မင်းအဖေ လူ မမာကြီးနဲ့ပတ်သက်ပြီး တစ်ရှိန်လုံး ဘေးကနေ ငါလည်း စိတ်ညစ်တဲ့ ဒဏ်ကို ခံနေရတာပဲ။ မင်းပဲ စဉ်းစားကြည့်လေ၊ အခုလို ညမျိုးတွေ ကြုံ နေရတာ ဘယ်လောက်ကြာနေပြီလဲ။ မင်းတို့ကို ငါ ပြောခဲ့သားပဲ၊ ဒီအိမ် ကြီးကို ရောင်းချပြီး မင်းရဲ့အဖေအတွက် တစ်ခုခုလုပ်ပေးလိုက်ဖို့ကို"

"သီတာတို့က ဖေဖေ့အတွက် ဘာလုပ်ပေးရမှာတဲ့လဲ"

သူ့စကားအဓိပ္ပာယ်ကို သဘောမပေါက်သောကြောင့် ပြန်မေး မိသည်။

"ဆေးရုံမှာ သွားထားလိုက်ပေါ့ကွာ။ သူ့အတွက်လည်း စိတ်ချ ရတယ်၊ ငါတို့အတွက်လည်း ကောင်းသွားမယ်လေ၊ အခုတော့ မင်းဥစ္စာ က အိမ်နဲ့ထွင့်ရမယ့်ကိစ္စကို ပေါက်ဆိန်နဲ့ပေါက်ဖို့ လုပ်နေသလိုဖြစ်နေပြီ"

တစ်စတစ်စဖြင့် သီတာ့စိတ်တွေ ရှုပ်ထွေးလာသည်။

သူ့ဖခင်အတွက် နောက်ဆံတင်းနေရတာက တစ်မျိုး၊ မဆီ မဆိုင် ကိုသိန်းအောင်ကို ဖြေရှင်းချက်တွေ ပေးနေရတာ တစ်မျိုးမို့ အလို လိုနေရင်း သေချင်စိတ်တောင် ပေါက်မိတော့သည်။

"ဒီမှာ ကိုသိန်းအောင် . . . တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ကိုယ့်အိပ်ရာထဲသွားပြီး အေးအေးဆေးဆေး အိပ်နေလိုက်ပါလားရှင်။ ပြောစရာရှိတာကို မနက်အိပ်ရာက ထတော့မှ ပြောလည်း ရတာပဲရှင်။ လောလောဆယ်မှာ သီတာ့အတွက်က ဖေဖေပဲ အရေးကြီးနေတယ်"

မထူးတော့ပြီမို့ ဖြောင်အတိအလင်းပင် ပြောရတော့သည်။

"ဘာမှမထူးတော့တဲ့ဇာတ်လမ်းကြီးတစ်ခုကို ဘာဖြစ်လို့ အသက်သွင်းချင်နေရတာလဲ။ အခြေအနေပေးတုန်း အခွင့်အရေးရတုန်း ရလာတဲ့အခွင့်အရေးကို အမိအရ ဖမ်းဆုပ်ကိုင်လိုက်တာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မင်း တော်တော် ဦးနှောက်နည်းသေးတာပဲ သီတာ"

ကိုသိန်းအောင် ဘာကိုဆိုလိုမှန်း သီတာ သဘောမပေါက်မိ။

"အခွင့်အရေး . . . ဘာအခွင့်အရေးလဲ။ သီတာ ဘာမှသဘော မပေါက်ဘူး"

"အဲဒါကြောင့်ပြောတာ မင်းက ဆံ့လည်နွားလိုပဲ၊ အလုပ်နဲ့ အိမ်၊ အိမ်နဲ့အလုပ်၊ အဲဒီလောက်ပဲ စဉ်းစားနေတာ၊ ကိုယ်တိုးတက်ရာ တိုး တက်ကြောင်းကိုတော့ ဘယ်တော့မှ မစဉ်းစားဘူး။ ငါ ပြောတဲ့အခွင့် အရေးဆိုတာက အခုဆိုရင် မင်းအဖေက နောက်ဆုံးအချိန်ကို ရောက်နေ ပြီ။ သူ တစ်ခုခုဖြစ်မသွားခင် ဒီအိမ်ကြီးကို မင်းကို လွှဲပြောင်းပေးဖို့ကိစ္စကို အချိန်မီလုပ်ထားလိုက်ဖို့ ပြောတာ။ ဒီအိမ် မင်းရဲ့လက်ထဲကို ရောက်လို့က တော့ ငါတို့အနေနဲ့ တစ်ခုခုလုပ်လို့ရသွားပြီ။ ဒီအိမ်ကို ထုခွဲရောင်းချလိုက် လို့ကတော့ ငါတို့ရဲ့ဘဝရှေ့ရေးအတွက် အနည်းနဲ့အများတော့ အထောက် အကူ ရလာမှာ သေချာတယ်"

နှုရာဝဲစွဲ ရေနစ်သူ ဝါးကူထိုး၊ ဒုက္ခရောက်နေသည့် ယခုလို အချိန်မျိုးမှာပင် သူ့အတွက်ရဖို့လောက်သာ မျှော်မှန်းနေခဲ့၏။ သူ့မှာ လူ့မှ ရေးစိတ်ဓာတ် စိုးစဉ်းမျှ မရှိတော့ပြီ။





သီတာသည် ကိုသိန်းအောင်ကိုကြည့်ပြီး ရှုံ့ရာမုန်းတီးစိတ် ဝင် မိသည်။ စိတ်ထဲမှာ ဒေါသတို့ ထွက်ချင်လာ၏။ ဝမ်းနည်းစိတ်ကို မနည်း ကြီး မျိုသိပ်ပြီး ကိုသိန်းအောင်ကို ပြောမိသည်။

"ရှင်ဟာလေ သီတာတို့မှာ လူတစ်ယောက်အသက်မသေဖို့ အရေး အသည်းအသန် လုံးပန်းနေတဲ့အချိန်မှာ ရှင်ကတော့ ရပေါက် ရလမ်း အခွင့်အရေးကိုပဲ မျှော်လင့်နေတယ်။ နည်းနည်းလေးမှ လူ့စိတ် မရှိတဲ့လူ။ ရှင့်ကို လင်တော်မိတာကိုက သီတာ အရမ်းမှားသွားတယ်။ ဒီမှာ ကိုသိန်းအောင် . . ."

ဒေါက်ဆတ်ဆတ်လေသံဖြင့် ခေါ်လိုက်သည့်သီတာ့ကို ကိုသိန်းအောင်က မျက်ခုံးတစ်ဖက် ပင့်၍ ကြည့်ခဲ့ရာမှ . . .

"ဘာလဲ . . . ဘာပြောဦးမလို့လဲ"

"ဖေဖေမရှိတော့တာနဲ့ သီတာတို့အားလုံး ဒီအိမ်ကြီးပေါ်ကနေ ဆင်းရတော့မယ်ဆိုတာကိုရော ရှင်သိရဲ့လား"

"မင်း ပြောတာ ငါ နားမလည်ဘူး"

"ဖေဖေက ဒီအိမ်ကြီးကို လူတစ်ယောက်ဆီမှာ ပေါင်ထားတာ ရှင့်"


www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ကိုသိန်းအောင် တော်တော်အံ့အားသင့်သွားပုံပေါ်သည်။ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် အာမေဋိတ်သံ လွှတ်ထုတ်သည်။

သီတာက ကိုသိန်းအောင်ကို ကြည့်၍ မဲ့တဲ့တဲ့ပြုံးလိုက်လျက်

"ဟုတ်တယ် . . . ကိုသိန်းအောင်။ ဖေဖေ အိပ်ရာပေါ်မှာပြီး လဲကတည်းက ဒီအိမ်ကို လူတစ်ယောက်ဆီမှာ ပေါင်ထားတာ။ အခု ပြန်မရွေးနိုင်လို့ အတိုးတွေတက်လာတာ။ အခုဆိုရင် အတိုးကော အရင်းပါ ပေါင်းပြီး ဒီအိမ်ကြီးရဲ့တန်ဖိုးထက်တောင် ပိုကျော်သွားပြီ။ ဖေဖေရှိနေလို့ လူမှုရေးအရ ဟိုတစ်ဖက်က ဒီအိမ်ပေါ်ကနေ မောင်းမထုတ်သေးတာ။ ဖေဖေမရှိတော့ဘူးဆိုရင်တော့ သီတာတို့အားလုံး ဒီအိမ်ကြီးကို ထားပြီး ထွက်သွားရတော့မှာပဲ။ အဲဒီအကြောင်းတွေကိုတော့ ရှင် ဘာမှမသိသေးဘူး မဟုတ်လား ကိုသိန်းအောင်"

ကိုသိန်းအောင် တော်တော်တုန်လှုပ်သွားပုံရသည်။

သူ့အဖို့ ကြားလိုက်ရသောစကားတွေကြောင့် ကမ္ဘာပျက်သလို ခံစားလိုက်ရပုံပေါ်သည်။

"ဂျိမ်း . . . ဒိုင်း . . . ဒိုင်း"





နံရံကြိုင်းသံကြီးတစ်ချက်က ကြောက်မမန်းလိလိ ထွက်ပေါ်လာ၏။

လျှပ်ရောင်တန်းကလည်း ဝင်းခနဲ ပြက်လိုက်သည်။ အိမ်ကြီးတစ်အိမ်လုံး အဖြူရောင်တန်းသွား၏။

အပြင်ဘက် ဂျက်ကို့ဆီက တအီအီနှင့် အီနေသည့်အသံကိုလည်း ကြားရသည်။

အိမ်ရှေ့ဆီသို့ ထိုးဆိုက်လာသည့် ကားစက်သံ ကြားရသည်။

ဆရာဝန်ဦးထွန်းဖေ ရောက်လာပြီထင်သည်။

သီတာသည် ဝင်ပေါက်ဆီသို့ အလျင်အမြန် ပြေးခဲ့သည်။

စေ့ပိတ်ထားသည့် သံဘာဂျာတံခါးကို ဆွဲဖွင့်ပေးလိုက်၏။

"ဟော . . . မိုးကတော့ တော်တော်အေးတာပဲဟေ့။ မိုးအေးအေး နဲ့ဆိုတော့ တော်တော်အိပ်လို့ ကောင်းမယ့်အချိန်ပဲနော်"

ဆရာဝန်ဦးထွန်းဖေသည် နှုတ်မှ ပြောရင်း အိမ်ထဲသို့ ဝင်လာသည်။ ကိုယ်ပေါ်မှာ အနည်းငယ်တင်ကျန်နေသည့် မိုးရေစက်တွေကိုလည်း လက်ဖြင့် အသာသပ်ချသည်။ သူသည် အိပ်ရာကနေ ရုတ်တရက် ထလာခဲ့ရပုံပေါ်သည်။ အပေါ်ကနေ အနွေးထည်အင်္ကျီကို ဝတ်ဆင်ထားဆဲ။

သီတာက ဆရာဝန်ဦးထွန်းဖေလက်ထဲမှ ဆေးလက်ဆွဲအိတ်


www.burmeseclassic.com

www.burmeseclassic.com

ကို ကိုင်ဆွဲ၍ အပေါ်ထပ်သို့ တက်ရောက်ခဲ့သည်။ ကိုသိန်းဇော်ကတော့ သူတို့နောက်သို့ လိုက်မလာတော့ပါ။ အပေါ်ထပ်သို့ တက်ရောက်သွားသည့် ဆရာဝန်ဦးထွန်းဇော်နှင့် သီတာတို့ကို ကြည့်ပြီး ရပ်ကျန်ရစ်ခဲ့၏။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာလို့ပဲ ဆိုရလေမလားမသိ။
လင်းလက်နေသည့်မီးတွေက ရုတ်တရက် ပြတ်တောက်သွား၏။
အိမ်ကြီးတစ်အိမ်လုံး အမှောင်ကျရောက်သွား၏။ သိပ်သည်း
သမျှ နက်ရှိုင်းလှသော အမှောင်ထု။

"ဒုက္ခပဲ . . . အရေးထဲ မီးက ပြတ်သွားပြန်ပြီ"

သီတာက ညည်းညည်းညူညူပြောလိုက်မိသည်။

"ကိစ္စမရှိဘူး။ ဆေးအိတ်ရဲ့ရှေ့မှာ လက်နှိပ်ဓာတ်မီးရှိတယ်၊ အဲဒါကို ထုတ်လိုက်လေ"

သီတာသည် ဆေးအိတ်ရှေ့တွင် ထည့်ထားသည့် လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်ပြီး ခလုတ်ဖွင့်သည်။

နှစ်တောင့်ထိုးဓာတ်မီးမှ အလင်းရောင်ကို အထိုက်အလျောက်ရသည်။

သီတာသည် အိပ်ခန်းထဲသို့ အလျင်အမြန်ဝင်ခဲ့သည်။ ဦးတင်





ိုင်၏ ခုတင်ခေါင်းရင်းရှိ စာရေးစားပွဲခုံပေါ်မှာ တင်ထားသည့် နှပ်ဖချောင်း
ီး မီးချောင်းမီးအိမ်လေး၏ ခလုတ်ကို နှိပ်လိုက်၏။ တစ်ခန်းလုံး
အမှောင် ပျောက်၍ အလင်းရောင်ရသွား၏။ လက်နှိပ်ဓာတ်မီး မီးကို
ိုနေရာတွင် ပြန်လည်ထည့်ထားလိုက်၏။

ခုတင်ပေါ်မှ ဦးတင်လှိုင်သည် ငြိမ်သက်နေ၏။ မျက်လုံးအစုံကို
ည်း မှေးမှိတ်ထား၏။ သီတာ ဖခင်ဖြစ်သူအတွက် စိုးရိမ်သွားသည်။
အကူအညီတောင်းခံသလို ဆရာဝန်ဦးထွန်းဇော်ကို ကြည့်သည်။

ဆရာဝန်ဦးထွန်းဇော်သည် ဆေးအိတ်ထဲမှ နားကျပ်ထုတ်၍
ူးဘင်လှိုင်၏ရင်ဘတ်ကို စမ်းသပ်ကြည့်သည်။ သည့်နောက် ဦးတင်လှိုင်
၏ လက်ကို ကိုင်၍ သွေးကြောစမ်းသည်။

အလွန်ဆုံး ဆယ့်ငါးမိနစ်ခန့်သာကြာမြင့်မည်။ ဆရာဝန်
ူးထွန်းဇော်သည် နားကျပ်ကို ဆေးအိတ်ထဲ ပြန်ထည့်လိုက်သည်။
ဘဒ်အတွင်း နမူးပြင်ပေါ်တွင် စို့သီးထွက်လာသည့် ချွေးသီးချွေးပေါက်
တွေကို လက်ခုံဖြင့် တို့သုတ်ပြီး လေပူကို မှုတ်ထုတ်သည်။

"ဘာဖြစ်လို့လဲ ဆရာ"

သီတာသည် အမောတကောဖြင့် စိုးရိမ်တကြီး မေးလိုက်၏


www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဝမ်းနည်းပါတယ် သမီး။ သမီးရဲ့အဖေ အသက်မရှိတော့ဘူး"

ဆရာဝန်ဦးထွန်းဇော်က ထိုစကားကို တစ်လုံးချင်း ဖြည်းညင်းစွာ ပြောခဲ့သော်လည်း သီတာ၏နားထဲမှာတော့ သံရည်ပူနှင့်အလောင်းခံလိုက်ရသလို ခံစားလိုက်ရသည်။

ကြားလိုက်ရသည့်စကားကြောင့် ရုတ်တရက်ဆိုတော့ ကမ္ဘာမြေကြီး တစ်ခုလုံး အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားသလား မှတ်ထင်လိုက်မိသည်။

သူ့ဖခင်သည် သေဆုံးသွားလေပြီ။

သည်လူ့လောကကြီးထဲကနေ တစ်ခါတည်း အပြီးအပိုင် ထွက်သွားပါလေပြီ။

ရင်ထဲတွင် ဝမ်းနည်းတစ်ဆို့ဖြစ်ပြီး လူမှာ ကြောင်ငေးငေးကြီးဖြစ်သွား၏။ ငိုရကောင်းမှန်းလည်း မသိ။ မျက်ရည်ကျရကောင်းမှန်းလည်း မသိတတ်တော့။

ဆရာဝန်ဦးထွန်းဇော်သည် သီတာ့ကို ကြည့်ကာ သက်ပြင်းတစ်ချက်ချလျက် . . .





"ဆရာ စိတ်မကောင်းပါဘူးကွယ်။ ဆရာလည်း သမီးဆီက ဖုန်း ရရချင်း ချက်ချင်းပြေးလာတာပဲ၊ အချိန်မမီတာတော့ ဆရာလည်း ဘယ်လိုမှ မတတ်နိုင်ဘူးလေ"

သီတာသည် အိခန်နေအောင်ပင် အသံထွက်သည်အထိ ရှိုက်ကြီးတငင် ငိုချလိုက်မိတော့သည်။ မျက်နှာကို လက်ဝါးနှင့်အုပ်၍ အဆက်မပြတ် ငိုရှိုက်မိသည်။

ဆရာဝန်ဦးထွန်းဇော်သည် အားပေးသည့်သဘောမျိုးဖြင့် သီတာ၏ပခုံးတစ်ဖက်ကို လက်နှင့် အသာပုတ်၍ အခန်းထဲကနေ ထွက်သွား၏။

သီတာ့အဖို့ရာမှာတော့ ကျယ်ဝန်းသည့် မဟာကမ္ဘာကြီး ပျက်သုဉ်းပျက်စီးသည့်ညလို့ပင် ယူမှတ်မိသည်။ အားကိုးအားထားပြုရာ မဏ္ဍိုင်ကြီးတစ်ခု ရုတ်တရက် ပြိုကွဲပျက်စီးသွားသလိုလည်း စိတ်အာသီမှာ ခံစားမိလိုက်သည်။

ကိုသိန်းအောင် အခန်းဝသို့ ရောက်လာ၏။ ကိုယ်ကလေး သိမ့်သိမ့်တုန်မျှ ရှိုက်ကြီးတငင်ဖြင့် အဆက် မပြတ်ငိုကြွေးနေသည့် သီတာ့ကို ကြည့်ကာ ဦးခေါင်းတစ်ချက်ယမ်းခါ၍ အခန်းဝကနေ ပြန်လည်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သွားအံ့။

အပြင်လောကတွင် မိုးမင်းက အငြိုးကြီးစွာဖြင့် ရွာသွန်းနေဆဲ။ ဂျက်ကို့ဆီက ဒီဇံသံကလည်း အဆက်မပြတ်ထွက်ပေါ်နေဆဲ။ မိုးခြိမ်းသံကြီးတွေကလည်း တစ်ချက် တစ်ချက် ထွက်ပေါ်လာလိုက်သည်မှာ ကြောက်ခမန်းလိလိ။

သည့်ညသည် သီတာ့အတွက်တော့ ကမ္ဘာပျက်သောညပါတည်း။

❖ ❖ ❖





## အခန်း ( ၂ )
## မြေကျပြီးနောက်

ဖခင်ဖြစ်သူ၏အလောင်း မြေကျပြီးလို့ ရက်လည်ပြီးနောက် တစ်နေ့မှာ ပြဿနာက စတင်လာသည်ဟု ဆိုရမည်။

အသက်ငါးဆယ်အရွယ်ခန့်ရှိ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်က ဘေးကနေ အခြွေအရံ အသင်းအပင်း နှစ်ယောက်နှင့်အတူ အိမ်သို့ရောက်လာ၏။ ထိုလူဝကြီး၏လက်ထဲမှာလည်း အတ်ဲကိစ်ချိကေ့စ် တစ်လုံးကို ကိုင်ဆွဲလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တူမကြီးက ဦးတင်လှိုင်ရဲ့သမီး မသီတာမှတ်တယ်"

သီတာ့ကို တွေ့မတွေ့ချင်းမှာပင် ထိုလူဝကြီးက မေး၏။

"ဟုတ်ပါတယ်ရှင်။ ကျွန်မက သီတာပါပဲ"

"ဦးတို့ထိုင်မယ်နော်"

"ဟုတ်ကဲ့ . . . ထိုင်ပါရှင်"

သူတို့သုံးယောက်က ဧည့်ခန်းထဲရှိ ဆိုဖာထက်မှာ ဝင်ထိုင်လိုက်ကြ၏။ သီတာကလည်း သူတို့နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

"ဦးရဲ့နာမည်က ဦးသန်းမြင့်ပါ။ သူတို့နှစ်ယောက်ကတော့ ဦးရဲ့အလုပ်သမားတွေပဲဆိုပါတော့"

လူဝကြီးက သူ့ကိုယ်သူ မိတ်ဆက်သည်။

ဦးသန်းမြင့်ဟုဆိုလိုက်ကတည်းက ဖခင်ဖြစ်သူ ပြောထားသည့် စကားတွေကို ပြန်လည်သတိတရရှိလိုက်မိသည်။

သူ့ဖခင်ဖြစ်သူသည် ယခု သူ့ရှေ့တွင်ထိုင်နေသည့် ဦးသန်းမြင့်ထံတွင် အိမ်ပေါင်ထားသည့်အကြောင်း၊

ယခု သူတို့ရောက်လာ[illegible]သည်မှာလည်း ဤအိမ်ဖေါင်နှံထား





သည့်ကိစ္စကြောင့်ပဲ ဖြစ်မည် ထင်သည်။

အလိုလိုနေရင်း သီတာ့ရင်မှာ တင်းကျပ်သွားသလို ခံစားလိုက်ရသည်။

"ဦးတို့ ဒီကိုဘာဖြစ်လို့လာရတယ်ဆိုတာကို ဒီက သမီးအနေနဲ့ သိချင်လည်း သိမယ်။ မသိချင်လည်း မသိဘူးပေါ့လေ"

ဦးသန်းမြင့်က စကားကို ပဏာမနိဒါန်းပျိုးလိုက်ရုံရှိသေး၏။ သီတာက ဦးခေါင်းကို မသိမသာညိတ်လိုက်ရာမှ . . .

"ဒီအကြောင်းတွေအားလုံး ဖေဖေပြောပြထားလို့ သိနေပါပြီရှင်။ ဒီအိမ်ကိစ္စအတွက်လည်း ဦးတို့ ဒီကိုရောက်လာကြတာ မဟုတ်လား"

တည့်တိုးမေးလိုက်သည့် သီတာ့စကားကြောင့် ဦးသန်းမြင့်သည် ဦးခေါင်းကို ညိတ်ပြသည်။

ဟုတ်ပါတယ်ကွယ်။ သမီးတို့သိကဲ့အတိုင်းပဲ ဦးလည်း အတတ်နိုင်ဆုံးလိုက်လျောခဲ့တာပါပဲ။ သမီးရဲ့ဖေဖေ နေထိုင်မကောင်းလို့ပဲလေ ဆိုပြီးတော့ ဦးတို့ အတတ်နိုင်ဆုံး သည်းခံခဲ့တာပဲကွယ်။ အခုတော့ သမီးရဲ့ အဖေ ဦးတင်လှိုင်လည်း မရှိတော့ဘူးဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com


ထိုမျှဆိုလျှင်ပဲ သီတာ အလုံးစုံနားလည်သဘောပေါက်လိုက်ပြီး ဖြစ်သည်။

"ရပါတယ် ဦးလေး။ သီတာ နားလည်ပါတယ်။ ဖေဖေကလည်း ဒီအကြောင်းတွေအားလုံး ပြောပြထားပြီးသားပါ။ ဖေဖေ့ကိစ္စတွေပြီးတာနဲ့ သီတာတို့ ဒီကနေ ရွှေ့သွားဖို့ အစီအစဉ်လုပ်ပြီးသွားပါပြီ ဦးလေး။ ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့"

သီတာက ပြုံးမျက်နှာလေးဖြင့်ပင် ပြန်ပြောသည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍လည်း သူ့စိတ်ထဲမှာ မည်သို့မျှ မခံစားကြောင်း ပြသလိုက်ခြင်းလည်း ဖြစ်သည်။

ဦးသန်းမြင့်သည် သီတာ့ကို တော်တော်အားနာနေပုံရ၏။ မျက်နှာချင်းပင် မဆိုင်ဝံ့သလို ဦးခေါင်းငုံ့ထားလျက် လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေ၏။

"သမီးတို့ကို အချိန်တစ်ပတ်ပဲပေးပါ။ ဒီတစ်ပတ်ထဲမှာပဲ အပြောင်းအရွှေ့လုပ်ပေးပါ့မယ်"

သီတာက တောင်းပန်သံဖြင့် ပြောသည်။

ဦးသန်းမြင့်က ဦးခေါင်းကို ဖြည်းလေးစွာညိတ်ပြလျက် . . .

"ရပါတယ်။ ကဲ . . . ဒါဆို ဦးတို့ပြန်တော့မယ်"

"တစ်ခုခုတော့ သောက်သွားပါဦးလားရှင်"

"နေပါစေကွယ်။ ရပါတယ်။ သမီးတို့လုပ်စရာရှိတာကိုသာ လုပ်ပါ"

ပြောပြောဆိုဆို သူတို့သုံးယောက်က ထိုင်ရာမှ ထကာ အိပ်ခန်း ထဲမှ ထွက်သွားကြ၏။ သီတာသည် ထိုင်လက်စနေရာမှာပင် ဆက်လက် ထိုင်ကာ ငိုင်တွေနေမိသည်။

အိမ်ထောင်ဦးစီးတစ်ယောက် ကတိမ်းကပါးဖြစ်သွားသည်နှင့် မိသားစုအခြေအနေအားလုံး ယိုယွင်းရသည့်အဖြစ်ကို လက်တွေ့ခံစားနေရပြီဖြစ်သည်။ ထိုစဉ်က သည်လိုအခြေအနေဆိုးတွေနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ကို စိုးစဉ်းမျှ မမျှော်လင့်ခဲ့ရိုး အမှန်။ သွားမယ် လာဟယ် လုပ်ဟယ် ကိုင်ဟယ်နှင့် အရာခပ်သိမ်း အခြေအနေမယွင်းအပျက်ရှိခဲ့မည်ဟု မှတ်ထင်နေခဲ့ရာက အခုတော့လည်း ကံကြမ္မာမုန်တိုင်းက တစ်မျိုး တစ်ဖုံအပြောင်းအလဲလုပ်လိုက်ပြီဖြစ်သည်။ ဘဝတစ်ခုကို အခက်အခဲ နှင့် ကြမ်းတမ်းစွာ ဖြတ်သန်းဖို့နိဒါန်းပျိုးခဲ့ပြီဆိုကများမည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com


ဤသည်ပင် လူ့လောက သဘောသဘာဝဟု ဆိုရလေမည်လား မပြောတတ်တော့။

"သီတာ . . . မင်းတို့ရဲ့ကိစ္စဝိစ္စတွေအားလုံး ပြီးသွားပြီ မဟုတ်လား"

ကိုသိန်းအောင် ဖြစ်သည်။

ကိုသိန်းအောင်၏အသံက သီတာ့နားထဲမှာ ငှက်ဆိုးထိုးသံလို ဖြစ်နေသည်။

အတွေးအိပ်မက်မက်နေသည့် သီတာ ကိုသိန်းအောင်ကို ဆတ် ခနဲ မော့ကြည့်လိုက်မိသည်။

ကိုသိန်းအောင်သည် ညတုန်းက အပြင်ထွက်လည်ရာမှ ပြန်လာစဉ် သူ့ဆီက အရက်နံ့ တထောင်းထောင်းရနေသည်။ ယခုအချိန်အထိ သူ့ဆီကနေ အရက်နံ့ကို ရနေဆဲဖြစ်သည်။ မျက်လုံးအစုံကလည်း နီဝေဝေနှင့်။ နဂိုပုံမှန်အတိုင်းမရှိ။

"မင်းကို မေးနေတယ်လေ။ မင်းတို့ရဲ့ကိစ္စဝိစ္စတွေ ပြီးပြတ်သွားပြီလားလို့"

"ဟုတ်တယ်။ ပြီးသွားပြီ အဲဒါ ဘာဖြစ်လဲ"



နဂိုကမှ စိတ်တိုနေသည်မို့ ဒေါက်ဆတ်ဆတ်လေသံနှင့် အဖြေပေးလိုက်မိသည်။

"ရှင်းရှင်းပဲလေ မင်းတို့တစ်တွေက ဒီအိမ်ကြီးကနေ ဖယ်ရတော့မယ် မဟုတ်လား။ ဒီကနေ တော်တော်ဝေးတဲ့အဝေးတစ်နေရာကို လွင့်ရတော့မယ် မဟုတ်လား"

"ရှင် ဘာပြောချင်တာလဲ။ ပြောချင်တဲ့ကိစ္စကိုသာ တည့်တိုးပြောစမ်းပါ။ တခြားစကားတွေနဲ့ ရှည်ရှည်ဝေးဝေး မလုပ်ချင်စမ်းပါနဲ့"

"မင်းတို့သွားမယ့်နေရာကို ငါလိုက်နိုင်တော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ ခရီးထွက်စရာရှိနေတယ်"

ကိုသိန်းအောင်ကို ကြည့်ပြီး သီတာ နှုတ်ခမ်းကို မဲ့ရွဲ့လိုက်မိသည်။

"တော်စမ်းပါရှင်။ ရှင့်အကြောင်းတွေ မသိရင် ခက်မယ်။ ရှင်က ပါ့ကောင်မနဲ့ သွားနေတော့မှာ မဟုတ်လား။ ရှင် သီတာ့နားမှာ ဆက်နေတာ မဟုတ်လား။ အမှန်တော့ ရှင်က ဒီအိမ်ကြီးကို ရောင်းလိုက်လို့ရှိရင် သီတာရလာမယ့် အမွေတွေကို မျှော်ကိုးပြီးနေတယ်ဆိုတာ သီတာ အစကြီးတည်းက သိထားပြီးသား။ အခုတော့ ရှင် ထင်သလိုဖြစ်မလာ


www.burmeseclassic.com

www.burmeseclassic.com

တော့ဘူးဆိုတော့ သီတာတို့ကို ခွာသွားတော့မှာပေါ့လေ"

ကိုသိန်းအောင်က မျက်မှောင်ကြုတ်လိုက်လျက် . . .

"မင်းပြောနေတာတွေ ငါ ဘာတစ်ခုမှ နားမလည်ဘူး။ မင်းက ဘယ်က ကောင်မကို ပြောနေတာလဲ"

"တော်စမ်းပါရှင်။ ရှင်က သီတာ့ကို ငတုံးများမှတ်နေသလား။ သီတာ့မှာလည်း အပေါင်းနဲ့အသင်းနဲ့ပဲ။ ရှင့်ဘက် ဘယ်လိုခြေလှမ်းမျိုးပဲ လှမ်းလှမ်း သတင်းတွေအားလုံးက သီတာ့နားထဲကို ပေါက်ကြားပြီးသားပဲ။ ရှင်တွဲနေတဲ့ကောင်မရဲ့နာမည်ကိုလည်း ပြောပြရဦးမလား။ ယဉ်သူဇာလား . . . ဟင်း . . . ဟင်း . . . ဟင်း . . ."

ကိုသိန်းအောင်၏မျက်နှာ တင်းခနဲဖြစ်သွား၏။ နှုတ်ခမ်းနှစ်လွှာမှာ တင်းတင်းစေ့သွား၏။ ဒက်ထိမှန်လွန်းသောစကားမို့လည်း သူသည် ရုတ်တရက် စကားမပြောနိုင်ဘဲ ဖြစ်နေသည်။

"ရှင်က အဲဒီမိန်းမဆီ သွားချင်နေတာနဲ့ သီတာတို့ကို အပြစ်မရှိ အပြစ်ရှာနေတာ မဟုတ်လား။ ရှင်က အလုပ်ကိုသာ လက်ကြောတင်းအောင် မလုပ်ချင်တာ မိန်းမကျတော့ တစ်ယောက်ပြီးတစ်ယောက် ထည့်လဲလိုချင်နေတာ။ ရှင့်ကို ယူရတဲ့ မိန်းမကတော့ ကလေးရတာပဲ





အဖတ်တင်တယ်။ ကျန်တာတော့ ဘာမှတိုးတက်လာမှာ မဟုတ်ဘူး။ ရှင် သီတာတို့ကို လမ်းခွဲသွားလို့ကတော့ ဝမ်းနည်းလိမ့်မယ် မထင်နဲ့။ ခေါင်းပေါ်ရွက်ထားရတဲ့ အလေးအပင်ကြီးတစ်ခု အောက်ကို ပြုတ်ကျသွားရသလိုပဲ စိတ်ထဲမှာ ထင်မိတယ်။ ရှင် သွားပါ။ အေးအေးဆေးဆေးသွားနိုင်ပါတယ်။ အရေးကြီးတာက ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် သီတာတို့ကို လာပြီး မနှောင့်ယှက်ဖို့ပဲ။ အထူးသဖြင့် ကလေးနှစ်ယောက်နဲ့ ပတ်သက်ပြီး အကြောင်းမရှိ အကြောင်းရှာပြီး သီတာတို့ကို လာပြီး ဒုက္ခမပေးဖို့ပဲ။ အဲဒီတစ်ခုကိုတော့ အခုကတည်းက ရှင့်ကို တောင်းပန်ထားချင်တယ် ကိုသိန်းအောင်"

အမှန်ပင်။

သီတာ့စိတ်ကိုက ထိုနည်းအတိုင်းပဲဖြစ်သည်။

စိတ်နာကြည်းပြီ မုန်းပြီဟော့ဆိုလျှင် ထိုသူ့ကို နောက်လှည့်ကြည့်တမ်းပဲဖြစ်သည်။ ထပ်မံအဆက်အသွယ်မလုပ်စတမ်းပဲ ဖြစ်သည်။

ကိုသိန်းအောင် ခြေလှမ်းတွေ ပျက်နေသည့်အဖြစ်ကို သိနေသည်မှာ ကြာပြီဖြစ်သည်။ ကိုသိန်းအောင်နှင့် စပ်လျဉ်း၍ နာကြည်းစိတ်


www.burmeseclassic.com

www.burmeseclassic.com

ကို မျိုသိပ်ထားခဲ့သည်မှာလည်း ကြာပြီဖြစ်သည်။ နှုတ်ကနေ ဖွင့်ပြောမိလျှင် အကျယ်အကျယ် မငြိမ်းဖွယ်ပြဿနာတွေ တက်လာမည်စိုးသောကြောင့် အတွင်းစိတ်ဝေဒနာကို နှုတ်မှ ထုတ်မပြောမိအောင် ကိုယ့်စိတ်ကိုယ် ဖွတ်အတင်းထိန်းချုပ်ထားခဲ့သည်၊ ဒါကလည်း ကလေးတွေ မျက်နှာကြောင့်ဖြစ်သည်။ မိစုံ ဖစုံ မဖြစ်လဲ လူပုံအလယ်တွင် ကလေးတွေ မျက်စိသူငယ် နားသူငယ်ဖြစ်မှာကို သီတာ စိုးရိမ်သည်။

ယခုတော့မှ . . .

အခြေအနေက မထူးတော့သည့်အနေအထားမှာမို့ ရင်ထဲမှာ ထိန်းချုပ်ထားသမျှတို့ကို မကွယ်မထောက် ဖော်ထုတ်ပြောလိုက်မိသည်၊ ယခုအချိန်တွင် ကိုသိန်းအောင်ကို တားဆီးစကားဆိုနေလို့လည်း မည်သို့မျှ အကြောင်းထူးတော့မည်မှ မဟုတ်ဘဲလေ။

တကယ်တော့ . . .

ဖွတ်အတင်းထွက်သွားချင်နေသည့် လူတစ်ယောက်ကို တားဆီးနိုင်ဖို့ဆိုသည်ကလည်း အခက်သားကလား။

ကာလအတန်ကြာကပင် မျိုသိပ်ထားသည်များကို ရင်ဖွင့်ပြီး ဖော်ထုတ်လိုက်ရသောကြောင့် ရင်ထဲမှာ လေးလံနေသည်များ ပေါ့ပါး





ပြေပျောက်သွားဘိသို့ ရှိသည်။ စိတ်ထဲမှာ အစိုင်အခဲဖြစ်နေသည်များ လျော့ပါးသွားသလား မှတ်ထင်ရသည်။

အတန်ကြာသည်အထိ နှစ်ယောက်စလုံး စကားမဆိုဖြစ်ကြသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ နံရံကပ်မှ စုတ်တသပ်သပ်ပြုနေသည့် အိမ်မြှောင်စိုတ်ထိုးသံကိုပင် ကြားနေရသည်။

နှစ်ယောက်စလုံး အဆုံးအဖြတ်တစ်ခုခုကို မျှော်လင့်စောင့်ဆိုင်းသလိုရှိနေရာမှ ကိုသိန်းအောင်ဆီက စကားသံ ထွက်ပေါ်လာ၏။

"အင်းလေ . . . မင်းဘက်က ဒီအကြောင်းတွေအားလုံးကို သိနေပြီးမှတော့ ငါ့အနေနဲ့ ဘာမှထပ်ပြီး ဖြေရှင်းချက်ပေးနေစရာ မလိုတော့ဘူးပေါ့လေ။ တစ်ခုပဲရှိတယ်။ မင်းအနေနဲ့ ဒီကိစ္စကို ဘယ်လိုဆုံးဖြတ်ချင်သလဲဆိုတာကိုပဲ ငါ သိချင်တယ် သီတာ"

တကယ်တော့ . . .

ကိုယ့်အပြစ်ကို တခြားလူ့အပြစ်ဖြစ်အောင် ပုံချဖို့ စကားနိဒါန်းပျိုးလိုက်ခြင်းပဲဖြစ်သည်။

သီတာသည် နှုတ်ခမ်းကို မဲ့ရွဲ၍ ပြုံးလိုက်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com

"အခုအချိန်မှာ သီတာ ဘာကိုမှ မဆုံးဖြတ်တတ်တော့ဘူး။ သီတာ အရမ်းဦးနှောက်ခြောက်မနေတယ်။ ဖေဖေ့နေရာကို သီတာ ရောက်နေပြီ။ ဒီအိမ်သားတွေနဲ့ပတ်သက်ပြီး သီတာ အားလုံးတာဝန်ယူရတော့မယ့်အချိန် ရောက်နေပြီ။ လောလောဆယ် သီတာ အရေးကြီးဆုံးကိစ္စကိုပဲ စဉ်းစားဆုံးဖြတ်နိုင်မယ်။ ဒီအိမ်ကြီးက နေဘယ်လိုရွှေ့ပြောင်းရမယ်ဆိုတာပဲ သီတာ စဉ်းစားနေတယ်"

"ဒီလိုဆို ငါနဲ့ပတ်သက်ပြီး မင်းရဲ့ဦးနှောက်ထဲမှာ ဘာမှမရှိတော့ဘူးဆိုတဲ့သဘောပေါ့လေ ဟုတ်လား"

ကိုသိန်းအောင်က စကားအကျအနကောက်ပြီး မေးသည်။

"ရှင့်ကိုပြောပြီးပြီပဲ။ လောလောဆယ် သီတာ့ဦးနှောက်ထဲမှာ တစ်ခုပဲရှိနေပါတယ်လို့။ ဒီတာဝန်ကလည်း သီတာ့အတွက် အရမ်းကြီးလေးတယ်ဆိုတာကို ရှင်လည်း သိမှာပါ"

နားလည်သဘောပေါက်ရခက်သည့် လူတစ်ယောက်အား ရှင်းပြရသည်မှာ တော်တော့်ကို မလွယ်ပါလား။

"ကောင်းပြီလေ။ ဒီလိုဆိုလဲ ပြီးတာပဲ။ မင်းပဲ့က မင်းတို့အတွက်ပဲ စဉ်းစားနေပြီဆိုတော့ ငါကလည်း တစ်မျိုးတစ်ဖုံ စဉ်းစားရ





သေးတာပေါ့လေ"

မကျေမနပ်ရှိသည့်လေသံနှင့် ပြောပြီးနောက် ကိုသိန်းအောင်သည် အိမ်ထဲကနေ အိမ်အပြင်ဘက်သို့ ထွက်သွားတော့၏။

ဖခင်ဖြစ်သူ သေဆုံးသွားလို့မှ မကြာတတ်သေး ယခုတစ်ဖန် ခင်ပွန်းဖြစ်သူကလည်း သူတို့မိသားစုအား ဖယ်ခွာသွားပြန်ပြီဟု သိနားလည်လိုက်မိရာမှ ရင်ထဲမှာ လှိုက်တက်လာသည့် ဝမ်းနည်းစိတ်တို့ကိုလည်း တားမနိုင် ဆီးမရဖြစ်ခဲ့ရာမှ မျက်ရည်ပူတွေကို အဆက်မပြတ် သွန်ထုတ်ပြီး ကိုယ်ကလေး သိမ့်သိမ့်တုန်မျှ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။

မြေနိမ့်ရာလှံစိုက်၊ မြွေပွေရာ ကင်းမှောင့်၊ ဒုက္ခတွေ့နေသည့်လူတစ်ယောက်အဖို့ ထပ်ဆင့်ပြီး ဒုက္ခရောက်ဖို့ ကံကြမ္မာဖန်လာတတ်ပါလားဆိုသည်ကိုလည်း သိနားလည်လိုက်မိသည်။

မည်မျှကြာအောင် ငိုကြွေးနေမိသည်မသိ။

"မမသီတာ ဘာဖြစ်လို့လဲ"

မောင်လေးဖြစ်သူ တင့်ဝေ၏အသံကို ကြားရတော့မှ ပတ်ဝန်းကျင်ကို ပြန်လည်သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှိုက်ငိုနေခြင်းကို ရပ်တန့်သည်။ ပါးပြင်နှစ်ဖက်ပေါ်မှာ စွန်းထင်းနေသည့် မျက်ရည်စတွေကို လက်ခုံဖြင့် အလျင်အမြန်တို့သုတ်လိုက်ရာမှ . . .

"မင်းတောင် ပြန်လာမှကိုး။ ဒါထက် ညနေကျမှ ပြန်လာမယ်ဆို"

"ဟုတ်တယ် မမသီတာ။ အစတုန်းက ကျွန်တော် တွေ့ချင်တဲ့လူနဲ့ တွေ့ရင်တော့ မိုးအချုပ်ပဲ။ အခု သူနဲ့မတွေ့ရလို့ ချက်ချင်းပြန်လာတာ။ မမသီတာနဲ့ပ အစ်ကိုကိုသိန်းအောင် ဘာတွေဖြစ်နေကြလို့လဲ"

သီတာသည် ပျက်နေသည့်မျက်နှာထားကို ပြင်လိုက်သည်။

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး။ ဘာဖြစ်လို့လဲ"

"မသိပါဘူး မမသီတာရာ။ ကျွန်တော်က လှမ်းနှုတ်ဆက်တာကို အစ်ကိုကိုသိန်းအောင်က နှုတ်မဆက်တဲ့အပြင် ရှုစ်ခေါက်ချိုးမျက်နှာကြီးနဲ့ ပြန်ပြီးကြည့်သွားလို့ပါ။ အဲဒါ မမသီတာနဲ့များ တစ်ခုခုဖြစ်သွားသလားလို့ပါ"

သီတာသည် ဟန်လုပ်ပြုံးလေးဖြင့် . . .

"ဘာမှမဖြစ်ပါဘူးကွယ်။ သူက ခရီးထွက်ဖို့မြန်မယ်လေ။ အဲဒါ သူ ချိန်းထားတဲ့လူနဲ့တွေ့ဖို့ အချိန်နောက်ကျနေတာနဲ့ နှုတ်ဆက်ဖို့ အချိန်





မရဘဲ အမြန်ထွက်သွားတာနေမှာပေါ့ မောင်လေးရယ်"

ဖြေမယ့်သာဖြေလိုက်ရသည် တင့်ဝေကတော့ သိပ်ပြီး ယုံကြည်ပုံတော့မရ။

သူ့ဆီက သက်ပြင်းတစ်ချက်ချလိုက်သံကို သိသိသာသာကြီး ကြားရ၏။

တကယ်တော့ . . .

တင့်ဝေသည် အသက်နှစ်ဆယ်ကျော်လို့ နှစ်နှစ်စွန်းနေပြီ။ ဉာဏ်ပညာကောင်းသည်နှင့် အတန်းပညာကို တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သူဖြစ်သည်။ စိတ်ပညာဖြင့် ဘွဲ့ရထားသူဖြစ်သည်။ တော်ရုံတန်ရုံအဖြေမျိုးဆိုလျှင် သူသည် ယုံကြည်သက်ဝင်တတ်သူမဟုတ်ပေ။

ယခုလည်း . . .

စကားဆက်ပြီး မရှည်ချင်သောကြောင့် ဆက်ပြီး မမေးသော်လည်း သီတာ့စကားကိုတော့ သိပ်ပြီး ယုံကြည်လက်ခံဟန်မတူပါ။

"ဘာပဲဖြစ်ဖြစ်ပေါ့ မမသီတာရယ်။ အခုအချိန်မှာ ဖေဖေလည်း မရှိတော့ဘူးဆိုတော့ အားလုံး အဆင်ပြေအောင်နေနိုင်ကြရင် အကောင်းဆုံးပဲ။ ဖြစ်နိုင်ရင် သည်းခံနိုင်တဲ့ကိစ္စမျိုးဆိုရင် အတတ်နိုင်ဆုံး သည်းခံ



www.burmeseclassic.com

www.burmeseclassic.com



တာဟာ အကောင်းဆုံးပဲထင်တယ်”

တင့်ဝေက တစ်ချက်လှည့်နည်းဖြင့် သတိပေးစကားဆိုသည်။

“မောင်လေးတင့်ဝေ မသိသေးတဲ့ကိစ္စတွေ အများကြီးရှိသေးတယ်။ မင်းက အိမ်နဲ့ကင်းကွာပြီး အဝေးကို ရောက်နေတာဆိုတော့ ဒီက အကြောင်းကိစ္စတွေကို ဘာမှသိဦးမှာ မဟုတ်ဘူး။ မင်းအနေနဲ့ ဒီကကိစ္စတွေကို မျက်စိမှိတ် နားပိတ်ထားနိုင်လေ အကောင်းဆုံးဖြစ်မှာပဲ။ ဒါကို အသာထားပါ။ မင်း နေ့လယ်စာစားပြီးပြီလား”

သီတာက စကားလွှဲပြောင်းပြီး မေးလိုက်၏။

“လမ်းကနေ ဆီချက်ခေါက်ဆွဲ စားခဲ့တယ် မမသီတာ။ ဗိုက်ပြည့်နေပြီ။ ထမင်းစားလို့လဲရမှာ မဟုတ်တော့ဘူး”

“ဒီလိုဆိုလဲ ရေမိုးချိုးပြီး အခန်းထဲဝင်ပြီး အေးအေးဆေးဆေး အနားယူနေလိုက်ပေါ့ကွယ်။ ငါလည်း အိမ်အပြောင်းအရွှေ့ကိစ္စအတွက် စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်လေ”

စိတ်ရှုပ်ရှုပ်နှင့်မို့ တင့်ဝေမှာ သူ့အပါးကနေ နှင်ထုတ်ခံသည်။

“မသိလို့မေးပါရစေ”

တင့်ဝေ၏စကားကြောင့် သီတာ မျက်နှာတစ်ဖက် ပင့်ဟာင်





လိုက်မိရာမှ . . .

“မေးလေ . . . ဘာမေးမလို့လဲ”

“စိတ္တရမဟီက တော်တော်ဝေးသလား မမသီတာ”

သီတာက ဦးခေါင်းညိတ်ပြလိုက်လျက် . . .

“ဒီကနဲ့ နည်းနည်းတော့အလှမ်းဝေးတယ်။ မြို့အစွန်အဖျားကျတယ်။ ရွာကြီးတစ်ရွာလိုပဲ။ လူနေအိမ်ခြေကလည်း နည်းတယ်။ အဲဒီကို ရောက်ဖို့အတွက် တစ်မိုင်လောက်ရှည်တဲ့ ကြိုးတံတားတစ်ခုကို ဖြတ်ရသေးတယ်။ ဒီဘက်နဲ့ဟိုဘက်ကို ကြိုးတံတားက ဆက်သွယ်ထားတာ။ အောက်မှာတော့ ရေတော်တော်နက်တဲ့ ချောင်းတစ်ခုရှိနေတယ်လေ”

“မမသီတာ အဲဒီကိုရောက်ပြီးပြီလား”

တင့်ဝေကတော့ စစ်စစ်ပေါက်ပေါက်ကို မေးဖနသည်။

“ရောက်ပြီးပြီ။ ဖေဖေဆုံးပြီးနောက်တစ်နေ့မှာပဲ အိမ်ဂ ကားနဲ့ သွားပြီး ကြည့်ထားတာ။ မမသီတာတို့သွားပြီးနေရမယ့် အိမ်က ကြိုးတံတားရဲ့ထိပ်ဖျားမှာတင် ရှိတာ။ အတွင်းကိုရောက်တာထက်စာရင်တော့ နည်းနည်းတော့ တော်သေးတာပေါ့ကွယ်။ ဒါပေမဲ့ အဲဒီက လူတွေနဲ့ပတ်သက်ပြီး မမသီတာရဲ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ”



www.burmeseclassic.com

www.burmeseclassic.com

“ဘယ်လိုတစ်မျိုးကြီးလဲ မမသီတာ”

“သူတို့ဆီကို တခြားလူစိမ်းတွေ ဝင်လာမှာကို မကြိုက်တဲ့ မျက်လုံးတွေနဲ့ မမသီတာကို ဝိုင်းပြီးကြည့်လိုက်ကြတာ။ အခုချက်ချင်းပဲ သတ်တော့ဖြတ်တော့မယ့်အတိုင်းပဲ။ အဲဒီအကြည့်တွေကို အခုထက်ထိ မျက်စိထဲက မထွက်ဘူး။ အမလေး . . . အခုပြောရင်းနဲ့တောင် ကြက်သီးမွေးညင်းတောင်ထတယ် မောင်လေးရေ”

စကားအဆုံးတွင် သီတာသည် တကယ်ပင် ကြက်သီးမွေးညင်း ထသကဲ့သို့ ပခုံးနှစ်ဖက်ကို ကြုံ့ပြလိုက်မိသည်။

“အင်း . . . ပြဿနာပဲ။ ကျွန်တော်တို့တော့ ဟကယ့်နေရာကို ရောက်တော့မယ်နဲ့တူတယ်”

တင့်ဝေသည် တော်တော်ကြီးကို စိတ်ဓာက်ကျသွားပုံရသည်။ ၁... ပြောမိပြီးမှ မှားသွားပြီဖြစ်ကြောင်း သီတာ သိလိုက်၏။ ဒါကြောင့်လည်း ချက်ချင်းပင် စကားပြင်ပြောမိသည်။

“အိုကွယ် . . .အဲဒါကလဲ မမရဲ့စိတ်ထဲက ထင်လို့ဖြစ်ပါလိမ့်မယ်။ သူတို့က မမတို့ အထူးအဆန်းအနေနဲ့ လာကြည့်ကြတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့လေ။ ဘာဖြစ်လို့ [illegible] အဲဒီတုန်းက မမက စေတ်





ဆန်ဆန်ဝတ်စားသွားမိတာကိုးကွယ့် . . . ဟင်း . . . ဟင်း”

သို့သော် . . .

တင့်ဝေ၏မျက်နှာထားကတော့ နဂိုအတိုင်း တည်တည်ကြီးရှိနေဆဲ။

သီတာ ပထမဦးစွာပြောလိုက်သည့်စကားတွေက သူ့ဦးနှောက်ကို ကောင်းကောင်းကြီး အနှောင့်အယှက်ပေးလိုက်ပြီဆိုသည့်အဖြစ်ကို သီတာ ရိပ်စားမိလိုက်သည်။ သို့ဖြစ်လေရာ သီတာသည် စိတ်မောလှမော ဖြစ်လှစွာ သက်ပြင်းတစ်ချက်ကိုသာ လေးပင်စွာ ချလိုက်မိတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )
## စိတ္တရမဟီသို့

ပစ္စည်းပစ္စယတွေ တင်ဆောင်ထားသည့် ဒေါ့ဂျ်ကားက ရှေ့ကနေ သွားနေသည်။

သီတာကိုယ်တိုင် မောင်းနှင်နေသည့် မာစီဒီးကားနက်ကြီးကတော့ နောက်ကနေ လိုက်လာခဲ့သည်။

တင့်ဝေက သီတာ့ဘေးတွင် ထိုင်နေသလို ကလေးငယ်နှစ်ဦးဖြစ်သည့် နန္ဒနှင့် မေနှင်းတို့ကတော့ နောက်ခန်းထဲမှာ ကလေးငယ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဝီဝီ အပူအပင်အကြောင့်အကြ ကင်းစွာ ကားအပြင်ဘက်သို့ ငေးမော ပျော်မြူးရင်း လိုက်ပါလာခဲ့ကြ၏။ အသယ်လ်ဖေးရှင်းရွေးကြီး ဂျက်ကဒ်က တော့ ဘုရွေရနေ၏။ လျှာကြီးထုတ်ရင်း ငြိမ်သက်နေသည်။

စထွက်တုန်းက ရာသီဥတုက သာတောင့်သာယာရှိသော်လည်း လမ်းခရီးတစ်ဝက်သို့ ရောက်သည်နှင့် နေမင်းအလင်းရောင်က လုံးဝ ကွယ်ပျောက်သွား၏။ တိမ်စိုင်တိမ်လိပ်တို့ဖြင့် ကောင်းကင်တစ်ပြင်လုံး မည်းမည်းမှောင်သွားသည်မှာ နွားရှိုင်းအုပ်ကြီး ပြိုကျလာသည့်အတိုင်း ဖြစ်နေ၏။ မကြာမီ မိုးရွာတော့မယ့်အရိပ်အယောင်တွေ ထွက်ပေါ်လာသည်နှင့်အမျှ နောက်ဆက်တွဲဖြစ် ကိုရွှေလမင်းသားကလည်း လိုက်ပါလာတော့၏။ လမ်းပေါ်မှာ အမှိုက်သရိုက်နှင့် ဖုန်မှုန့်တွေပင် တလှောလှော ထလာ၏။ ဖုန်မှုန့်အချို့က ကားမှန်ပေါ်သို့ လာရောက်တင်ကျန်နေသည်မို့ ရှေ့မြင်ကွင်းမှာလည်း ပြတ်ပြတ်သားသား မရှိပါလေတော့။

"မမရေ...ရာသီဥတုကတော့ ချက်ချင်းလက်ငင်းကို ဖောက်ပြန်ချင်နေပြီထင်တယ်"

တင့်ဝေက ပြောသည်။





"ဒီလိုပေါ့ မောင်လေးရယ်။ ဘာတတ်နိုင်မှာတဲ့လဲ။ အခြေအနေ သိပ်မဆိုးခင် ဟိုကိုအမြန်ရောက်ဖို့ပဲ အရေးကြီးတယ်"

ချိုင့်ခွက်တစ်ခုကို တိမ်းရှောင်နေသလို ရှိသည်။

သီတာ၏စိတ်ထဲမှာ ထုံနေသလိုရှိသည်။

မည်သို့သော အခက်အခဲမျိုးကိုပဲကြုံတွေ့ရပါစေ စိတ်ထဲမှာ သိပ်ပြီးမခံစားမိတော့သလိုရှိသည်။ ဖြစ်လာသမျှ အခက်အခဲဒုက္ခအပေါင်းကို ရင်ဆိုင်ဖြေရှင်းဖို့ အဆင်သင့်ပြင်ဆင်ထားပြီးသလိုလည်း စိတ်အသိမှာ ခံစားနေရသည်။

ကောင်းကင်တပြင်လုံး မည်းမည်းမှောင်မယ့်သာ မှောင်နေသည်။ မိုးက တော်တော်နှင့် ရွာချမလာသေးဘဲ ရှိသည်။ လေရူးကသာ မွှနှောက်နေခဲ့ဖြစ်သည်။

"မမ ဆိုင်ကို အသွားအပြန်လုပ်ဖို့ တော်တော်ဝေးမှာပဲနော်"

တင့်ဝေက ပြောသည်။

သီတာက ပခုံးတွန့်ပြလျက် . . .

"ဘယ်တတ်နိုင်မလဲကွယ်။ ဆိုင်ကို မရောင်းရသေးခင် ဒီလိုပဲ ခရီးရှည်ကြီးကို အသွားအပြန်လုပ်နေရမှာပဲပေါ့လေ"


www.burmeseclassic.com

www.burmeseclassic.com



သီတာသည် မြို့သာယာဈေးကြီးထဲတွင် ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ကို ဖွင့်ထားသည်။ စိတ္တရမဟီကနေ မြို့သာယာသို့ သွားဖို့ဆိုသည်က ခရီးက အတော်လှမ်းသည်၊ အချိန်ကို တော်တော်လေးကို လုယူရမည်ဖြစ်သည်၊ ကိစ္စတော့မရှိပါ။ ကိုယ်ပိုင်ကားနှင့် အသွားအပြန် လုပ်ရမည်မို့ သိပ်တော့ပြဿနာမရှိနိုင်ပါ။ အချိန်ကြာသည်နှင့် မြန်သည်၊ ဒီတစ်ခုပဲ ကွာခြားမှုရှိမည်ဖြစ်သည်။

မိုးသည် အစိုးမရဆိုသည့်စကားသည် မှန်လွန်းပေစွ။

ကြိုးတံတားနားသို့အရောက်မှာပင် မိုးက ဆိုင်းမဆင့် ဗုံမဆင့် ရွာချလေတော့၏။

ရွာသည်မှ သည်းကြီးမဲကြီးဖြစ်သည်၊

အုံးအင်းသရောဖြစ်သည်။

ရေတော်တော်ပါသည့်မိုးဖြစ်သည်။

ကိုရွှေလေသရမ်းက စောစောကထက် ပိုပြီးပတ်ကြမ်းတိုက်လာ၏။ မှောမှောနှောက်နှောက်ပြုလာ၏။

ကြည့်စမ်း . . .

ရှေ့တွင် မြင်တွေ့နေရသည့် ကြိုးတံတားသည်ပင် အငြိမ်





အသက် မရှိတော့၊ လှုပ်လှုပ်ယမ်းယမ်းဖြစ်လာ၏။

"မမ"

"ဘာလဲ မောင်လေး"

"ကြည့်စမ်းပါဦး။ ကျွန်တော်တို့ကားနဲ့ ဖြတ်လို့ရပ့ါမလား။ ကြိုးတံတား လှုပ်နေတဲ့ပုံကိုက အသည်းသားဖို့ ကောင်းလိုက်တာ။ ဒီကနေ ကြည့်နေရင်းတောင် အသည်းတုန် ရင်ပန်းဖြစ်ချင်လာတယ်၊ ပြီးတော့ ကြည့်စမ်းပါဦး၊ ကြိုးတံတားက ကျဉ်းကျဉ်းကလေး၊ ကားတစ်စီးစီသာ သွက်သာရုံလေးပဲရှိတယ်။ တကယ်လို့ ကားသာ ကြိုးတံတားပေါ်မှာ ပျက်သွားလို့ကတော့ ဘာမှလုပ်လို့ရတော့မှာမဟုတ်ဘူး။ ကားတံခါးလည်း ဖွင့်မရ ပိတ်မရနဲ့၊ လူလည်း ထွက်မရနဲ့၊ ကူညီမယ့်လူရောက်မလာမချင်း ကားထဲမှာ ဒီအတိုင်း ထိုင်ပြီး ငုတ်တုတ်မိုးလင်းမှာ သေချာတယ်"

တင့်ဝေပြောသကဲ့သို့ပင် ကြိုးတံတား၏အကျယ်အဝန်းမှာ ဆယ်ပေပင်ပြည့်မည်မထင်၊ ကားလာစဉ် လူတစ်ယောက်အနေနှင့် ထို တံတားပေါ်သို့ ခြေချဖို့ပင်မလွယ်။

ထို့ထက်မှာမူ . . .

တံတားပေါ်မှာ ကားပျက်သွားလို့ကတော့ ဘာမှလုပ်၍ရတော့



www.burmeseclassic.com

www.burmeseclassic.com

မည်မဟုတ်။ ကားထဲမှာ ဒီအတိုင်းထိုင်ပြီး ကူညီမယ့်လူကို မျှော်တလင့်လင့်လုပ်နေရတော့မှာ သိပ်သေချာ၏။

ထိုကြိုးတံတားပေါ်မှာ ဖြတ်သန်းနေစဉ် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အစဉ်မပြတ်ရွတ်ဖတ်နေရမည် ထင်သည်။

ဖေဖေသည် ဒီလိုချောင်ကျကျနေရာမျိုးတွင် ဘာကြောင့် အိမ်ဝယ်ထားရပါလိမ့်ဟု မဆီမဆိုင် အတွေးပေါက်မိသေး၏။

မည်သို့ပင်ဖြစ်စေ . . .

အသုံးအဆောင်ပစ္စည်းပစ္စတွေ တင်ဆောင်ထားသည့် ဒေါ့ဂျ်ကားကြီးကတော့ အိပုံ့အိပုံ့ဖြင့် ထိုကြိုးတံတားပေါ်သို့ တက်ရောက်သွားပြီ ဖြစ်သည်။

ကြိုးတံတားက ပိုပြီးလှုပ်ယမ်းလာသလိုရှိသည်။

ဒေါ့ဂျ်ကားကလည်း အနည်းငယ် ယမ်းချင်နေသည်။

ကားမောင်းသူသည် ကားမောင်းတော်တော်ကျွမ်းကျင်ပုံရသည်။ ယမ်းချင်သလိုဖြစ်နေသည့် ကားကို မနည်းကြီး ထိန်း၍ မောင်းနှင်နေရှာ၏။

ထိုဒေါ့ဂျ်ကားကို နောက်ကနေ မြင်တွေ့နေရသည့် သီတာပင်





အသက်ရှူမှားပြီး စိတ်မောလူမောပင်ဖြစ်ချင်နေ၏။

"ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်။ မမြင်ရတဲ့ အနှောင်အဖွဲ့တစ်ခုခုက ကျွန်တော်တို့ကို လွှမ်းမိုးထားသလို ခံစားနေရတယ် မမ"

တင့်ဝေက ပြောသည်။ သူမျက်နှာသည် တစ်ခုခုဖြစ်မှာကို တွေးကြောက်သကဲ့သို့ ညှိုးမှိုင်နေ၏။

"အင်း . . . ခမောင်လေးကတော့လေ စိတ်ပညာသမားမို့လို့လား မသိဘူး။ စိတ်ကို အရမ်းဦးစားပေးတော့တာပဲကိုး။ စိတ်တစ်ခု ရုပ်ကိုးဆယ်ဆိုတဲ့စကားလည်း အရှိသားပဲကွယ်။ စိတ်ကို သိပ်ပြီးဦးစားပေးနေရင် ကိုယ်ပဲ စိတ်ထိခိုက်မှာပေါ့ ငါ့မောင်ရယ်။ မဆီမဆိုင်အတွေးတွေကို လျှောက်ပြီး မတွေးချင်စမ်းပါနဲ့လေ။ စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ။ ဒီကိုရောက်လာတာဟာ မမတို့အတွက် ဘဝတစ်ခုအပြောင်းအလဲဖြစ်ဖို့အတွက် ရောက်လာတယ်လို့ပဲ သဘောပိုက်ထားလိုက်စမ်းပါ ငါ့မောင်ရယ်"

စိတ်ထဲ ဘာမှမဖြစ်သလို တင့်ဝေအား စိတ်ဖြေသိမ့်စကား ဆိုလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com


တကယ်တမ်းကျတော့ သီတာ၏စိတ်ထဲမှာလည်း တစ်ခုခုကို စိုးရွံ့ထိတ်လန့်နေသလို ခံစားမိသည် အမှန်။

ဘာကိုစိုးရိမ်ထိတ်လန့်နေမှန်း မသိသော်လည်း မမြင်တွေ့နိုင်စွမ်းသော အင်အားကြီးမားသည့် ခြံထည်ကြီးတစ်ခုက သူတို့ကို လွှမ်းခြုံထားဘိသို့ စိတ်ထဲမှာ မှတ်ထင်နေမိသည်အမှန်။

တစ္ဆေသရဲဝိညာဉ် နာနာဘာဝလောကကို မယုံကြည်လိုသော်လည်း ထိုအရာတွေကို တွေးပြီး ကြောက်ရွံ့စိတ်အလိုလိုဖြစ်ပေါ်နေမိသည်။

မိုးမင်းက အငြိုးပြင်းစွာဖြင့် ရွာသွန်းနေသည်မို့ ရှေ့မြင်ကွင်းသည် တစ်စတစ်စဖြင့် မှုန်တိမှုန်ဝါးဖြစ်ချင်လာ၏။ ဝါးတစ်ရိုက်စာန့် အကွာအဝေးကိုပင် သိပ်ပြီးမမြင်တွေ့ချင်သလိုဖြစ်လာ၏။

ကြိုးတံတားပေါ်သို့ ကားဘီးခြေအရှမှာပင်ဖြစ်သည်။

ကားစက်သံသည် သိပ်မမှန်ချင်တော့သလိုဖြစ်လာ၏။ ဆီ သိပ်မလိုက်ချင်ဟန်ဖြင့် ကားစက်သံက တဂျစ်ဂျစ်ဖြစ်လာသလို။ ကားကလည်း ရှေ့သို့ ဆက်မသွားဘဲ တုန့်ခါလာ၏။

"အင်း . . . ဇာတ်လမ်းကတော့ စပြီထင်တယ် မမရေ"

တင့်ဝေက ပြောသည်။

သီတာက တင့်ဝေကို ဆတ်ခနဲလှည့်ကြည့်လိုက်လျက် . . .

"ဘာဇာတ်လမ်းစတာလဲ"

"ခြော် . . . မမကလည်း ကျွန်တော် စောစောတုန်းကပြောတဲ့ မမြင်နိုင်တဲ့အရာတစ်ခုခုဆိုတာလေ။ အခု အဲဒီအရာက ကျွန်တော်တို့ကို ညာပြုပြီနဲ့တူတယ်"

အရေးထဲ သူကလည်း တစ်မျောင့်။

အလိုလိုကမှ စိတ်တိုနေရသည့်အထဲ။ ဒေါသပါထွက်ချင်သွားပြီ၊ ဒါကြောင့်လည်း ငေါက်ဆတ်ဆတ်လေသံဖြင့် . . .

"အရေးထဲ မင်းကလည်း တစ်မျိုးပဲ။ ကားက ဘာမှဖြစ်တာ မဟုတ်ဘူး။ ဆီမလိုက်ချင်တာ။ အဲသလိုဖြစ်နေတာ ကြာလှပြီ။ တစ်ခါ ကလေးများဆို လမ်းမှာတောင် ထိုးရပ်သွားလို့ အောက်ဆင်းပြီး ဆီကို ပြန်ချူပေးလိုက်ရတယ်။ စက်က ပြန်မှန်သွားတတ်တယ်။ တခြား ဘာ ဒယောဂအနှောင့်အယှက်မှ ဝင်တာ မဟုတ်ဘူး"

ထိုစဉ် တစ်ချိန်လုံး ငြိမ်၍လိုက်ပါလာခဲ့သည့် ခွေးကြီးဂျက်ကီသည် တစ်ခုခုကို မြင်တွေ့ဟန်ဖြင့် ကားပြတင်းပေါက်အပြင်ဘက်ဆီသို့ အဆက်မပြတ် ထိုးဟောင်ပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဝုတ် . . . ဝုတ် . . . ဝုတ်"

တင့်ဝေသည် အောင်နိုင်ဘူအပြုံးမျိုးဖြင့် တစ်ချက်မှ ပြုံးလိုက်ရင်း . . .

"ဟဲ . . . လက်တွေ့ကျွေပြီမဟုတ်လား မမ။ တစ်ချိန်လုံး လိုက်လာတဲ့ ဂျက်ကီဟောင် အပြင်ဘက်ကိုကြည့်ပြီး ထိုးဟောင်နေပြီလေ။ ကျွန်တော်ပြောတာကို မယုံမရှိနဲ့ မမရေ။ ဒီနေရာတစ်ဝိုက်မှာ ကျွန်တော်တို့တစ်တွေ မမြင်တွေ့ရတဲ့ အင်အားကြီးမားတဲ့အရာတစ်ခုခု ရှိနေတာတော့ သေချာတယ်"

"တော်စမ်းပါ တင့်ဝေရေ။ ငါ့ကားအကြောင်းကို ငါပဲသိတယ်။ ဒီကားကို အင်ဂျင်မကိုင်ရတာလည်း တော်တော်ကြာနေပြီ။ တော်ရုံစက်ပူလာတာနဲ့ ထိုးရပ်ချင်နေတယ်။ အခုလဲ စက်ပူလို့ ဒါမှမဟုတ် ဆီပိတ်လို့ဖြစ်မှာပဲ။ မင်း အလကားနေရင်း အတွေးခေါင်မနေစမ်းပါနဲ့"

ဂျက်ကီသည် ထိုးဟောင်းခြင်းကို ရပ်တန့်သွားပြီဖြစ်သည်။ သို့တစေ တအီအီဖြင့် အီသံကိုပြုနေဆဲဖြစ်သည်။

"ကားကိစ္စကိုတော့ မမပြောသလိုပဲ ထားပါတော့။ မမတို့ရဲ့ဂျက်ကီထိုးဟောင်တဲ့ကိစ္စကရော ဘယ်လိုလဲ"





တင့်ဝေက ပြဿနာမရှိ ပြဿနာရှာပြီး ဂျက်ကီဘက်သို့ မြားဦးလှည့်သွားပြန်၏။

"ဒါကတော့ သူတစ်ခုခုကို တွေ့လိုက်လို့ဖြစ်မှာပေါ့"

သီတာက မယုတ်မလွန် အဖြေပေးကာ ကားစက်သံမှန်အောင်ကြိုးစားသည်။ စက်သတ်ပြီး စက်ပြန်နှိုးသည်။ လီတာကိုလည်း ဖိနင်းထားပေးလိုက်၏။ သည်တစ်ခါတော့ ကားစက်သံက မှန်သွား၏။

"မမရဲ့ကားနဲ့ မမပိတ်မိနေပြီနော်"

"ဘာကိုလဲ"

"ဂျက်ကီက တစ်ခုခုကို မြင်လို့ထိုးဟောင်နေတယ်ဆိုတာလေ။ ကျွန်တော်တို့ မမြင်ရတဲ့အရာကို သူက မြင်နေတယ်ဆိုတော့ အဲဒါ ဘာဖြစ်နိုင်မလဲ။ ရှင်းရှင်းလေးပါ မမရာ"

အခုအချိန်အထိ တင့်ဝေသည် တယူသန်ဖြစ်နေဆဲ။ သူ တွေးထင်ထားသည်တို့ကို အနိုင်အမာဖြစ်အောင် သက်သေထူနေဆဲရှိသည်။

သီတာသည် ဂီယာထိုး၍ ကားကို မောင်းထွက်လိုက်ရာမှ . . .

"ခွေးတွေရဲ့သဘာဝကိုက လေတိုက်တာတွေ့ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်တာပဲ။ မိုးရွာတာတွေ့ရင်လည်း ပေါင်တာပဲ။ အခုလဲ လေတိုး
တာရယ်၊ ငါတို့ကား ဝင်တာနဲ့ တံတားလက်ရမ်းတွေ လှုပ်နေတာ တွေ့
တယ် မဟုတ်လား။ အဲဒီတော့ ဂျက်ကီဆိုတဲ့ခွေးသတ္တဝါကလည်း လှုပ်
လှုပ်မြင်တာနဲ့ ထိုးဖေါင်ပြီပေါ့ တင့်ဝေရယ်။ အဲဒါ ဘာများဆန်းတာ
လိုက်လို့ . . . ဟင်း . . . ဟင်း"

သီတာက ဂျက်ကီ ထိုးဖေါင်ခြင်းနှင့် စပ်လျဉ်း၍ သဘာ
ကျကျ ဖြေရှင်းချက်ပေးလိုက်သော်လည်း တင့်ဝေကတော့ သိပ်ပြီးကျေ
နပ်ပုံမပေါ်။ မျက်နှာကြီးရှုပ်လျက် ဦးခေါင်းကို မသိမသာ ယမ်းခါနေသည်

သူတို့နှစ်ယောက် နောက်ထပ်စကားမဆိုဖြစ်ကြတော့ပါ။

တင့်ဝေက အတွေးဆိတ်သွားသလို သီတာကလည်း ကားကို
ဂရုတစိုက်ဖြင့် မောင်းနှင်နေသည်။

ခရီးရှည်ကြီးတပ်ခုကို မရပ်မနားဖြတ်သန်းနေရသည့်အတိုင်း
ပဲ ဖြစ်သည်။

ပျင်းရိငြီးငွေ့စရာကောင်းလောက်အောင်ပင် ကားက ကြိုး
တံတားပေါ်တွင် မှန်မှန်လေး ပြေးလျက်ရှိသည်။

ရင်ထိတ်စရာတော့ ကောင်းလှ၏။





မိုးက သည်းကြီးမဲကြီး ရွာသွန်းနေသည်မို့လည်း ကြိုးတံတား
အောက်မှ ချောင်း၏ရေအလျဉ်ကလည်း တဟဲဟဲဖြင့် အရှိန်အဟုန်
ကြီးစွာ စီးဆင်းနေသည်။

မပြောကောင်း မဆိုကောင်း ကြိုးတံတားပေါ်ကနေ အောက်သို့
ပြုတ်ကျသွားလို့ကတော့ အသက်ရှင်ဖို့ဆိုတာ ဝေးလို့ အရိုးအသား
တောင် ရှာတွေ့မည်မထင်။

တံတား၏အဆုံးသို့ရောက်ဖို့ အတော်ကြီးကို မောင်းနှင်နေရ
သည်။ အရေးထဲ ရေသုတ်တံမိုက်ပါကလည်း သိပ်ပြီး အလုပ်မလုပ်ချင်။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ ရွာသည့်စကားသည် မှန်များ
နေရော့သလား မသိ။

သည်ရက်ပိုင်းအတောအတွင်းမှာ လုပ်တိုင်း မအောင်မြင် ဖြစ်
နေသည်။ အရာခပ်သိမ်းက အဆင်ပြေချောမွေ့ခြင်းမရှိဘဲဖြစ်နေ၏။

ယခုလည်းကြည့်လေ . . .

အခက်အခဲမရှိသည့်လမ်းတစ်ခု ဖြောင့်ဖြူးခြင်းမရှိ ဆိုသလို
ပင်၊ ကြိုးတံတားအဆုံးအထိ မောင်းပြီးသည်နှင့် လမ်းပေါ်ရောက်ဖို့
အတွက် ဒေါ်ဂျစ်ကားမှာ ရှေ့ကနေ အရှိန်ယူနေရသည်မှာ အတော်ကြာ



www.burmeseclassic.com

www.burmeseclassic.com

သည်အထိဖြစ်သည်။ ကြိုးတံတား၏ အဆုံးလမ်းပေါ် မရောက်ခင် ကုန်းကမူတစ်ခုနှင့် ကြုံတွေ့နေရသောကြောင့်ပဲ မဟုတ်လား။

မိုးရွာထားသောကြောင့် လမ်းတို့မှာ ချော်မွတ်နေရသည့်အထဲ ထိုကုန်းကမူကို ကျော်ဖြတ်နိုင်ဖို့အတွက်ဆိုသည်မှာ ကုန်ပစ္စည်းအပြည့်နှင့် ဒေါ်ဂျစ်ကားအနေဖြင့် မနည်းကြီးကို အားယူကြိုးပမ်းနေရ၏။

သီတာသည် ကားစက်သတ်ကာ ဒေါ်ဂျစ်ကား ကားလမ်းပေါ် ရောက်သည်အထိ စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေလိုက်သည်။

ဒေါ်ဂျစ်ကားသည် အရှိန်ယူပြီး ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နှင့်မို့ ကားစက်ခေါင်းထဲကနေ မီးခိုးငွေ့တွေပင် ထွက်လာတော့၏။

သို့သော် . . .

နောက်ဆုံးတော့လည်း ဒေါ်ဂျစ်ကားသည် ထိုကုန်းကမူလေးကို ကျော်လွှားကာ ကားလမ်းပေါ်သို့ ရောက်သွားတော့၏။

"ဟူး . . . တော်ပါသေးရဲ့"

အသက်ရှူဖို့ပင် သတိမရဘဲ စောင့်ထားသမျှ ဒေါ်ဂျစ်ကား လမ်းပေါ်သို့ ရောက်သွားတော့မှပင် တင်ဝေသည် လေပူတွေကို မှုတ်ထုတ်ရင်းမှ ပြောသည်။





သီတာကိုယ်တိုင်လည်း ဟင်းခနဲနေအောင်ပင် သက်ပြင်းချလိုက်ရာမှ ကားစက်ကို နှိုးလိုက်၏။ ထို့နောက် ဒေါ်ဂျစ်ကားနောက်သို့ လိုက်ခဲ့၏။ မာစီဒီးကားက ဒေါ်ဂျစ်ကားကဲ့သို့ ဒီပိပြီးအခက်အခဲမတွေ့ရပါ။ ကားဦးမော့ရုံ မော့ကာ ထိုကုန်းကမူလေးကို ကျော်ပြီး ကားလမ်းပေါ်သို့ ချောမွေ့စွာ ရောက်ရှိသွား၏။

ကြိုးတံတားကို ကျော်ဖြတ်လို့ သိပ်ပြီးမမောင်းလိုက်ရပါ။ ရှေ့ဆီတွင် ရှေ့တံခါးတွေ ပွင့်ဟစီးယိုယွင်းနေသည့် ခြံကျယ်ကြီးတစ်ခုအလယ်မှ ရေးဆန်ဆန်နှစ်ထပ်အိမ်ကြီးတစ်လုံးကို မြင်တွေ့လာရသည်။ ဒေါ်ဂျစ်ကားက ထိုခြံကျယ်ကြီးကို ကျော်ဖြတ်သွားမည်ပြုရာ . . .

"ဟာ . . . ဒုက္ခပဲ။ မမဟို့နေမယ့်အိမ်ကို ကျော်တော့မယ်ထင်တယ်"

သီတာသည် နှုတ်မှ ညည်းညူရင်း ဟွန်းကို အဆက်မပြတ် တီးလိုက်မိတော့၏။

မာစီးဒီးကားဆီမှ ဟွန်းသံကြောင့်ထင်သည် ဒေါ်ဂျစ်ကားက ဘွဲ့ခနဲရပ်သွား၏။ ကားနောက်ခန်းတွင် ပစ္စည်းတွေနှင့်အတူ လိုက်ပါလာသည့် အကူချာတိတ်လေးက နောက်သို့လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

တင့်ဓေသည် ကားပြတင်းပေါက်မှတစ်ဆင့် လက်ကို အပြင်သို့ ထွက်၍ ထိုခြံကျယ်ကြီးထဲသို့ ကားဝင်ဖို့ အချက်ပြလိုက်၏။ ထိုသည် တော့မှပင် ဒေါ်ဂျစ်ကားသည် နောက်ပြန်ဆုတ်၍ ခြံထဲသို့ဝင်လိုက်တော့ ၏။ သီတာကလည်း ခြံထဲသို့ ကားကို ထိုးသွင်းကာ ဒေါ်ဂျစ်ကားနှင့် ဘေးချင်းယှဉ်ပြီး ရပ်လိုက်၏။

ကားသံတွေကြောင့်ထင်သည် ခြံစောင့်ဖြစ်ဟန်တူသူ အသက် ငါးဆယ်အရွယ်ခန့်ရှိ ဆံပင်ဖြူဖြူ၊ ခါးကိုင်းကိုင်း ကိုယ်ခန္ဓာ ပိန်ပိန်ပါးပါး နှင့် လူကြီးတစ်ယောက်က ခြံနောက်ဘက်ကနေ ထီးစုတ်ကလေး ဆောင်း၍ ထွက်လာ၏။

ထိုလူကြီးမှာ သီတာ၏ဖခင် ဦးတင်လှိုင် ခန့်အပ်ထားသည့် ခြံ စောင့်ဖြစ်သည်။ အမည်မှာ ဦးအောင်မြင့်ဖြစ်သည်။

"ကားသံကြားကတည်းက ဒီအိမ်ကြီးရှင်တော့ ရောက်လာပြီ လို့ ထင်လိုက်မိသားကွဲ့"

ဦးအောင်မြင့်က ကားဘေးနားသို့ တိုးကပ်လာပြီး သီတာ့ကို လှမ်းပြောသည်။

"ထွက်လာတာတော့ မနက်ကတည်းက ထွက်လာတာပဲ





ဦးလေးရေ။ ခရီးက လမ်းမှာကြာသွားတာ"

သီတာသည် ပြောရင်း ကားနောက်ခန်းထဲမှာ ထည့်ထားသည့် ခေါက်ထီးကိုယူကာ ဖွင့်၍ ကားအပြင်ဘက်သို့ ထွက်လိုက်၏။

ဦးအောင်မြင့်သည် မည်းမည်းမှောင်နေသည့် မိုးကောင်းကင် ပြင်ဆီသို့ မော့ကြည့်ရင်း . . .

"အင်း . . . သမီးတို့ရောက်လာတာကလည်း တကယ့်ကို အချိန်ကောင်းပဲကိုးကွယ့်။ ပစ္စည်းတွေ အတင်အချလုပ်မယ်ဆိုရင်လည်း မြန်မြန်ဆန်ဆန်လုပ်ကြကွယ့်။ ဒီမိုးက မလွယ်ဘူး။ မတိတ်တဲ့အပြင် သဲပြီးတော့တောင် သည်းကြီးမဲကြီးရွာချမယ့်ပုံစံပဲ။ ပစ္စည်းတွေ ရေမစိုဖို့ အရေးကြီးတယ်"

"ဦးလေး အိမ်တံခါးသော့ဖွင့်ပေး ဦးလေး"

သီတာက သတိပေးလိုက်၏။

ဦးအောင်မြင့်က အိမ်တံခါးသော့မဖွင့်ရသေးသည်ကို သတိရ သွားဟန်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"အေး . . . ဟုတ်သားပဲ။ ပစ္စည်းတွေချဖို့သာ ပြောနေတာ အိမ်တံခါး သော့ဖွင့်ပေးဖို့ကျတော့ မေ့နေတယ်။ ဒီလိုပဲကွယ် အသက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးလာရင် ကောင်းကို မကောင်းဘူး။ သတိက ဟိုမှ ဒီမှနဲ့"

သူ့ကိုယ်သူ အပြစ်တင်ရင်း ဦးအောင်မြင့်က ခါးကြားတွင် ထိုး ထားသော သော့တွဲကိုထုတ်ကာ အိမ်တံခါးဖွင့်ဖို့ ထွက်သွား၏။

သီတာက ဦးအောင်မြင့်နောက်ကနေ လိုက်ခဲ့၏။

အိမ်တံခါးကို ခတ်ထားသည့် သော့ခလောက်ကြီးမှာ တော်တော် ကြီးမားလှ၏။

ဦးအောင်မြင့်က ထိုသော့ခလောက်ထဲသို့ သော့တံထိုးသွင်း၍ လှည့်ဖွင့်၏။ ဒါပေမဲ့ သော့ကပဲမှားနေသည်လား မဖွင့်ရဘဲကြာလို့ သော့ခလောက်ကြီးကပဲ သံချေးကိုက်နေ၍လား မပြောတတ်။ သော့ခလောက်ကြီးမှာ ဖွင့်၍မရဘဲ ဖြစ်နေ၏။

"ဒီသော့ ဘာဖြစ်နေသလဲ မပြောတတ်ဘူး။ အခါတိုင်း ဖွင့်လိုက်ရင် တစ်ချက်တည်းနဲ့ ချောက်ခနဲအသံပေးပြီး ပွင့်သွားတတ်တဲ့ ဥစ္စာ။ ဒီကနေ့ကျမှ သူ ထူးထူးဆန်းဆန်း ခက်ခက်ခဲခဲဖြစ်နေရတယ်လို့။ အင်း . . . တစ်ခုခုတော့ တစ်ခုခုပဲ"

ဦးအောင်မြင့်၏စကားကြောင့် သီတာ၏ ကျောတစ်ပြင်လုံး အေးခနဲ စိမ့်တက်သွားသလို ခံစားလိုက်ရသည်။ ဘာရယ်မဟုတ်သော်





လည်း လမ်းခရီးတွင် ပြောခဲ့သည့် တင့်ဝေ၏စ...တို့ကို ပြန်လည် ကြား ယောင်မိလိုက်ရာမှ မျက်စိမျက်နှာပျက်သွားမိတော့၏။

တင့်ဝေပြောသလိုများ ဖြစ်နေရော့သလားဟုလည်း အတွေး ပေါက်မိလိုက်ရာမှ စိတ်ဓာတ်ပင် ကျချင်သလိုဖြစ်သွား၏။

သူတို့ကို ကြည့်၍ စိတ်မရှည်ဟန်ဖြင့် တင့်ဝေသည် ကားတံခါး ဖွင့်ဆင်းကာ သူတို့နားသို့ ပြေးကပ်လာ၏။

"ဘာဖြစ်လို့လဲ မမ"

ဦးခေါင်းကို လက်ဖြင့်မိုး၍ ကာထားသလို ရပ်ရင်း တင့်ဇေက မေးသည်။

"ဘာဖြစ်လို့လဲတော့ မသိဘူး။ သော့က ဖွင့်လို့မရဘူး ဖြစ်နေ တယ်"

သီတာက စိတ်ပျက်သလို ခပ်ညည်းညည်းပြောလိုက်မိသည်။

"မဟုတ်သေးပါဘူးကွယ်။ ဒီသော့က အမြဲတမ်း ပွင့်နေကျပါ။ ဒီလောက်ကြပ်ကြပ်တည်းတည်းလည်း တစ်ခါမှ မဖြစ်မိပါဘူး။ ဒီကနေ့ ကျမှ ခက်ခက်ခဲခဲကို ဖြစ်နေတာ။ ဦးလေးရဲ့စိတ်ထဲမှာတောင် တစ်မျိုးကြီး ဖြစ်လာမိတယ်"


www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မြင့်သည် သော့ခလောက်တွင်းမှ သော့တံကို ထုတ်ပြီး စိတ်ပျက်သလိုပြောသည်။

“ဦးလေး သော့များမှားပြီး ဖွင့်နေသလားမှ မသိတာ”

သီတာ ပြောသည်ကို ဦးအောင်မြင့်က ဦးခေါင်းခါပြလျက် . .

“ဒီအိမ်ရဲ့သော့က သုံးချောင်းတည်းရှိတဲ့ဥစ္စာ။ ကျန်တဲ့နှစ်ချောင်းက အထဲက အိပ်ခန်းတံခါးတွေကို ဖွင့်ရတဲ့သော့တံအသေးလေးတွေ။ ဒီသော့ခလောက်ကြီးကို ဖွင့်လို့ရတဲ့သော့ဆိုလို့ သော့တံအကြီးတစ်ချောင်းပဲပါတဲ့ဥစ္စာ။ ဘာများမှားစရာရှိမှာတဲ့လဲ”

ဦးအောင်မြင့်ပြသည့် သော့တံသုံးချောင်းကို ကြည့်ပြီး သီတာ့ရင်ထဲမှာ တင်းကျပ်သလိုဖြစ်သွား၏။

“ထူးဆန်းတာတော့ တော်တော်ကလေးကို ထူးဆန်းနေတာပဲ။ မိုးကလည်း အရင်ကဆိုရင် အခုလောက်သည်းကြီးမဲကြီး တစ်ခါမှ မရွာဖူးဘူး။ ဒီကနေမှ မိုးက သည်းကြီးမဲကြီးရွာချနေရုံတင်မကဘူး ကောင်းကင်တစ်ခုလုံးလည်း တိမ်တိုက်တိုက်စိုင်တွေ ဖုံးအုပ်နေတယ်။ ဒီစိတ္တရမဟီမှာ ထူးခြားတာတစ်ခုခုတော့ ဖြစ်တော့မယ် ထင်တယ်။ အင်း . . . ဒီပုံစံအတိုင်းဆိုရင်တော့ ဒီစိတ္တရမဟီမှာရှိနေကြတဲ့ လူတွေ ပူဇော်ပသ





တာတွေ ဘာတွေ လုပ်ကြလိမ့်ဦးမယ်နဲ့တူတယ်”

ဦးအောင်မြင့်က တစ်ကိုယ်တည်း ပြောသလိုပြော၏။

သီတာ၏နားထဲမှာတော့ ကြားရသည့်စကားတွေက တစ်မျိုးကြီး ဖြစ်နေ၏။ ပြောမည်ဆိုလျှင် ထူးထူးဆန်းဆန်းဖြစ်နေမိသည်အမှန်။

သီတာသည် စိတ္တရမဟီမှလူတွေအကြောင်းကို နည်းနည်းတော့ ရိပ်စားသလိုရှိသည်။

ဤစိတ္တရမဟီမှလူတွေသည် ရှေးရိုးအစဉ်အလာကြီးမားသူများ ဖြစ်မည့်ပုံရ၏။

တင့်ဝေလိုလူစားမျိုးနှင့်ဆိုလျှင် အံကိုက်တော့ဖြစ်မှာ သေချာ၏။

လောလောဆယ်မှာတော့ အိမ်တံခါးသော့ဖွင့်၍မရသည်က ခက်သည်။

အထက်ပိုင်းတွင် ထီးမိုးထားသည်ဆိုပေမယ့် ထဘီအောက်ပိုင်း တစ်ခုလုံးကတော့ မိုးရေတို့ဖြင့် ရွဲရွဲစိုနေပြီဖြစ်သည်။

“ဘယ်လိုလဲဗျို့ . . . ပစ္စည်းတွေ မချတော့ဘဲ ကားကို ဒီအတိုင်းပဲ ပြန်မောင်းသွားရတော့မှာလား”

ဒေါ်ကျစ်ကားမောင်းသူက လှမ်းအော်၍မေးသည်။


www.burmeseclassic.com

www.burmeseclassic.com



သူသည်လည်း စောင့်ဆိုင်းနေရသည့်အဖြစ်ကို စိတ်တိုနေပုံ ပေါ်သည်။

"ခဏလေး ... ခဏလေး ဒီမှာ တံခါးသော့ဖွင့်လို့ မရသေးလို့"

တင့်ဝေသည် ဒေါ့ဂျစ်ကားမောင်းသူအား လှမ်းအော်ပြောပြီး နောက် အိမ်ဘေးဘက်သို့ လျှောက်သွား၏။ မှန်အပြည့်နှင့် ပြတင်းပေါက် တစ်ခုကို မြင်တွေ့သည်နှင့် တင့်ဝေသည် အနီးအပါးတွင် အုတ်ခဲလိုက် ရှာ၏။ ကံအားလျော်စွာပင် အုတ်ခဲအကျိုးအပဲ့တစ်ခုကို မြင်တွေ့လိုက် သည်နှင့် ကောက်ယူကာ စောစောကမြင်ခဲ့သည့် မှန်အပြည့်နှင့်ပြတင်း ပေါက်ဆီသို့ အားကုန်ပစ်ထည့်လိုက်၏။

"ချွမ်း"

မိုးသံလေသံကို ထွင်းဖောက်၍ မှန်တွေကွဲထွက်သံ ထွက်ပေါ် လာ၏။ အုတ်ခဲအကျိုးအပဲ့နှင့် ထိတွေ့မိသည့် ပြတင်းမှန်မှာ အစိပ်စိပ် အမွှာမွှာ ကွဲထွက်သွားသည်မို့ လူတစ်ကိုယ်စာ ဝင်ပေါက်ဖြစ်ထွန်းသွား၏။

"ပစ္စည်းတွေကို နောက်ဘက်တံခါးပေါက်ကနေ သွင်းကြမယ် ဗျို့"

တင့်ဝေသည် ဒေါ့ဂျစ်ကားမောင်းသူဆီသို့ လှမ်းအော်ပြောပြီး





နောက် လူတစ်ကိုယ်ဝင်ပေါက်မှတစ်ဆင့် အိမ်ထဲသို့ ဝင်သွား၏။

"ဂျောက်"

ရုတ်တရက် ထွက်ပေါ်လာသည့် ထိုအသံကြောင့် သီတာ့ အကြည့်က သော့ခလောက်ဆီသို့ ဖျတ်ခနဲကျရောက်သွား၏။

"ဟင်"

အံ့အားသင့်စရာကောင်းလွန်းလှသည့် မြင်ကွင်းတစ်ခုကို မြင် တွေ့လိုက်ရသောကြောင့် သီတာ့စိတ်ထဲမှာ အံ့အားသင့်သွားခဲ့ရသည်နှင့် အမျှ နှုတ်မှလည်း အာမေဋိတ်သံ လွှတ်ထုတ်လိုက်မိတော့သည်။

ခြံစောင့်ဖြစ်သူ ဦးအောင်မြင့်ကိုယ်တိုင်လည်း ထိုမြင်ကွင်းကို တွေ့ရှိခဲ့ပုံရ၏။ လက်ထဲမှ သော့ချောင်းတွေကို တစ်လှည့် ရုတ်တရက် သူ့အလိုလိုပွင့်ထွက်သွားသည့် သော့ခလောက်ကြီးကို တစ်လှည့် နား လည်ရခက်သည့်အကြည့်ဖြင့် တစ်လှည့်စီ ကြည့်ခဲ့ရာမှ တစ်ကိုယ်တည်း ရေရွတ်သလို ရေရွတ်ခဲ့ပုံက . . .

"အံ့သြဖို့တော့ တော်တော်ကောင်းနေပြီ။ ဒီကနေ့ တွေ့ရကြုံရ သမျှတွေကလည်း တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးတဲ့ အဖြစ်မျိုး တွေ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com


ဟုတ်သော်လည်းဟုတ်သည်။

ဦးအောင်မြင့် ပြောမည်ဆိုလည်း ပြောလောက်သည်။

စောစောတုန်းက ခက်ခက်ခဲခဲဖြင့် သော့ကို ဖွင့်စဉ်က သော့ချောင်းမှာ သူနှင့် လားလား့မှ မသက်ဆိုင်သလို လုံးဝမပွင့်။

ဟော . . . အခုသော့တံကိုလည်း ထုတ်ပြီး လက်လျှော့လိုက်ကာမှ သော့ခလောက်ကြီးက ချောက်ခနဲ အသံပေး၍ သူ့အလိုလို ပွင့်ထွက်သွား၏။

အံ့အားသင့်စရာ ကောင်းသလို ထူးလည်းထူးဆန်းလွန်းလှသည့်အဖြစ်။

အခြားသူတို့မဆိုထားလင့် သီတာကိုယ်တိုင်ပင် လက်ငင်းပစ္စက္ခမှာ ကြုံတွေ့လိုက်ရသည့်အဖြစ်ကြောင့် ရင်ထဲမှာ အေးခနဲ ခံစားမိလိုက်ရသည်။ နဂိုကမှ တင့်ဝေ၏စကားတွေက ဦးနှောက်ထဲသို့ နေရာဝင်ယူစပြုနေသည့်အထဲ၊ သော့ခလောက်ကြီးနှင့် စပ်လျဉ်း၍ကြုံတွေ့လိုက်ရသည့် ထိုအဖြစ်အပျက်ကြောင့် မဖြစ်နိုင်သည့်ကိစ္စတွေကို ယုံကြည်သက်ဝင်ချင်သလိုပင် ဖြစ်မိတော့သည်။

လောကကြီးတွင် ဝိညာဉ်၊ သရဲ၊ တစ္ဆေဆိုသည်မှာ တကယ်ပင်ရှိနေလေပြီလား။

"အိမ်နောက်ဖေးတံခါးဖွင့်ပြီးပြီ။ ပစ္စည်းတွေ သယ်ခဲ့တော့ဟေ့"

အိမ်ထဲကနေ လှမ်းအော်ပြောလိုက်သည့် တင့်ဝေ၏အသံကနိုးသံလေသံကို ထွင်းဖောက်၍ပေါ်လာ၏။

"တင့်ဝေ . . . အိမ်ရှေ့ကို ပြန်လာခဲ့တော့။ ပစ္စည်းတွေ အိမ်ရှေ့ကနေ သွင်းလို့ရပြီ"

သီတာက အတွင်းဘက်ဆီသို့ လှမ်းအော်ပြောလိုက်၏။

"ဘာလဲ . . . သော့ဖွင့်လို့ရသွားပြီလား"

တင့်ဝေက အထွန့်တက်နေသေး၏။

သီတာက စိတ်တိုချင်သလိုဖြစ်လာသည်မို့ . . .

"အေး . . . ဟုတ်တယ်။ သော့ဖွင့်လို့ရပြီ။ မင်း အိမ်ရှေ့ကို ထွက်လာခဲ့တော့လေ"

ဦးအောင်မြင့်သည် သော့ခလောက်ဖြုတ်ကာ တံခါးရွက်နှစ်ဖက်ကို ဘေးသို့ တွန်းဖွင့်လိုက်၏။

အချိန်က ညနေစောင်းလို့ ငါးနာရီသာသာလောက်သာ ရှိသေးသော်လည်း အိမ်ကြီး၏အတွင်းပိုင်းမှာ မည်းမည်းမှောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်တွင် မိုးမှောင်ကြီးကျနေသည့်မို့ အိမ်၏အတွင်းဘက်ပိုင်းမှာ မည်းမည်းမှောင်လျက်ရှိနေသည့်အဖြစ်က သိပ်တော့ မဆန်းလှပါ။

တံခါးဖွင့်လိုက်သည်နှင့် ဆိုးဝါးသောအနံ့အသက်တစ်ခုက နှာဝသို့ လာရောက်ရိုက်ခတ်သည်။

မည့်သည့်အနံ့အသက်ဖြစ်မှန်း ခွဲခြား၍ မရသော်လည်း ရင်ထဲမှာ ရှုးခနဲဖြစ်ကာ အော်ဂလီဆန်ပြီး အော့အန်ချင်စိတ်ပင် ပေါက်မိတော့၏။

"ဘာအနံ့လဲ ဦးလေး။ ထောင်းခနဲကို စုံနေတော့တာပဲ"

သီတာက နှာခေါင်းကို လက်ဖြင့်ပိတ်ကာထားရင်း ပြောမိသည်။

"ဦးလေးလည်း အိမ်ထဲ နေ့တိုင်းဝင်ပြီး ရှင်းဖနေတာပဲ။ အဲဒါလည်း မရပါဘူးကွယ်။ လင်းနို့တွေနဲ့ ကြွက်ဖတွေက အိမ်ထဲဝင်ပြီး နိအောင်းနေဖိတော့တာပဲ။ သူတို့ဆီကလာတဲ့ အစင်နံ့တွေကြောင့် အခုလို အနံ့ဆိုးနေတာပါကွယ်"

ဟုကယ်သို့ကို စိတ်ပျက်စရာကောင်းလှတော့၏။

သတ္တဝါကတော့ သတ္တဝါတွေထဲတွင် ထိုလင်းနို့သတ္တဝါနှင့် ကြွက်ကို အရွံမုန်းဆုံးဖြစ်သည်။





ပထမအကြိမ် လာကြည့်စဉ်က ထိုသည်တို့ကို သတိမထားမိခဲ့။ အမှုမဲ့ အမှတ်မဲ့ အပေါ်ယံကျောသာကြည့်ခဲ့မိသည်။ အိမ်ကြီးမှာ ရှေးဆန်ဆန်ေ ာက်လုပ်ထားပြီး နှစ်ထပ်အဆောက်အဦဖြစ်ကြောင်း၊ ခြံကျယ်ကြီး၏ ဘေးပတ်လည်မှာ မခုတ်ထွင် မရှင်းလင်းရသေးသော ချုံနွယ်ပိတ်ပေါင်းများနှင့် ပြည့်နှက်နေသည် စသည်တို့လောက်သာ သတိထားမိခဲ့သည်။

ယခုတော့ . . .

လင်းနို့တွေကော၊ ကြွက်တွေပါ ဖတ်လမ်းထဲမှာ ပါရှိလာလေပြီ။

အရှုပ်အထွေးပြဿနာတွေကတော့ တစ်ခုပြီးတစ်ခု ပေါ်လာတော့၏။

"မေမေ"

ခေါ်သံကြောင့် သီတာ စိတ်ရှုပ်ထွေးစွာ နောက်သို့လှည့်ကြည့်သည်။ သားကြီးနန္ဒဖြစ်သည်။ ဘေးပြတင်းပေါက်ကနေ ခေါင်းပြူ၍ ခေါ်နေခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ သား"

သီတာက လှမ်းမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာတယ် မေမေ"

နန္ဒက မျက်နှာရှုံ့မဲ့၍ပြောသည်။

ကလေးငယ်ပီပီ ဒီကအခြေအနေ မည်သို့ဖြစ်ပျက်နေသည်ကို သူတို့ မသိ။

သူတို့သိသည်က စားမည်၊ သောက်မည်၊ အိပ်မည်၊ နိုးမည် အပူအပင်ကင်းမဲ့စွာ ထိုသည်တို့ကိုသာ သိသည်။

နန္ဒက ဗိုက်ဆာသည်ဟုပြောတော့မှ သူကိုယ်တိုင်လည်း ဝမ်းဗိုက်ထဲမှာ ဆာလောင်နေသည့်အဖြစ်ကို သတိရလိုက်၏။

အမှန်ပင် . . .

မနက်တုန်းက ညကျန်ထမင်းကို ကြော်ထားသည်။ ထမင်းကြော်နှင့် ကော်ဖီကိုသာ သူတို့ စားသုံးခဲ့ကြရသည်ပဲ။ လမ်းခရီးတစ်လျှောက်လုံးမှာ ဘာမှ စားသောက်ခဲ့ကြရသည်မဟုတ်ပေ။

"ဘာဖြစ်လို့လဲ မမ"

တင့်ဝေ ရောက်လာ၏။

"သားကြီးက ဗိုက်ဆာလို့တဲ့။ ကားနောက်ဖုံးထဲက လက်ဆွဲအိတ်ထဲမှာ ပဲပေါင်မုန့်နဲ့ မုန့်ကျွတ်တွေရှိတယ်။ အဲဒါ အဆာပြေသွားအောင် သားနဲ့သမီးကို ထုတ်ကျွေးထားလိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ မမ"

တင့်ဝေ ကားဆီသို့ ထွက်သွား၏။

"ကဲ . . . ဟော့ ပစ္စည်းတွေ ချဖို့လုပ်တော့လေ"

သီတာက ဒေါ်ဂျစ်ကားဆီသို့ လှမ်းပြောလိုက်သည်။

ဒေါ်ဂျစ်ကားမောင်းသူက ကားစက်နှိုး၍ အိမ်တံခါးဝဆီသို့ ကားနောက်ပြန်ဆုတ်၍ ရွှေ့ပေးခဲ့သည်။

သည်စဉ်မှာပင် . . .

မိုးက စောစောကထက် ပိုပြီး အရှိန်အဟုန်ပြင်းစွာ ရွာသွန်းလေတော့သည်။

သီတာသည် မိုးမစိုစေရန် အိမ်ထဲသို့ ခြေရှုလိုက်သည်။

"ဝုန်း"

ရုတ်တရက် ကြားလိုက်ရသည့် ထိုအသံကြောင့် သီတာ၏ အသည်းဆိုင်ကို လက်အေးကြီးဖြင့် ဆုပ်နယ်ခံလိုက်ရသလို ခံစားလိုက်ရလျက် နှုတ်မှလည်း အလန့်တကြား။

"အမေ့"




မြိတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အာမေဍိတ်သံ လွှတ်ထုတ်လိုက်လို့မှ သိပ်မကြာလိုက် မည်းမည်းအရိပ်သဏ္ဍာန်တွေက မျက်နှာချင်းဆိုင်ဆီမှ တစ်ဟုန်ထိုး ပြေးဝင်လာကြ၏။

"ခေါင်းငုံ့ပြီး မျက်နှာကို လက်နဲ့အုပ်ထား"

ဦးအောင်မြင့်က သတိပေးသံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

သီတာသည် ချက်ချင်းပင် ဒူးဆစ်ကွေးထိုင်ချလိုက်ရာမှ ဦးခေါင်းငုံ့ပြီး မျက်နှာကို လက်ဝဲနှစ်ဖက်ဖြင့် ဖုံးအုပ်ထားလိုက်မိသည်။

ဂုန်းခနဲ ဂုန်းခနဲ ဖလတိုးသံပြကာ ဦးခေါင်းထက်ကနေ သတ္တဝါအများအပြား အပြင်ဘက်ဆီသို့ ပျံပြေးသွားသံတွေကို တည့်တည့်ပယ်ကြားလိုက်ရ၏။

ငါးမိနစ်ခန့်ကြာမည် ထင်သည်။

အခြေအနေက ပုံမှန်အတိုင်း ပြန်ဖြစ်သွား၏။

အသံဗလံတွေအားလုံး ပျောက်ကွယ်သွား၏။

"ရပြီ၊ ဘာမှမရှိတော့ဘူး။ အားလုံးအပြင်ဘက်ကို ရောက်သွားပြီ"

ဦးအောင်မြင့်က ပြောပြီး ...ရပ်သည်။





သီတာလည်း မတ်တတ်ထရပ်လိုက်သည်။

"လင်းနို့တွေ ထင်တယ်"

"ဟုတ်တယ် သမီး။ ဘာဖြစ်လို့လဲမသိဘူး ဒီလင်းနို့တွေက တံခါးဖွင့်လိုက်ရင် အပြင်ကို ထွက်သွားပြီး တံခါးပိတ်လိုက်တာနဲ့ အိမ်ထဲကို ပြန်ပြန်ရောက်မနေတော့တာပဲ၊ တစ်ယောက်ယောက်က တမင်သက်သက်ကို မွေးထားတဲ့အတိုင်းပဲ"

ဦးအောင်မြင့်ဆီက ထိုစကားကြောင့် သီတာသည် ရင်ထဲမှာ ပိုပြီးမောကျစ်ရှင်သလိုပင် ဖြစ်သွား၏။ ဒီအိမ်ကိုရောက်ပြီးနောက်တွင် အိမ်ကြီးထဲမှာ အမြစ်တွယ်နေသည့် ထိုလင်းနို့တွေကို ဖယ်ထုတ်ရမည့် အရေးတွေးပြီး စိတ်မသက်မသာဖြစ်မိသည်။

တစ်ခုတော့ ရှိသည်။

လင်းနို့ဆိုသည့်သတ္တဝါသည် အမှောင်ကြိုက်သည်။ အလင်းရောင်ကို ကြောက်သည်။

ဒီအိမ်ကြီးကို အလင်းရောင်ခပ်များများ ပေးထားလိုက်လျှင် ထိုလင်းနို့သတ္တဝါတွေလည်း သူ့အလိုအလျောက် ကွယ်သွားမည်ဟု မှတ်ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးရဲ့အဖေ ဦးတင်လှိုင် ဒီအိမ်ကြီးကို ဝယ်ထားတာ အနှစ်နှစ်ဆယ့်လောက်ရှိတော့မယ်။ ဦးလေး ဒီအိမ်ကို အစောင့်အဖြစ် စောင့်ရှောက်ခဲ့တာပဲ ဆယ်နှစ်နီးပါးလောက်ရှိပြီ"

ဦးအောင်မြင့်၏အပြောကြောင့် သီတာသည် မျက်ခုံးတစ်ဖက်ကို အသာပင့်တင်လိုက်မိရာမှ . . .

"ဦးလေး ဒီအိမ်ကို လာပြီးမစောင့်ရှောက်ခင် အရင်က ဒီအိမ်မှာ ဘယ်သူတွေနေသလဲ"

ဘာကြောင့်လဲမသိ သီတာ၏ ထိုအမေးစကားကြောင့်ထင်သည် ဦးအောင်မြင့် မျက်စိမျက်နှာ သိသိသာသာကြီး ပျက်သွား၏။

သီတာ၏အမေးကိုလည်း အဖြေမပေးဘဲ ရှိသည်။

တစ်ဖက်လူက အဖြေမပေးလေ သီတာက သိလိုစိတ်ပိုပြီးဖြစ်မိသည်မို့ . . .

"ဘယ်လိုလဲ ဦးလေး။ သီတာ မေးနေတာကိုလည်း အဖြေပေးဦးမှပေါ့။ ဦးလေး ဒီကိုမရောက်ခင် ဒီအိမ်ကြီးမှာ ဒီပြင် ဘယ်သူတွေနေသွားကြသလဲ"

"ဟော . . . ပစ္စည်းတွေ ကားပေါ်ကနေ အောက်ကိုချနေကြပြီ





ဆင်တယ်။ ကိစ္စဝိစ္စမြန်မြန်ပြီးသွားအောင် ဦးလေးပဲ သွားပြီးကူညီမှ ထင်ဘယ်"

ဦးအောင်မြင့်သည် သီတာ မေးသည်ကို အဖြေမပေးဘဲ အပြင်ဘက်သို့ ထွက်သွား၏။ ကားပေါ်ကနေ ပစ္စည်းတွေချနေသည်ကို အခွင့်အရေးအဖြစ် အသုံးချပြီး သူ့အား တမင်သက်သက် ရှောင်သွားခြင်းဖြစ်ကြောင်း ရိပ်စားမိလိုက်ရာမှ သီတာ၏စိတ်ထဲမှာ မကျေမနပ်ဖြစ်မိသွား၏။

ဦးအောင်မြင့်သည် ထိုမေးခွန်းကို ဘာကြောင့်ဖြေမသွားပါလိမ့်။ အကြောင်းတစ်ခုခုတော့ ရှိမည်ထင်သည်။

အခွင့်အခါသင့်သည့် တစ်ချိန်ချိန်တွင် ပြန်မေးဖို့ စိတ်ထဲမှာ ဘားမှတ်ထားလိုက်သည်။

သီတာသည် တံခါးဘေးရှိ မီးခလုတ်ကို လက်ဖြင့်စမ်း၍ ဖွင့်လိုက်၏။ မီးချောင်းအလင်းရောင်ဖြင့် အိမ်၏အခြေအနေကို တင်းလင်းစွာ ြင်တွေ့ရတော့သည်။

အောက်ထပ်တွင် တံခါးစေ့ပိတ်ထားသည့် အခန်းငယ် သုံးခန်း၊ အပေါ်ထပ်တွင်လည်း အခန်းသုံးခန်း။ အပေါ်ထပ်သို့ တက်ရသည့် လှကားလက်ရမ်း ကျွန်းလုံးပွတ်တိုင်ကြီးတွေမှာ ကနုတ်ပန်းများ ဖော်


www.burmeseclassic.com

www.burmeseclassic.com

ထားသည်မို့ တွေ့မြင်ရသူအဖို့ စိတ်ထဲတွင် အထူးအဆန်းဖြစ်မည်မှာ သေချာ၏။

ဝင်ပေါက်၏ဘယ်ဘက်ဘေးတွင် စားပွဲခုံလေးနှင့် တယ်လီဖုန်းတစ်လုံးကို တွေ့ရ၏။ ပြီးတော့ နံရံထက်မှာလည်း ရှမျှော်ခင်းပန်းချီကားချပ်ကြီးတစ်ချပ်၊ ရှုမျှော်ခင်းပုံမှာ လက်ရာမြောက်သော်လည်း ထိုပန်းချီကားချပ်ထဲတွင် လျှို့ဝှက်ချက်တစ်ခုခု ရှိနေသလို မှတ်ထင်ရသည်၊ အုံ့ဆိုင်းညို့မှိုင်းနေသော မိုးကောင်းကင်ပြင်၏ အောက်ရှိ မြက်ရိုင်းပင်ရှည်တွေကြားထဲတွင် မိန်းမပျိုတစ်ဦး အားသွန်ခွန်စိုက် ပြေးလွှားနေသည့်ပုံ ဖြစ်သည်။

ဘာကြောင့်လဲမသိ။

ထိုပန်းချီကားချပ်ကို ကြည့်နေရင်းမှာပင် သီတာ့ကျောတစ်ပြင်လုံး စိမ့်တက်ပြီး ကြက်သီးမွေးညင်းတွေ ထချင်သလိုပင် ဖြစ်လာမိသည်၊ အလိုလိုနေရင်း ခြေဖျားလက်ဖျားတွေပင် အေးစက်စက်ဖြစ်ချင်လာ၏။

"ဒီပန်းချီကားကို ဆရာကြီးဦးတင်လှိုင်က အရမ်းကြိုက်လို့ဆိုပြီး မပျောက်မပျက် ချိတ်ထားတာ။ ဒီပန်းချီကားချပ်ကို ဆွဲထားတဲ့ပန်းချီဆရာလေးလည်း သေသွားရှာပါပြီ။ မသေခင်မှာ ဦးနှောက်ပျက်သွားရှာသေးတယ်လေ၊ စိတ္တဇဝေဒနာကို တော်တော်ကြာကြာ ခံစားပြီးမှ လမ်းပေါ်မှာ လဲကျပြီး သေဆုံးနေခဲ့တာပဲ။ အဲဒီတုန်းကလည်း အခုလိုပဲ မိုးတွေ အရမ်းရွာချနေတာပေါ့။ ဒီပန်းချီဆရာလေးရဲ့ အလောင်းကို တွေ့လိုက်ရတဲ့အချိန်မှာ တစ်ကိုယ်လုံး တောင့်နေပြီလေ"





ထိုပန်းချီကားချပ်ကို ရေးဆွဲထားသူနှင့် စပ်လျဉ်း၍ ဦးအောင်မြင့်က ရှင်းပြ၏။

ဦးအောင်မြင့်သည် စောစောတုန်းက မေးထားသည့် မေးခွန်းကိုတွက် မေ့လျော့သွားပုံရ၏။

တစ်ဖက်လူက အဖြေပေးလိုပုံမရသည်မို့ သီတာကလည်း ထပ်ပြီးမမေးပါလေတော့။

သီတာ တစ်ခုတော့ သိနားလည်လာမိသည်။

ဤအိမ်ကြီးနှင့်စပ်လျဉ်း၍ အတိတ်ကာလတုန်းက ဖြစ်ပျက်ခဲ့သည့် လျှို့ဝှက်အကြောင်းတရားတွေ ရှိနေလိမ့်မည်ဆိုသည်ကိုဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )
## အတိတ်၏အရိပ်

ပဇွှည်းပဇွှယတွေအားလုံး နေရာတကျ ရှိပြီးသွားပြီဖြစ်သည်။

တစ်နေကုန်တစ်နေခန်း ပင်ပန်းသမျှ ညစုနစ်နာရီထိုးခါနီး အချိန်လောက်တွင်မှ အငြိမ်းစားအနေအထားသို့ ရောက်သွား၏။

လူမှာ သေလုနီးပါးအနေအထားသို့ပင် ရောက်သွား၏။

ညစာချက်စားဖို့ဆိုတာ မစဉ်းစားနိုင်တော့။

မြို့ပြင်သာယာကနေ ယူဆောင်လာသည့် ကော်ဖီ၊ ပေါင်မုန့်



www.burmeseclassic.com

www.burmeseclassic.com

စသည်တို့နှင့်သာ တင်းတိမ်ရောင့်ရဲလိုက်ကြရ၏။

"မေမေ . . . သမီး အိပ်ချင်နေပြီ"

ငိုက်မျဉ်းနေသည့် မျက်လုံးအစုံနှင့် မေနှင်းက ပြောသည်။ သမီးလေးကို ကြည့်ပြီး သီတာစိတ်မကောင်းဖြစ်မိသည်။ လူကြီးတွေ ပင်ပန်းတာ တော်သေးသည်။ ကလေးတွေ ပင်ပန်းနေပုံကတော့ သနားဖို့ ကောင်းလှ၏။

"တင့်ဝေ . . . မင်းအောက်ခန်းမှာပဲ အိပ်လိုက်တော့။ မမတို့က တော့ အပေါ်ထပ်အခန်းမှာပဲ တက်အိပ်လိုက်ကြတော့မယ်။ စီစဉ်စရာ ရှိတာ မနက်ကျမှပဲ စီစဉ်တော့မယ်။ ကလေးတွေ ပင်ပန်းနေပြီ။ မမ လည်း အနားယူချင်နေပြီ။ သြော် . . . ဂျက်ကီကိုတော့ အောက်ထပ်မှာ ပဲ နေပစေပေါ့ကွယ်"

သခင်တွေ ဒုက္ခရောက်တော့ ခွေးကြီးဂျက်ကီမှာလည်း အစာ ငတ်ရတော့၏။ သနားဖို့ကောင်း၏။ သို့သော် မတတ်နိုင်။ ကမ္ဘာမီးလောင် လျှင် သားကောင်ပင် ချနင်းရသေးသည် မဟုတ်လား။

သီတာ့ဖခင်သည် အစစအရာရာ ပြီးပြည့်စုံအောင် ကြိုတင်စီ စဉ်သွား၏။ အပေါ်ထပ်သို့ ရောက်လျှင် အခန်းတံခါး ဖွင့်လိုက်သည်နှင့်





သပ်ရပ်စွာပြင်ဆင်ထားသည့် ခုတင်၊ မွေ့ရာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး တို့ကို အရန်သင့်မြင်တွေ့ရသည်။ အခန်းကို ဦးအောင်မြင့် ခန့်စဉ်ဝင်ဝင် ရှင်းလင်းထားပုံရသည်။ ဖုန်မှုန့်ဆိုလို့ မြူမှုန်တစ်ပပင် မမြင်တွေ့ရပေ။

သီတာသည် ချီပိုးထားသည့် သမီးလေး မေနှင်းကို ခုတင်ပေါ် ရှိ မွေ့ရာထက်သို့ အသာချပေးလိုက်၏။ သားကြီး နန္ဒကလည်း အပေါ်သို့ တက်၍ လဲလျောင်းလိုက်၏။ ခုတင်ခေါင်းရင်းအထက်မှာ ဖွင့်ပိတ်ထား သော ပြတင်းတံခါးကို အသာဖွင့်ကြည့်မိသည်။

သည်းသည်းထန်ထန် ရွာနေဆဲရှိသော မိုးစက်မိုးပေါက်တို့က လေနှင့်အတူ အခန်းတွင်းသို့ လိမ့်ဝင်လာသောကြောင့် ပြတင်းတံခါးကို အလျင်အမြန် ပိတ်လိုက်ရ၏။

သည်အခန်းမီးကို အစဉ်အမြဲ ထွန်းထားသည်လား မသိ။

အခန်းထဲသို့ဝင်စကတည်းကပင် မီးလင်းနေသည့်အဖြစ်ကို သတိပြုမိသည်။ မီးလုံးက ညအိပ်မီးလုံးမျိုးဖြစ်သည်။ အခန်းထဲတွင် မှိန် မှိန် မီးအလင်းရောင်သာရှိ၏။ ဒါပဲကောင်းပါသည်။ မီးအလင်းရောင် သိပ် ရှိနေလျှင် မျက်လုံးတွေ ကြောင်စင်းနေဦးမည်။

အခန်းထောင့်တွင် လူတစ်ရပ်ကျော်ကျော်လောက်မြင့်သည့်



www.burmeseclassic.com

www.burmeseclassic.com


ဗီရိုတစ်လုံးကို တွေ့ရ၏။

ဘာရယ်မဟုတ်သော်လည်း သီတာသည် ထိုဗီရိုနားသို့ ကပ်ခဲ့ကာ ဗီရိုတံခါးကို ဆွဲဖွင့်ကြည့်မိသည်။

ဖသသေသသပ်သပ်ဖြင့် ခေါက်သိမ်းထားသည့် အမျိုးသမီး အဝတ်အစားအချို့ကို တွေ့ရသည်။

တစ်ချိန်တုန်းက သည်အခန်းထဲတွင် မိန်းမသားတစ်ယောက် ယောက် နေထိုင်သွားပုံရသည်။

ထိုမိန်းမသားသည် ယခုဘယ်ရောက်သွားသနည်း။

ထိုမိန်းမသားကို ဖေဖေကိုယ်တိုင်ပဲ ထားခဲ့သည်လား။

ဒါမှမဟုတ် ဖေဖေ မသိအောင် လူမသိ သူမသိ ဝင်ရောက်နေထိုင်ခဲ့ခြင်းများလား။

မည်သို့ပင်ဖြစ်စေ ဦးအောင်မြင့်ကတော့ သည်အကြောင်းတွေကို ဂဃနဏသိမည်မှာ အမှန်။

သီတာမေးစဉ်က ဦးအောင်မြင့်အဖြေမပေးခဲ့ခြင်းမှာ သည်အဝတ်အစားပိုင်ရှင်မိန်းမသားကြောင့်များ ဖြစ်နေရော့သလား။ ဦးအောင်မြင့်သည် အကြောင်းအချက်တစ်ခုခုကြောင့် သည်မိန်းမသားအကြောင်း



အဖြေပေးရမည်ကို ဝန်လေးနေသည်ပဲ ဖြစ်မည်။

သည်အိမ်ကြီးနှင့်ပတ်သက်၍ လျှို့ဝှက်ချက်တွေရှိနေမှာ သေချာသည်။ ထိုလျှို့ဝှက်ချက်တွေသည်ပင် ဖေဖေနှင့် ပတ်သက်ဆက်နွှယ်နေမည်ထင်သည်။

ဖခင်ဖြစ်သူ ဦးတင်လှိုင်သည် ကိစ္စတချို့ကို လျှို့ဝှက်ထားပုံရသည်။ အိမ်သားစုတွေမသိအောင် သူဘာသာသူ ထိုကိစ္စတွေကို တိတ်တိတ်ပုန်း ဖြေရှင်းနေဟန်လည်း တူသည်။

ဖေဖေသည် သူကိုယ်တိုင် ဖြေရှင်းမသွားသည့်ကိစ္စဝိစ္စတွေ ကျန်ရစ်ခဲ့မည်ထင်သည်။

အကယ်၍သာ . . .

ထိုကိစ္စဝိစ္စပြဿနာတွေ သူတို့ဘက်သို့သာ မြားဦးလှည့်လာသည်ဆိုလျှင်တော့ . . .

သီတာ ဆက်ပြီးမတွေးရဲတော့။

ရင်ထဲမှာ အလိုလို မောကျုပ်လာသောကြောင့်ဖြစ်သည်။ အလိုလိုနေရင်း စိတ်မှာ ညစ်မှိုင်းလာသောကြောင့် ဖြစ်သည်။

သီတာသည် ခုတင်ပေါ်တက်ကာ ကလေးနှစ်ယောက်ကို


www.burmeseclassic.com

www.burmeseclassic.com

စောင်ခြုံပေးပြီး သူကိုယ်တိုင်လည်း စောင်ခြုံ မျက်စိမှိတ်ထားလိုက်မိသည်။

စိတ်ထဲက ရတတ်သမျှ ဘုရားစာကို ရေရွတ်ရင်း စိတ်တည်ငြိမ်အောင် ကြိုးစားသည်။

အမောက်ကြာသည်အထိ မျက်လုံးအစုံကြောင်စင်းနေခဲ့ရာ နောက် မေ့ခနဲ အိပ်ပျော်သွား၏။ အိပ်ပျော်သွားသည်မှ ကုလားသေ ကုလားမှေ့မောဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ဘာတွေဘယ်လိုဖြစ်မှန်း မသိတော့လောက်အောင်ကို ဖြစ်သည်။

သည်ကြားထဲ . . .

အိပ်မက်ဆိုးတွေကလည်း ဝင်ရောက်အနှောင့်အယှက်ပေး လာပြန်၏။ ဖေဖေနှင့်ပတ်သက်စပ်လျဉ်းသော အိပ်မက်ဆိုးဖြစ်သည်။ ဖေဖေသည် အသက်မသေဘဲ မြေနေစဉ် ခေါင်းသွင်းမြေမြှုပ်ခံခဲ့ရာ ခေါင်းထဲကနေ အပြင်သို့ ထွက်ရှိနိုင်ရန် အလွတ်ရုန်းနေသည်။ ရှိသ အင်အားဖြင့် ခေါင်းအဖုံးကို လက်နှင့်တွန်းသည်။ မရလေသောအ လက်သည်းဖြင့် အသည်းအသန် ကုတ်ခြစ်သည်။ နှုတ်မှလည်း ကယ် ယူပါ တစာစာဖြင့် အသံကုန်ဟစ်အော် အကူအညီတောင်းခံသည်။

အကျိုးထူးကတော့ မည်သို့မျှ သက်ရောက်ခြင်းမရှိပေ။





အသံသာဝင်သွားသည်။ ကုတ်ခြစ်ရာဖန်များသွန်းလို့ လက်သည်း ဘွာသာ နာပြီး သွေးခြင်းခြင်းနီခြင်းသာ အဖတ်တင်သည်။ နောက်ဆုံး ဖေဖေသည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငိုကြွေးတော့သည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

အိပ်မက်ထဲမှာလား၊ အပြင်မှာ တကယ်လား။

ခွေးဟောင်သံကို အဆက်မပြတ်ကြားနေရသည်။

သီတာသည် နီးတစ်ဝက် အိပ်မက်ဆိုးမြင်မက်နေရာမှ အဆက် ပြတ်ထိုးဟောင်နေသည့် ခွေးဟောင်သံကြောင့် အသိစိတ်ဝင်လာမိ သည်။ အိပ်ရာကနေ ရုတ်တရက် လန့်နိုးသွားဘိသို့လည်း ရှိ၏။ အသိ ိတ်ကို နိုးနိုးလုပ်ကာ စေ့ပိတ်နေသည့် မျက်လုံးအစုံကို ရုတ်အတင်း ဖွင့် ်ဖို့ ကြိုးစားသည်။ မျက်လုံးအစုံမှာ ရုတ်တရက် ဖွင့်မရဘဲရှိသည်။ ်ပ်ချင်စိတ်က ဖိစီးထားသောကြောင့် မျက်လုံးဖွင့်နိုင်ဖို့ ခက်ခက်ခဲခဲ ဖြစ် နေသည်။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

"ဝုန်း . . . ဝုန်း . . . ဝုန်း"

ခွေးဟောင်သံတင်မက တဝုန်းဝုန်းဖြင့် လှုပ်လှုပ်ရှားရှားမြည်


www.burmeseclassic.com

www.burmeseclassic.com

သည့် အသံတွေကိုပါ နောက်ဆက်တွဲအဖြစ် ကြားလာရသည်။

ဖြစ်ချင်ရာဖြစ်ဆိုပြီး မျက်လုံးအစုံကို ဖွတ်အတင်းဖွင့်လိုက်
သည်။

"အား . . . လား . . . လား"

ဦးခေါင်းမှာ စစ်ခနဲဖြစ်သွားသောကြောင့် နှုတ်မှ ညည်းတွား
သည်။ ဦးနောက်သွေးကြောတွေများ ပြတ်တောက်သွားပြီလား မသိ။

ဦးခေါင်းတစ်ခုလုံး မခံမရပ်နိုင်အောင်ပင် ထိုးကိုက်နေ၏။

မျက်ကြောတွေ တင်းပြီး မျက်လုံးကို ခက်ခက်ခဲခဲနှင့် ဖွင့်နေ
သည်။

မျက်လုံးအစုံပွင့်သွားသည်နှင့် ရှေးဦးစွာ ရင်ဆိုင်လိုက်ရသည်
က သိပ်သည်းသမျှ နက်ရှိုင်းလှသော အမှောင်ထုဖြစ်သည်။

ညတုန်းက ညမီးဖါင့်၍ အိပ်ခဲ့မှန်း သိတာသိ၏။ ယခု မှောင်
သည်ဆိုတော့ မီးပျက်နေပြီထင်သည်။

ဖြစ်နိုင်သည်။

မိုးလေ ဒီလောက်ထန်နေသည့်နောက်တော့ မီးလမ်းကြော
တွေ ပျက်မည်မှာ ဓမ္မတာ။





အပြင်ဘက်မှ ခွေးဟောင်သံက အဆက်မပြတ်ထွက်ပေါ်နေဆဲ။

ဝုန်းဝုန်း ဝုန်းဝုန်းဆိုသည့်အသံတွေကိုလည်း ဆက်လက်ကြား
နေရဆဲ။

သီတာသည် စမ်းတဝါးဝါးဖြင့် ခုတင်အောက်ဆင်းကာ တံခါး
းသို့ တိုးကပ်ခဲ့သည်။ တံခါးဖွင့်ကာ အပြင်ဘက်သို့ ကြည့်သည်။
အမှောင်ထဲမှာ အနက်ထည်ကြီးကိုသာ တွေ့ရသည်။ သို့တစေ အိမ်ကြီး
င်းမှာ ဟိုသည်ပျံကာဝဲနေသော သတ္တဝါအများအပြားကို တွေ့လိုက်
၏။

လင်းနို့သတ္တဝါတွေ အိမ်ကြီးထဲမှာ လာရောက်ခိုအောင်းနေကြ
လေပြီတည်း။

ထိုလှုပ်ရှားနေကြသော သတ္တဝါတွေကို ကြည့်၍ ဂျက်ကီ
ဆက်မပြတ်ထိုးဟောင်နေသည်ပဲ ဖြစ်မည်။

သည်စဉ်မှာပင် . . .

သီတာသည် အမှတ်မထင်ဆိုသလို လှေကားထိပ်ဆီသို့ လှမ်း
ကြည့်မိသည်။ လှေကားထိပ်တွင် မားမားမတ်မတ်ရပ်နေသော ဖြူဖြူ
ရိပ်သဏ္ဌာန်တစ်ခုကို သွား၍တွေ့မိသည်။


www.burmeseclassic.com

www.burmeseclassic.com

တင့်ဇဝလည်း မဖြစ်နိုင်။

ဦးအောင်မြင့်လည်း မဖြစ်နိုင်။

တကယ်တော့ ထိုသဏ္ဍာန်ရှင်သည် အမျိုးသမီးဝတ်စုံနှင့် ဖြစ်နေသောကြောင့် ဖြစ်သည်။ အထက်အောက်ဆင်တူ အဖြူရောင်ဝတ်စုံနှင့် ဖြစ်သည်။

နက်ပိန်းသောအမှောင်ထုအောက်မှာ တွေ့မြင်နေရသည့် ထိုဖြူဖြူသဏ္ဍာန်ရှင်၏သွင်လျှာက အသည်းထိတ်ရင်ဖိုစရာ ကောင်းလှ၏။ သီတာ၏အသည်းနှလုံးတွေ ကြောင်းဆန်သွားသလို ခံစားလိုက်ရလျက်

"လှေကားထိပ်မှာ ရပ်နေတာ ဘယ်သူလဲ"

မေးခွန်းထုတ်လိုက်သည့် သူ့အသံက တုန်ယင်လှိုက်မောနေသည့်အဖြစ်ကို သီတာကိုယ်တိုင် သတိထားမိသည်။

"ဟင်း . . . ဟင်း . . . ဟင်း"

ထိုအရိပ်သဏ္ဍာန်ရှင်ဆီက ညည်းသံလိုလို ငြင်းသွဲ့သွဲ့ဖြင့် ရယ်သံလိုလို အသံထွက်လာ၏။

ထိုအသံကြားရသူအဖို့ အသည်းအေးစရာကောင်းလှ၏။

သီတာသည် တဒင်္ဂမျှ အ[illegible]များချင်သလိုပင် ဖြစ်သွား၏





မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်လည်း ထိုအရိပ်သဏ္ဍာန်ရှင်ကို စိုက်ကြည့်နေမိသည်။

သီတာကြည့်နေစဉ်မှာပင် ထိုဖြူဖြူသဏ္ဍာန်ရှင်သည် လှုပ်ရှားလာ၏။ တရွေ့ရွေ့ဖြင့် ရှေ့ဆီသို့ တိုးလှမ်းလာ၏။ ယိုလှမ်းလာပုံက နွဲ့နွဲ့ကလေးဖြစ်သည်။ လေထဲမှာ လွင့်မျောနေသည့် လဲမှိုလေးပမာဖြစ်သည်။ ထို့ထက်မှာမူ သီတာ၏နှာဝသို့ မွှေးပျံ့ကြိုင်လှိုင်သော ရနံ့တစ်မျိုးက စူးရှူးငါဝါးတိုးဝင်လာ၏။ ငပယ်ပန်းနံ့လိုလို၊ နှင်းဆီပန်းနံ့လိုလို၊ တရုတ်စကားပန်းနံ့လိုလို ဝေခွဲပိုင်းခြားခက်သည့် အနံ့မျိုးဖြစ်သည်။

သီတာသည် အသံကုန်ဟစ်ချင်အော်လိုက်ချင်သည်။ တင့်ဇဝဆီသို့ လှမ်း၍ အကူအညီတောင်းလိုက်ချင်သည်။

သို့စဉ်တိုင် . . .

နှုတ်မှ အာဓေးတည့်ထားသလို အသံက ထွက်မလာဘဲဖြစ်နေသည်။

ထိုဖြူဖြူသဏ္ဍာန်ရှင်ကလည်း တရွေ့ရွေ့ဖြင့် တိုးကပ်လာနေသည်။

သီတာနှင့်ဆို သိပ်မဝေးကွာလှသော အနေအထားမျိုး ရောက်


www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီဖြစ်သည်။

"မမ . . . မမသီတာ"

တင့်ဝေ၏အော်ခေါ်သံက အောက်ထပ်ဆီမှ ထွက်ပေါ်လာ၏။

တင့်ဝေ၏အသံကြောင့် ထင်သည် . . .

ထိုဖြူဖြူသဏ္ဍာန်ရှင်သည် ခြေလှမ်းတုံ့ဆိုင်းရပ်တန့်သွား၏။ ထို့နောက် တစ်ဖက်ခန်းဆီသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

သည်တော့မှ . . .

သီတာသည် မတုန်မလှုပ်ကျောက်ဆစ်ရုပ်ကြီးဖြစ်နေရာ သက်ဝင်လှုပ်ရှားဖို့ သတိရလိုက်တော့သည်။ အသံကုန်ဟစ်၍ တင့်ဝေအား လှမ်းအော်ခေါ်လိုက်မိတော့သည်။

"တင့်ဝေ . . . မောင်ဒလေး ဒီကို မြန်မြန်လာစမ်းပါ"

"ဘာဖြစ်လို့လဲ မမ။ ဘာဖြစ်လို့လဲ"

အမောတကော မေးရင်း တင့်ဝေအပေါ်ထပ်ဆီသို့ အပြေးအလွှားတက်ရောက်လာ၏။

"ဘာဖြစ်ရမလဲ ဒီမှာ မိန်းမတစ်ယောက်ကို တွေ့မိလို့"

"ဘယ်ကမိန်းမလဲ"





"အဲဒါတော့ မသိဘူး။ လှေကားထိပ်ကနေ ငါ့ဆီကို တိုးလာနေဘာ၊ မင်းရဲ့အသံကိုကြားရတော့မှ ဟိုဘက်အခန်းထဲကို ပြေးဝင်သွားဘယ်လေ"

သီတာက တစ်ဖက်ခန်းဆီသို့ လက်ညှိုးထိုးပြရင်း ပြောလိုက်ခဲ့သည်။

"အရေးထဲ လက်နှိပ်ဓာတ်မီးက ပါမလာဘူး"

တင့်ဝေက ညည်းညည်းညူညူဆိုရင်း တစ်ဖက်ခန်းဆီသို့ ပြေးကာ အခန်းတံခါးဖွင့်ကြည့်သည်။

တိုက်ဆိုင်မှုဟုပင် ဆိုရလေမလားမသိ။

ဖျတ်ခနဲဆို မီးအလင်းရောင်ထွက်ပေါ်လာ၏။

အခန်းတွင်းမှ အခြေအနေကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။

အခန်းထဲတွင် အသုံးအဆောင်ပစ္စည်းတွေမှ လွဲ၍ သက်ရှိသတ္တဝါဆို၍ တစ်ကောင်တစ်မြီးမှ မရှိ။ နောက်ဘက်ပြတင်းတံခါးလည်း စေ့ပိတ်ထားသည်။

"မမ အဲဒီမိန်းမကို မြင်လိုက်တာ သေချာပါတယ်နော်"

တင့်ဝေက သီတာ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ရင်း မယုံ



www.burmeseclassic.com

www.burmeseclassic.com


သက်ဘသလို မေးသည်။

အလိုလိုကမှ ရင်သပ်ရှုမောအဖြစ်ကြောင့် စိတ်တိုနေရသည့် အထဲ ဒေါသပါထွက်ချင်သွား၏။

"အို . . . မြင်တာမှ တကယ့်ကိုမြင်တာ။ အဲဒီမိန်းမက တစ်ကိုယ်လုံး ဝတ်ရုံဖြူကြီးနဲ့။ အမှောင်ထဲမှာဆိုတော့ သူ့ပုံစံက တစ်မျိုးပဲ။ သရဲလိုလို တစ္ဆေလိုလိုနဲ့။ ငါက သူ့ကို ဘယ်သူလဲလို့လှမ်းမေးလိုက်တဲ့ညစ္စာကို သူက ရယ်သံကြီးနဲ့ ရှေ့ကိုတိုးလာတယ်။ သူ့ရယ်သံကြီးက တစ်ဝိုးကြီးပဲ။ ပြောရင်းနဲ့တောင် ကြက်သီးမွေးညင်းထတယ်"

စကားအဆုံးတွင် သီတာသည် ပန်းနှစ်ဖက်ကို ကြံ့ပြလိုက်မိသည်။

မီးလင်းလာ၍လား မပြောတတ်။

အပြင်ဘက်ဆီမှ ခွေးဟောင်သံ ပျောက်နေသည်။

ထို့အတူ တဝုန်းဝုန်းဖြင့် မြည်ဟည်းနေသည့်အသံဘလ်တွေလည်း တစ်ခါတည်း ကွယ်ပျောက်နေ၏။

မိုးသံလေသံတွေကိုတော့ အဆက်မပြတ်ကြားနေဆဲဖြစ်သည်။

"အင်း . . . မမသာ ဒီမိန်းမကို တကယ်မြင်ခဲ့တာဆိုရင်တော့ တော်တော်လေးတော့ ထူးဆန်းနေတာပဲ။ ဒီမိန်းမက ဘယ်ကနေပေါ်လာတာလဲ။ ပြီးတော့ သူက ဘယ်သူလဲ။ ဒီမှာ သူ့အပြင် တခြားမိန်းမတစ်ယောက်ရှိတယ်ရယ်လို့လဲ ပဲ့ဂိုလူကြီးက ကျွန်တော်တို့ကို မပြောခဲ့ပါဘူး"

တင့်ဝေပြောတော့မှပင် ဦးအောင်မြင့်ကို သတိရသည်။

ဒီလောက်ဝရုတ်သုက္ခတွေဖြစ်နေတာတောင်မှ ဦးအောင်မြင့် ပေါ်မလာသည်က တော်တော်အံ့ဩဖို့ကောင်းနေ၏။

"မင်းပြောတော့မှပဲ သူ့ကို သတိရတယ်။ ဒီမှာ ပြဿနာတွေ ဒီလောက်ရှုပ်နေတာတောင်မှ သူက ဘာဖြစ်လို့ဒီကို ရောက်မလာတာလဲ"

သီတာသည် မကျေမနပ်နှင့် ပြောပြီး အသံကုန်ဟစ်၍ အော်ခေါ်မိသည်။

"ဦးအောင်မြင့် . . . ဦးအောင်မြင့်"

အသံသာကုန်သွားသည်။

ဦးအောင်မြင့်ဆိုသည့် ခြံစောင့်ကြီး၏ အရိပ်အယောင်ကတော့ လုံးဝပေါ်မလာပေ။

ဦးအောင်မြင့် တစ်ခုခုများဖြစ်လေရော့သလား။

မဆီမဆိုင်အတွေးနှင့်အတူ ဦးအောင်မြင့်အတွက် စိုးရိမ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပင် ဝင်သွားမိသည်။

"နေဦး မမ။ ကျွန်တော် သွားကြည့်လိုက်မယ်။ သူက အိမ်အနောက်ဘက်က တန်းလျားမှာနေတာ"

ပြောပြောဆိုဆို တင့်ဝေသည် အောက်ထပ်သို့ ဆင်းသွား၏။

သီတာသည် လက်ဝင်းပွက္ခမှာ မကျေနပ်နိုင်အောင်ဖြစ်နေမိသည်။

သူမျက်စိနှင့် တပ်အပ်မြင်တွေ့ရပါလျက် အရှုံးလုပ်ခံလိုက်ရသည့်အဖြစ်။

သည်အိမ်ကြီးတွင် လျှို့ဝှက်ချက်တစ်ခုခုတော့ မလွဲမသွေ ရှိနေပြီဆိုသည့်အဖြစ်ကတော့ သိပ်သေချာနေပြီ။

အခုမှ စဉ်းစားမိသည်။

အိပ်ခန်းထဲရှိ ဗီရိုထဲမှ အမျိုးသမီးအဝတ်အစားတွေနှင့် ထိုဖြူဖြူသဏ္ဌာန်ရှင်သည် အဆက်အစပ်များရှိနေရော့သလားပဲ။

အတိအကျတော့ မပြောနိုင်။

ဖြစ်လည်းဖြစ်နိုင်သည်။ မဖြစ်လည်း မဖြစ်နိုင်။

မည်သို့ပင်ဖြစ်စေ . . .

မြိုတ်စာပေ



ဤအိမ်ကြီးနှင့် စပ်လျဉ်း၍ အထူးသတိဝီရိယထားမှဖြစ်ပေတော့မည်။

တင့်ဝေ ပြန်ရောက်လာသည်။ ဦးခေါင်းနှင့် အဝတ်အစားတို့မှာ မိုးရေတွေ စိုရွှဲလျက် . . .

"သူ့ကိုတွေ့ခဲ့လား မောင်လေး"

တင့်ဝေက ဦးခေါင်းထက်မှ မိုးရေစက်တို့ကို လက်ဖြင့် သုတ်ခါရင်းမှ . . .

"ပလောင်ထင်းပြီး အိပ်မောကျနေတယ်"

"ဘာလဲ ပလောင်ထင်းတယ်ဆိုတာ"

အဓိပ္ပာယ်နားမလည်သောကြောင့် မျက်မှောင်ကြုပ်ပြီး ပြန်မေးမိသည်။

"မမကလည်း ဒါလေးတောင် မသိတော့ဘူးလား။ ပလောင်ထင်းတယ်ဆိုတာ ပုလင်းထောင်တာကို ပြောတာ မမရေ။ ဒီထက် ရှင်းရှင်းပြောရရင်တော့ မမရဲ့ လူကြီးက အရက်မူးပြီး အိပ်မောကနေတာ။ အနားကပ်ပြီး ဆင်အော်လို့တောင် နိုးမယ် မထင်ဘူး"

ဟင်း . . . ဒေါ်သတွက်ဖို့ မည်မျှကောင်းလိုက်ပါသနည်း။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထဲကလူတွေမှာဖြင့် ကယောင်ချောက်ချားတွေ ဖြစ်ပြီး အလှုပ်လှုပ်အရှားရှားဖြစ်နေသည့်အချိန်မှာ ခြံစောင့်အဖြစ် ခန့်အပ်ထားသည့် ခြံစောင့်ကြီးဦးအောင်မြင့်ကတော့ အရက်သောက်ကာ ကုလားသေ ကုလားမော အိပ်မောကျလို့။

တရားကျဖို့ကောင်းလိုက်သည့် ဖြစ်ခြင်းများ။

ဘာကြောင့်များ ဒီလိုလူစားမျိုးကို ခြံစောင့်အဖြစ် ခန့်ထားရပါလိမ့်ဟု လူ့လောကတွင် မရှိတော့သည့် ဖခင်ဖြစ်သူကိုပင် အပြစ်တင်လိုက်မိသေး၏။

"ဖေဖေကလည်း ဒီလိုလူမျိုးများ ခြံစောင့်အဖြစ် ခန့်ထားရသေးတယ်လို့။ သူ ဒီလိုပဲအမြဲတမ်း သောက်နေကျဆိုရင်တော့ သူ့အစား တခြားတစ်ယောက်ကို ပြောင်းပြီး ခန့်ထားမှဖြစ်မယ်ထင်တယ် မောင်လေး"

"ဒီလောက်လည်း စိတ်လောမကြီးလိုက်ပါနဲ့ဦး မမရယ်။ သူက အမြဲတမ်း သောက်တာမျိုးမဟုတ်ဘဲ တစ်ခါတလေ သောက်တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ နောက်ပြီး ဒီကနေ့က မိုးကလည်း အေး၊ ပစ္စည်းတွေကလည်း အတင်အချွန်နဲ့ဆိုတော့ နည်းနည်းပင်ပန်းပြီး သောက်မိတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

တင့်ဝေက ကိုယ်ချင်းစာစိတ်ဖြင့် ဦးအောင်မြင့်ဘက်မှ ကာကွယ်ပြီးပြောသည်။

"ဘာပဲဖြစ်ဖြစ် နောက်တစ်ခါ အခုလိုမဖြစ်အောင် သူ့ကို သတိပေးထားမှဖြစ်မယ်ထင်တယ်။ သူ့ကိစ္စကို အသာထား လင်းနို့တွေကိစ္စကိုရော ဘယ်လိုလုပ်မလဲ။ အစတုန်းက ဒီလိုပြဿနာတွေဝင်လာမယ်မှန်းမသိလို့ ဒီကိုပြောင်းလာမိတာ။ အခုမှ မှားမှန်းသိသလိုလိုဖြစ်လာတယ်"

သီတာသည် ဤအိမ်ကြီးသို့ ပြောင်းရွှေ့လာမိသည်ကိုပင် အမှားတစ်ရပ်ကို ကျူးလွန်မိသလို စိတ်ထဲမှာ မှတ်ထင်မိသည်။

အစပထမတုန်းက ယင်းကဲ့သို့သော ပြဿနာတွေနှင့် ကြုံဆုံရလိမ့်မည်ဟု စိုးစဉ်းမျှ မမျှော်လင့် မထင်မှတ်ခဲ့မိရိုးအမှန်။

ယခုတော့မူ . . .

အမှောင်ထုကျရောက်သည်နှင့် အိမ်ထဲသို့ ဝင်ရောက်မိုအောင်း တတ်သည့် လင်းနို့သတ္တဝါတွေ၏ ပြဿနာက တစ်မျိုး။

ညမှောင်မှောက်အောက်မှာ အမည်မသိ ဝတ်စုံဖြူနှင့် ယိုမိန်းမ၏ အန္တရာယ်က တစ်သွယ်။






www.burmeseclassic.com

www.burmeseclassic.com

ဒါမှ စပြီးရောက်ခါစရှိသေးသည်။

သည်လိုပြဿနာတွေနှင့် ကြုံဆုံနေရသည်။

ရေဆက်ပြီ တော့ ဤအိမ်ကြီးတွင် နေထိုင်သွားမည်ဆိုပါက နောက်ထပ် နောက်ထပ် မည်ကဲ့သို့သော ပြဿနာတွေနှင့် ရင်ဆိုင် ကြုံတွေ့ရဦးမည်မသိ။

သီတာ့မှာကလည်း ကိုယ့်အပူနှင့် ကိုယ်။

နောက်ထပ် အပူတွေသာ ထပ်ဆင့်လာမည်ဆိုလျှင်တော့ မိန်းမသားတစ်ယောက်အနေဖြင့် မည်ကဲ့သို့ ရှေ့သို့ ဆက်လက်စခန်းသွားရမည်နည်း။

တွေးမိရုံနှင့်ပင် စိတ်မောလူမောဖြစ်ဖို့ကောင်းလှပါဘိတော့သည်။

တင့်ဝေကိုယ်တိုင်လည်း သီတာ့ကို ကြည့်၍ စိတ်ရှုပ်တွေးနေပုံရသည်။

"မမ အေးအေးဆေးဆေး အနားယူလိုက်ပါဦး။ မနက်ကျမှ ဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာကို အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်ကြတာပေါ့"





သီတာသည် ပင့်သက်ကိုသာ ရှိုက်မိသည်။

"ဂျက်ကို့ကို အပြင်ဘက်မှာ ကြိုးချည်ထားတာလား။ ဒီအတိုင်း ...လွှတ်ထားတာလား"

ဂျက်ကိုအတွက် စိုးရိမ်စိတ်ဖြင့် မေးမိသည်။

"ကြိုးနဲ့ချည်ထားတယ် မမ။ မနက်ကျမှ သူ့ကို ပြန်လွှတ်ပေး...ထားမယ်။ လောလောဆယ် သူ့အတွက်က ဒီနယ်မြေစိမ်းနေသေးတာကိုး"

"အင်းလေ . . . ဒါဆိုလဲ ပြီးတာပဲ"

သီတာသည် တင့်ဝေအား စကားဖြတ်၍ လှည့်ထွက်မည်ပြု...ိုက်စဉ်မှာပင် . . .

"မေမေ . . . မေမေ"

အသည်းအသန်အဆက်မပြတ် အော်ခေါ်နေသည့် ကလေးနှစ်...ယောက်အသံကို ကြားလိုက်ရသည်။

သီတာ၏ရင်မှာ ဒိန်းခနဲ ခုံစားလိုက်ရလျက် . . .

"ဟင် . . . သားတို့ ဘာဖြစ်နေကြပြန်ပြီလဲ မသိဘူး"

တင့်ဝေကို ပြောပြီး အခန်းဘက်ဆီသို့ ဒရောသောပါး ပြေးခဲ့...သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲသို့ ဝင်လိုက်စဉ်မှာပင် ခုတင်အောက်တွင် ငုံ

ကလေးရပ်ကာ အထိတ်တလန့်မျက်နှာနှင့် ကြည့်နေသော နန္ဒာနှင့်

နှင်းတို့၏မျက်နှာတွေကို မြင်တွေ့လိုက်ရ၏။

သီတာသည် သားနှင့်သမီးအား ပြေး၍ ပွေ့ထားလိုက်မိသည်

"ဘာဖြစ်လို့လဲ သား"

နန္ဒာသည် မဲ့မရဲပုံစံဖြင့် အိပ်ရာခုတင်ဆီသို့ လက်ညှိုးငေ

ပြ၏။

သီတာ့အကြည့်က ဘိုနေရာဆီသို့ ကျရောက်သွား၏။

ခုတင်ခြင်ထောင်ကိုင်တွင် ဟဲ့လောင်းလေးတွေ ချိတ်

နေသည့် လင်းနို့သဏ္ဌာဝါသုံးကောင်ကို ရှုံ့ရှာဖွယ်ရာ တွေ့ မြင်လိုက်

တော့၏။ မျက်လုံးပြူးပြူး၊ လျှာနီနီရဲရဲနှင့် ဘယ်လိုမှ ကြည့်၍မပြင်

သည့် သဏ္ဌာဝါတွေဖြစ်သည်။

"တင့်ဇေ . . . တင့်ဇေ"

သီတာသည် မျက်စိကို စုံမှိတ်၍ အော်ခေါ်မိသည်။

"ကျွန်တော် ဒီမှာရှိတယ်လေ မမ"

ထူးသံပေးရင်း တင့်ဇေသည် အခန်းထဲသို့ ဝင်ရောက်လာ





"ဟိုမှာ မတွေ့ဘူးလား မကောင်းဆိုးဝါးသဏ္ဌာဝါတွေ။ ဒီသဏ္ဌာဝါ

တွေကလည်း ဘယ်လိုလုပ်ပြီး ဒီအခန်းထဲဝင်ပြီး နိုအောင်းနေကြသလဲ

မသိဘူး"

သီတာက စိတ်တိုတောင်းစွာ ရေရွတ်မိသည်။

တင့်ဇေသည် ပီရိုဘေးတွင် ထောင်ထားသည့် လေးပေခန့်ရှိ

သစ်သားချောင်းကို တွေ့မိရာမှ သွား၍ယူလိုက်သည်။

ထို့နောက် တင့်ဇေသည် ထိုလင်းဆွဲသုံးကောင်အား သူ့လက်

ထဲမှ သစ်သားချောင်းပေါ်သို့ တွယ်စေကာ ပြတင်းပေါက်ဆီသို့ သယ်ခဲ့

သည်။ ထိုသစ်သားချောင်းကို ပြတင်းပေါက်အပြင်ဘက်သို့ ထုတ်၍ ခါချ

လိုက်၏။ သစ်သားချောင်းကို တွယ်ကပ်နေသည့် လင်းနို့သုံးကောင်က

အောက်သို့ ပြုတ်ကျသွားတော့၏။

"ဗိုး . . . ပြဿနာတွေကတော့ တစ်ခုပြီးတစ်ခု တိုးလာနေတော့

တာပဲ။ ဖေဖေကလည်း ဒီလိုနေရာမျိုးမှာ ဒီလိုအိမ်မျိုးကိုမှ သွားပြီး ဝယ်

ထားရတယ်လို့ဗျာ။ တကယ်စိတ်ကုန်ဖို့ကောင်းတယ်"

တင့်ဇေသည် ကျွဲအိမ်ကြီးနှင့်စပ်လျဉ်း၍ အမှန်တကယ်ကို စိတ်

ပျက်လက်ပျက်ဖြစ်နေပုံရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေတို့တုန်းကတော့ ဒီလိုကိစ္စမျိုးတွေ ရှိချင်မှ ရှိမှာပေါ့။ အခုနောက်ပိုင်းကျတော့မှ ဒီပြဿနာတွေက ဝင်လာတာလားမှ မသိတာ။ ဘာပဲဖြစ်ဖြစ် စိတ်ဓာတ်တော့ ချက်ချင်းကြီး ကျမသွားလိုက်နဲ့ဦး။ အားတင်းထား။ ဒီကိစ္စတွေက တို့ကို စိတ်ဓာတ်ရေးရာစမ်းသပ်ချက်လို့ပဲ မှတ်ထားလိုက်ရင် ဘာမှကြောက်စရာမလိုတော့ဘူး။ ဒါတွေဟာ တစ်ချိန်ချိန်ကျရင် အားလုံးကွယ်ပျောက်သွားမှာပဲ"

တင့်ဝေ စိတ်ဓာတ်ကျမည်စိုးသောကြောင့်သာ ပြောလိုက်ရသည်။ တကယ်တမ်းကျတော့ သီတာကိုယ်နှိုက်လည်း အတော်ရှည်းကိုစိတ်ဓာတ်တုန်လှုပ်ချောက်ချားမိနေသည် အမှန်။

ညအမှောင်ထဲမှာ တွေ့လိုက်ရသည့် ဝတ်ရုံဖြူနှင့်အရိပ်သဏ္ဌာန်ရှင်၊ ပြီးတော့ အမှောင်ထုကျရောက်သည်နှင့် ကမ္ဘာပျက်သလို အိမ်ကြီးထဲသို့ ဝင်ရောက်နိုအောင်းတတ်သည့် လင်းနို့သတ္တဝါတွေ။

တကယ်လို့သာ . . .

ထိုလင်းနို့သတ္တဝါတွေသည် သွေးဆာနေသည့် အသားစားသတ္တဝါတွေသာ ဖြစ်ခဲ့မည်ဆိုလျှင်တော့ . . .

သူတို့၏ ကံကြမ္မာကို ရှေ့ဆက်ပြီးတွေးရဲစရာပင် မရှိပါလေတော့။





"ကျွန်တော်ကတော့ ဟစ်ခုပဲ စိုးရိမ်တယ်"

"ဘာကိုလဲ မောင်လေး"

"မပြောကောင်း မဆိုကောင်း ကျွန်တော် အလုပ်ကိစ္စပေါ်လာလို့ ခရီးထွက်သွားမယ်ဆိုရင် ဒီအိမ်ကြီးမှာ မမတို့ပဲ ကျန်ရစ်ခဲ့မှာ။ အဲဒီအခါကျရင် မမတို့ ဘယ်လိုစခန်းသွားကြမလဲ။ အဲဒါကိုပဲ တွေးပူပြီး ကြောက်နေမိတာ"

ဟုတ်တော့လည်း ဟုတ်သည်။

တင့်ဝေခရီးထွက်သွားလို့ကတော့ အိမ်တွင် ကလေးနှစ်ယောက်နှင့်အတူ သီတာတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တော့မည်။ ဦးအောင်မြင့်ဆိုတာကတော့ အားကိုးအားထားပြုလောက်စရာ စိုးစဉ်းမျှ စဉ်းစား၍မရပေ။

တွေးမိရုံနှင့် ရှေ့ရေးအတွက် ရင်လေးစရာကောင်းလှသည်။ မဆီမဆိုင် တစ်ကိုယ်တည်း လမ်းခွဲထွက်သွားသည့် ခင်ပွန်းဖြစ်သူ ကိုသိန်းအောင်ကိုလည်း စိတ်ဒေါသထွက်ချင်သွား၏။

လင်ရယ် မယားရယ်ဖြစ်လာပြီး သံယောဇဉ်တွယ်တာစရာ ကလေးနှစ်ယောက်ရနေတာတောင်မှ ကိုသိန်းအောင်သည် အတ္တမာန်ဖြ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကြီးပြီး တစ်ကိုယ်ကောင်းဆန်နေဆဲဖြစ်သည်။

ယခုလို ဒုက္ခသုက္ခတွေ့နေရသည့်အချိန်မျိုးမှာ ကိုသိန်းအောင်အား သူ့အနားတွင် ရှိနေစေချင်သည်။ ကြုံတွေ့လာသမျှ ပြဿနာ မှန်သမျှကို ဒိုးတူဘောင်ဘက် ဆိုးတူကောင်းဖက် လက်တွဲပြီး ဖြေရှင်းစေချင်သည်။

သို့သော် . . .

မျှော်မှန်းတမ်းတလို့ မရတော့သည့်လူတစ်ယောက်ကို မျှော်ကိုးနေလို့လည်း အပိုပဲပေါ့ နားလည်လိုက်မိရာမှ သီတာသည် စိတ်မောလူမောဖြစ်လှစွာ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်မိတော့သည်။

"ကဲ . . . ငါမောင် ဒီကိစ္စတွေကို ဘယ်လိုစီစဉ်ရမယ်ဆိုတာ မနက်ကျမှ ဆက်ပြီးဆွေးနွေးကြတာပေါ့နော်။ လောလောဆယ် ကလေးတွေလည်း အိပ်ချင်နေပြီ"

တင့်ဝေ ခေါင်းညိတ်ပြီး အခန်းထဲကနေ ထွက်သွား၏။

"ကဲ . . . သားသားနဲ့မီးမီးတို့လည်း စိတ်ချလက်ချသာ အိပ်တော့။ အခန်းထဲမှာ ဘာမှမရှိတော့ဘူး"

သားကြီးနှင့် သမီးငယ်တို့ ကြော့ပြီး ခုတင်ပေါ်သို့ တင်ပေးလိုက်၏။





"မေမေ"

နန္ဒာက မအိပ်သေးဘဲ လက်မောင်းကိုင်၍ ခေါ်နေသောကြောင့် သီတာက . . .

"ဘာပဲ သားကြီး။ ဘာပြောမလို့လဲ"

"သား ကြောက်နေတယ် မေမေ"

"ဘာကိုကြောက်နေတာလဲ သားရယ်"

နန္ဒ၏လက်ကလေးကို အသာဆုပ်ကိုင်ဖျစ်ညှစ်၍ မေးလိုက်မိသည်။

နန္ဒသည် မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ကြည့်လျက် . . .

"အားလုံးကို ကြောက်နေတယ် မေမေ။ ဒီအိမ်ကြီးက တစ်မျိုးကြီးပဲနော်။ ပုံပြင်တွေထဲက တစ္ဆေသရဲအိမ်ကြီးနဲ့ တူနေသလိုပဲ"

သီတာက သဘောကျသလို ပြုံးလိုက်မိသည်။

"သားရဲ့စိတ်က ထင်နေလို့ဖြစ်ပါလိမ့်မယ် သားရယ်။ အမှန်တော့ ဒီအိမ်ကြီးက ဘာမှကြောက်စရာမရှိပါဘူး"

"မေမေရယ် . . . အခုအချိန်မှာ သားတို့ရဲ့ဘေးမှာ ဖေဖေရှိနေ


www.burmeseclassic.com

www.burmeseclassic.com

ရင် သိပ်ကိုကောင်းမှာပဲနော်”

သီတာ စိတ်မကောင်းဖြစ်သွားမိသည်။

အရေးအကြောင်းဆို အနီးဆုံးလူ ဖခင်ဖြစ်သူကို တမ်းတသည့် စကားဆိုလာပြီဖြစ်သည်။

“ကဲပါ . . . သားကော သမီးပါ အေးအေးဆေးဆေး အိပ်တော့နော်။ သားတို့ရဲ့ဘေးမှာ မေမေရှိနေပြီပဲ။ ဘာကိုကြောက်နေရမှာလဲ။ သားတို့ရဲ့ဖေဖေလည်း မကြာခင် ဒီကိုရောက်လာမှာပါကွယ်။ သူက ခရီးသွားတုန်းမို့ ဒီကို မရောက်လာသေးတာပါ”

သီတာသည် ဖြေသိမ့်စကားဆိုကာ သားနှင့်သမီးတို့၏ ကိုယ်ပေါ်သို့ ခြုံစောင်ကို ခြုံလွှမ်းပေးလိုက်ရာမှ သူကိုယ်တိုင်လည်း လဲလျောင်းလိုက်၏။ အိပ်၍ကား မပျော်ပါ။ မျက်လုံးအစုံမှာ ကြောင်စင်းနေ၏။ နဖူးပေါ်လက်တင်ရင်း တောင်ရောက်အီအီ အတွေးများဖြင့် လုံးချာလိုက်နေ၏။

လက်ငင်းပစ္စုပ္ပန်မှာ ကြုံတွေ့နေရသည့်အခြေအနေမှာ စိတ်ရှုပ်ထွေးဖို့လည်း ကောင်းသည်။ စိတ်ဓာတ်ချောက်ချားဖို့လည်း ကောင်း၏။ တော်ရုံတန်ရုံ စိတ်ဓာတ်မျိုးနှင့်သာဆိုပါမူ နလုံးရောဂါပင် ရသွားနိုင်သည်။ ဒါမှမဟုတ် ငယ်ထိပ်သွေးတက်ပြီး နေရာတွင်ပင် တစ်ခါတည်း





ခေါက်ခနဲလဲကျပြီး အသက်ပါပျောက်သွားနိုင်၏။

ဘာပဲဖြစ်ဖြစ် . . .

ရှေ့တွင် ကြုံတွေ့လာဦးမည့် ပြဿနာတွေကိုလည်း စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နှင့် ရင်ဆိုင်ဖြေရှင်းသွားနိုင်ဖို့ အရေးကြီးသည်။

မိဘအမွေဖြစ်သည့် ဤအိမ်ကြီးဆီသို့ ရောက်လာမိမှတော့ စိတ်ဓာတ်အကျခံနေလို့မဖြစ်တော့။ နောက်ကြောင်းပြန်လှည့်သွားဖို့ ဆိုတာလည်း လုံးဝမဖြစ်နိုင်တော့။ ကြုံလာသမျှ ပြဿနာတွေကိုလည်း တော့တော့ဆိုင်ဆိုင် ရင်ဆိုင်ဖြေရှင်းလိုက်ဖို့ပဲ ရှိသည်။

အပြင်ဘက်တွင် မိုးကောလေပါ အတန်ငယ် ငြိမ်သက်သွားပုံရ၏။ အုံးအုံးကျွင်းကျွင်းဖြင့် ရွာချနေသည့် အသံကို မကြားရတော့။ ဖြိုးဖြိုးဖျောက်ဖျောက်ဖြင့် ရွာချနေသံကိုသာ ကြားနေရသည်။

မိုးအေးအေးနှင့်မို့ အိပ်ကောင်းမည့်အချိန်ဖြစ်သော်လည်း သီတာကတော့ အိပ်လို့မရပါ။

သည်လိုပုံနှင့်ဆို ငေါင်းစင်းစင်းနှင့် မနက်မိုးလင်းရတော့မည် ထင်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

## နာရီအိုကြီး

တစ်ညလုံး အတွေးပလုံစီရင်း ဝေါင်းစင်းစင်းဖြစ်နေခဲ့ရာမှ မနက်မိုးလင်းကာနီး အချိန်လောက်တွင်မှ မေ့ခနဲ အိပ်ပျော်သွား၏။

မည်မျှကြာအောင် အိပ်မောကျသွားမိသည်မသိ။

တစ်စုံတစ်ယောက်က အနားကပ်၍ လက်မောင်းကို ဆုပ်ကိုင်ပုတ်နှိုးနေသောကြောင့် လူမှာ ဆတ်ခနဲ လန့်နိုးသွား၏။ အသိတရား နိုးနိုးကြားကြားလုပ်ကာ မျက်လုံးအစုံကို ဖွင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျိန်းစူးသော အလင်းရောင်တန်းနှင့် ရင်ဆိုင်မိသည်မို့ လက်မောင်းဖြင့် မျက်နှာရှေ့ကနေ ကာထားလိုက်မိသည်။

ကြည့်စမ်း . . .

အပြင်တွင် မိုးလုံးလုံးလျားလျား တိတ်နေပြီ။ နေရောင်ပင် ထွက်ပြူနေပြီပဲ။ မိုးသည်ပင် တော်တော်လင်းနေပြီပဲ။

"ဒေါင် . . . ဒင် . . . ဒေါင် . . . ဒင်"

ခေါင်းရင်းနံရံထက်မှာ ချိတ်ထားသည့် နာရီကြီးဆီမှ အသံရုတ်တရက် ထွက်ပေါ်လာသည်မို့ သီတာ၏ရင်မှာ ထိတ်ခနဲဖြစ်သွား၏။ တစ်ဆက်တည်း ထိုနာရီကြီးဆီသို့ အကြည့်က ကျရောက်သွား၏။ ရှေးဟောင်း တိုင်ကပ်နာရီကြီးပဲ ဖြစ်သည်။ နာရီလက်တံတို့က ရှစ်နာရီထိုးနေပြီဆိုသည့်အဖြစ်ကို ပြသနေ၏။ ညတုန်းက ကိုယ့်ကိစ္စ ကိုယ့်ပြဿနာတွေနှင့် လုံးပန်းခနေခဲ့သည်မို့ ထိုနာရီကြီးကို အမှုမဲ့အမှတ်မဲ့ဖြစ်မိပုံရသည်။

"မမ ရှစ်နာရီတောင်ထိုးနေပြီ။ ဒီလောက်အကြာကြီးအိပ်နေရင် မမ ခေါင်းကိုက်နေမှာပေါ့"

သီတာ့အား လာနှိုးနေသူမှာ တင့်ဝေဖြစ်သည်။

သီတာသည် ဘေးဘီသို့ကြည့်သည်။ ကလေးနှစ်ယောက်ကို





မတွေ့ရတော့။

"ချာတိတ်တွေက အောက်ကိုတောင် ရောက်လို့ စားနေသောက်နေကြပြီ မမရဲ့၊ မနေ့က ပါလာတဲ့ ကော်ဖီကို ဖျော်ပြီး မုန့်နဲ့ ကျွေးထားတယ်။ ကဲ . . . ကျွန်တော် အောက်ဆင်းလိုက်ဦးမယ်၊ ဇရမိုးချိုး မျက်နှာသစ်ပြီး မမလည်း လာခဲ့ဦးလေ"

တင့်ဝေ ပြန်ထွက်သွား၏။

သူ့ဖခင်ဖြစ်သူသည် ရှေ့ရေးကို အမြော်အမြင်ကြီးစွာထားခဲ့ပုံရသည်။ ရေချိုးခန်းနှင့် အိမ်သာကို အပေါ်ထပ်တွင် တစ်ခန်း၊ အောက်ထပ်တွင်လည်း တစ်ခန်းပြုလုပ်ထား၏။

သီတာသည် ရေမိုးချိုး၊ မျက်နှာသစ် အလုံးစုံလုပ်ဆောင်ပြီးသည်နှင့် အဝတ်အစားလဲကာ မျက်နှာကို သနပ်ခါးမွှံမွှံလေး ဖုံးအုပ်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဧည့်ခန်းထဲတွင် ပြေးလွှားဆော့ကစားနေသော ကလေးနှစ်ယောက်ကို တွေ့ရ၏။ တင့်ဝေကတော့ စားသောက်ခန်းထဲမှာ ထိုင်ပြီး ကော်ဖီနှင့်မုန့်ကို စားသောက်နေဆဲဖြစ်သည်။

"မမရေ . . . မနက်မိုးလင်းတာနဲ့ ဘာတွေတွေ့ရသလဲ သိလား


www.burmeseclassic.com

www.burmeseclassic.com

တင့်ဝေ၏အမေးကို သီတာက ဦးခေါင်းခါပြလျက် . . .

"ဟင့်အင်း . . . ဘယ်သိမလဲ မောင်လေးရဲ့"

"လင်းနို့ချေးတွေပေါ့ဗျာ။ တစ်အိမ်လုံးနီးပါးကို ပြည့်နေတာပဲ၊ ကျွန်တော့်မှာ ရှင်းလိုက်လင်းလိုက်ရတာ ဖတ်ဖတ်ကို မောရော"

"ဟိုလူကြီးကော အိပ်ရာက မထသေးဘူးလား"

ဦးအောင်မြင့်ကို မေးလိုက်ခြင်းဖြစ်သည်။

"ထပြီး အိပ်နောက်ဘက်မှာ တံမြက်စည်းလှည်းနေတဲ့အသံက တော့ စောစောတုန်းက ကြားမိသားပဲ"

သူတို့ပြော၍မှ စကားမဆုံးခင် ဦးအောင်မြင့်သည် ဧည့်ခန်းထဲ သို့ ဝင်ရောက်လာ၏။

"လာ . . . ထိုင် . . . ဦးလေး။ ဦးလေးကို ပြောစရာရှိတယ်"

သီတာက ရှေ့မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံဆီသို့ လက်ညှိုးညွှန်ပြ ရင်း ပြောသည်။ ဦးအောင်မြင့်က သူ့အပြစ်နှင့်သူမို့ ဦးခေါင်းလေး ငုံ့ပြီး ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ညတုန်းက ဒီမှာဘာတွေဘယ်လိုဖြစ်ကုန်တယ်ဆိုတာ ဦးလေး မသိဘူး မဟုတ်လား"





သီတာက စကားစသည်။

ဦးအောင်မြင့်က မျက်လွှာတစ်ချက်ပင့်ကြည့်ပြီးနောက် နဂို အတိုင်း မျက်လွှာပြန်ချသွား၏။

မပြောမပြီး မတီးမမြည် ဆိုရေးရှိက ဆိုအပ်ရတော့မည်မို့ . . .

"ညတုန်းက ဒီအိမ်ထဲမှာ လင်းနို့တွေကော ဖြူဖြူမိန်းမတစ် ယောက်ကော အားလုံး ဝုန်းဒိုင်းကြဲပြီး သီတာတို့လည်း မအိပ်ရတော့ဘူး။ ဦးလေးကို လာခေါ်တော့လည်း ဦးလေးက အမူးအလဲဖြစ်နေတယ်။ အဲဒါ တော့ မကောင်းဘူးထင်တယ်။ သီတာတို့က မနေ့ကမှ ဒီကိုစပြီး ရောက် တာ။ ရောက်ရောက်ချင်း ဦးလေးဘက်က သောက်နဲ့ထွင်းတဲ့ပုံစံမျိုး လုပ် တာတော့ တစ်မျိုးကြီးဖြစ်နေတယ် ထင်တယ်။ ဦးလေး ဒီကနေ ထွက် သွားရင် ဒီပြင်အလုပ်လုပ်လို့ရမလား"

ဦးအောင်မြင့်သည် မျက်စိမျက်နှာ အပျက်ပျက်အယွင်းယွင်း ဖြစ်သွား၏။

"ညတုန်းက မိုးကလည်း အေး၊ လူကလည်း နည်းနည်းပင်ပန်း လို့ လက်ကျန်လေးကို သောက်မိသွားတာပါ။ နောက်ကို အခုလို မဖြစ် စေရပါဘူး။ စိတ်ချပါကွယ်။ ဒီတစ်ကြိမ်တော့ ဦးလေးကို ခွင့်လွှတ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com

နဂိုကတည်းက သီတာသည် လူတစ်ဖက်သားအား သနားကြင်နာစိတ်ရှိတတ်သူဖြစ်သည်။ သူ့ကြောင့် လူတစ်ယောက်၏ဘဝ ပျက်စီးနစ်နာဆုံးရှုံးရမှာကိုလည်း မလိုချင်။ ယခုလည်း ဦးအောင်မြင့် လက်ရှိအခြေအနေကို နားလည်သဘောပေါက်စေရန်အတွက် သတိပေးစကား ဆိုလိုက်ခြင်းသာဖြစ်သည်။

ဦးအောင်မြင့်က သူ့အများသူ သိမြင်ကာ တောင်းပန်စကားဆိုနေပြီမို့လည်း . . .

"ကောင်းပြီလေ။ ဒီတစ်ခါတော့ ရှိပစေတော့။ နောက်တစ်ခါဆိုရင်တော့ သီတာလည်း သည်းခံတော့မှာ မဟုတ်ဘူး"

တင်းတင်းပြတ်ပြတ် ပြောပြီး သီတာသည် ကြွေကရားထဲမှ ကော်ဖီကို ကြွေပန်းကန်လုံးထဲ ထည့်ပြီး သောက်မည်အပြု ဦးအောင်မြင့်က . . .

"အပြင်မှာ အလုပ်လုပ်ချင်လို့တဲ့ အမျိုးသမီးနှစ်ယောက် ရောက်နေတယ်။ အဲဒါ . . ."

ဒီအိမ်မှာ ပြဿနာတွေ ရှုပ်နေရသည့်ကြားထဲ ဘယ်က အမျိုးသမီးနှစ်ယောက်က ရောက်လာပါလိမ့်။





"ဒီမှာ ဘာအလုပ်ပေးနိုင်မှာမို့လဲ ဦးလေးရယ်။ သူတို့ကလည်း ကြုံကြံဖန်ဖန် ဒီအိမ်မှာမှ အလုပ်လာတောင်းရတယ်လို့"

သီတာက စိတ်တိုတိုနှင့် ပိတ်ပြောလိုက်သော်လည်း ဦးအောင်မြင့်က . . .

"ဒီနေရာက ဈေးနဲ့အရမ်းဝေးတယ်။ ဈေးသွားဖို့ဆိုတာ လူလွတ်တစ်ယောက်အနေနဲ့ပဲ ကောင်းတယ်၊ ဈေးက ပြန်လာပြန်တော့လည်း ချက်ပြုတ်ဖို့တွေဆိုရင် အလုပ်အကိုင်ရှိနေတဲ့ လူတစ်ယောက်အတွက် အလုပ်ရှိတဲ့ဆိုကို ရောက်ဖြစ်မှာတောင် မဟုတ်ဘူး။ ပြီးတော့ သည်မှာက ကလေးနှစ်ယောက်ရဲ့တာဝန်ကလည်း ရှိနေသေးတယ်လေ။ ဒီတော့ အစစအရာရာ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်နော်ကွယ်"

ဦးအောင်မြင့် ပြောလိုက်သည်တို့ကလည်း သဘာဝကျနေ၏။ အလုပ်အကိုင်ရှိနေသူ လူတစ်ယောက်အဖို့ စားရေးသောက်ရေးကိစ္စ စီမံပြီး အချိန်ကုန်ခံဖို့ဆိုတာ သိပ်တော့မလွယ်။

ဆိုးတော့မဆိုးပါ။

ကိုယ့်ဘာသာကိုယ် ရှာဖွေရမည့်အစား အခန့်သင့်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်ပေ့ါ။ ယခု ရောက်ရှိလာသည့် အမျိုးသမီးနှစ်ဦးမှာ ဤမိတ္တူရမဟ်
ဖြစ်ပုံရသည်။

"ကောင်းပြီလေ။ သူတို့ကို ဒီအထဲသာ လွှတ်လိုက်ပါ"

သီတာက ခွင့်ပြုလိုက်သည့်နောက် ဦးအောင်မြင့်သည် သွက်
လက်ဖျတ်လတ်စွာ ဧည့်ခန်းထဲကနေ ထွက်သွား၏။

သိပ်မကြာလိုက်ပါ။

တစ်ပတ်နွမ်းအဝတ်အစားတို့ကို ဝတ်ဆင်ထားသည့် အမျိုး
သမီးနှစ်ယောက်က ဧည့်ခန်းထဲသို့ မဝံ့မရဲ ခြေလှမ်းတွေဖြင့် ဝင်ရောက်
လာကြ၏။ တစ်ယောက်မှာ အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး ရှိ
မည်ဖြစ်သော်လည်း ငယ်စဉ်က နုပျိုချောမောမည့်ဟန်ရှိသည့် သွင်ပြင်
သဏ္ဌာန်က ယခုထက်တိုင် မျက်နှာပြင်တွင် ပေါ်လွင်နေဆဲဖြစ်သည်။
ထိုအမျိုးသမီးကြီးနှင့်တွဲ၍လာသည့် မိန်းမပျိုလေးမှာ အသက်နှစ်ဆယ်
ကျော် တစ်နှစ်စွန်းလောက်ပဲ ရှိမည်ဟု ခန့်မှန်းရသည်။ ထိုမိန်းမပျိုလေး
သည် မျက်နှာပြင်တွင် သနပ်ခါးရေကြဲလေးသာ လိမ်းကျံထားသော်
လည်း မျက်စိအမြင်မှာတော့ ကြည့်၍ကောင်းနေ၏။ မိန်းမပျိုလေးသည်
ရှက်ကိုးရှက်ကန်းဖြစ်နေပုံရ၏။ ရှက်ပြုံးလေး မဝံ့တဝံ့ဖြင့် ဦးခေါင်းလေး





ငုံ့ထားကာ လက်တစ်ဖက်က အမျိုးသမီးကြီး၏ လက်မောင်းတစ်ဖက်ကို
မှီတွယ်ထား၏။

"လာလေ . . . ထိုင်လေ။ မနေ့ကမှ ရောက်လာတာဆိုတော့
လောလောဆယ်တော့ ဒီမှာက စားသောက်စရာတွေက သိပ်ပြီး မစုံလင်
သေးဘူးလေ။ နောက်တော့လည်း အားလုံးပြည့်စုံသွားမှာပေ့ါလေ"

သီတာက ရှေ့ရှိထိုင်ခုံတွင် ထိုင်ခွင့်ပြုရင်း ပြုံးမျက်နှာပေးဖြင့်
ဖော်ရွေသန္တာရစကားဆိုသည်။

အမျိုးသမီးကြီးနှင့် မိန်းမပျိုလေးတို့က မျက်နှာချင်းဆိုင်မှာ ဝင်
ထိုင်လိုက်ကြ၏။

"တစ်ခုခုသောက်ကြဦးမလား"

သီတာက ကော်ဖီကြွေကရားအိုးကို ရှေ့သို့ ရွှေ့ပေးရင်း ပြော
သည်။ တင့်ဝေက လက်ဖက်ရည်ကြွေပန်းကန်တွေကို သွား၍ယူလာပေး၏။

"အင်း . . . အိမ်ကြီးကတော့ အရင်တုန်းကအတိုင်းပဲ ဘာမှ
မပြောင်းလဲဘူးနော်"

ဟိုဟိုသည်သည် မျက်လုံးကစားရင်း ရုတ်တရက် ပြောလိုက်
သည့် အမျိုးသမီး၏စကားကြောင့် သီတာသည် မျက်ခုံးတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



အသာပင့်တင်လိုက်မိရာမှ အလျှင်အမြန် . . .

"အစ်မကြီးရဲ့စကားအဓိပ္ပာယ်က အရင်တုန်းက အစ်မကြီး ဒီအိမ်ကို ရောက်ဖူးတယ်ဆိုတဲ့သဘောလား"

"ရောက်ဖူးရုံတင် ဘယ်ကမလဲ။ အခုလိုပဲ အလုပ်တောင် ဝင်လုပ်ခဲ့သေးတာပေါ့ တူမကြီးရယ်"

စကားအစတစ်ခုတော့ ထွက်ပေါ်လာပြန်ပြီဖြစ်သည်။

ဦးအောင်မြင့်ထံမှ မသိရသည့် အချက်အလက်ကို ဤအမျိုးသမီးကြီးထံမှ သိလာနိုင်သည်ပဲ။

"အဲဒီတုန်းက ဒီအိမ်ကြီးမှာ ဘယ်သူတွေနေသွားသလဲ။ အစ်မကြီးက ဘယ်သူ့ဆီမှာ အလုပ်လုပ်ခဲ့တာလဲ"

သီတာက စပ်စပ်ပေါက်ပေါက်ပင် မရအရ မေးလိုက်မိသည်။ ဘာကြောင့်လဲမသိ။

အမျိုးသမီးကြီးသည် မျက်စိမျက်နှာ တော်တော်ပျက်သွားသည့်အဖြစ်ကို သီတာတည့်တည့်ပပ သတိပြုမိလိုက်သည်။

"ဒီအကြောင်းတွေနဲ့ အစ်မကြီးတို့ ဒီအိမ်မှာ အလုပ်လုပ်မယ်ကိုစွပ်ပတ်သက်နေရလို့လားများလားကွယ်"





"ဪ . . . အစ်မကြီးရယ် သီတာတို့သိထားတာက ဒီအိမ်ကို ဖေဖေဝယ်ထားတာကြာပြီ။ အဲဒါနဲ့တောင် ဘယ်လိုလူတွေက ဒီအိမ်ကြီးပေါ်မှာ တက်ပြီးနေကြတာလဲဆိုတာကိုတော့ သိချင်သေးတာပေါ့"

သီတာက အကျိုးအကြောင်းဆီလျော်အောင် ပြောလိုက်၏။

"တူမကြီးရဲ့နာမည်က မသီတာတဲ့လား"

"ဟုတ်ပါတယ် အစ်မကြီး။ သူက သီတာရဲ့မောင်လေး တင့်ဝေပါ။ ဖေဖေကတော့ ဦးတင်လှိုင်ပါ"

သီတာက သူတို့နှစ်ယောက်ကို မိတ်ဆက်လိုက်၏။

"အစ်မကြီးရဲ့နာမည်က ဒေါ်စမ်းစမ်းပါ။ သူက အစ်မကြီးရဲ့တူမ မသင်းသင်းရီပါ။ သူမှာ မိဘနှစ်ပါးမရှိတော့တာ ကြာပြီ။ အစ်မကြီးကပဲ သူ့ကို ဘဝတစ်လျှောက်လုံး ဒီအသက်အရွယ်ရောက်တဲ့အထိ ကျွေးမွေးစောင့်ရှောက်လာခဲ့ရတာ"

ဒေါ်စမ်းစမ်းက သင်းသင်းရီဆိုသည့် မိန်းမပျိုလေးနှင့် စပ်လျဉ်း၍ အကျဉ်းချုံးပြောပြသွား၏။

"အစ်မကြီးမှာ အိမ်ထောင်မရှိဘူးလား"

သီတာက နှိုက်နှိုက်ချွတ်ချွတ်ပင် မေးမိသည်။ နည်းနည်းတော့



www.burmeseclassic.com

www.burmeseclassic.com

ရှိင်းရာကျမည်လားမသိ။ မဘာတ်နိုင်ပါ။ အမှုင့်အရေးရေတွန်းရုံကိမှာ မေးစရာရှိသည်ကိုသာ မေးရပေမည်။

"အရင်က ဒီမှာ ဘယ်သူတွေနေသွားတာလဲ"

စကားလမ်းကြောင်း ပြောင်းလဲသွားမှန်း သိလိုက်သည်မို့ ကိုယ်သိချင်တာကိုသာ သိတာက မရအရမေးသည်။

ဒေါ်စမ်းစမ်းသည် သက်ပြင်းတစ်ချက်ကိုသာ ချလိုက်ရာမှ မလွဲမကင်းသာ . . .

"ဒေါ်စောလှကြည်"

နာမည်က ဝဲစ်မျိုးပင်။

စီးပိုးလွန်းနေသည်လား မသိ။

မြန်မာလူမျိုးကော ဟုတ်ပါ၏လော။

"ဒေါ်စောလှကြည် . . . ဟုတ်လား"

"ဟုတ်တယ်"

"နာမည်ကတစ်မျိုးပဲနော်။ ဆွေကြီးမျိုးကြီးထဲကနဲ့တူတယ်"

"ဒီစိတ္တရမဟီမှာတော့ အဲဒီတုန်းက ဒေါ်စောလှကြည်ဟာ အချောအလှထွတ်ခေါင်ပဲ။ သူ့ကိုလိုချင်တဲ့လူတွေကလည်း ဝိုင်းဝိုင်းလည်ဖနေတာပဲ။ အဲဒီဝိုင်းဝိုင်းလည်နေတဲ့လူတွေထဲမှာ ပန်းချီဆရာလေး နေဝလက အဆိုးဆုံးပဲ။





လာပြန်ပြီ။

နောက်ထပ်နာမည်တစ်မျိုး။

ပန်းချီဆရာလေး နေဝလ။

ဝင်ပေါက်နားတွင် ချိတ်ဆွဲထားသည့် ပန်းချီကားချပ်ကြီးကို ပြေးရှုမြင်ယောင်မိလိုက်သည်။

"အဲဒီပန်းချီဆရာလေးဆိုတာက မိုးရွာထဲမှာ အသက်သေသွားတဲ့လူလား"

သိတာ၏ဒက်ထိမှန်သောစကားကြောင့် ဒေါ်စမ်းစမ်း မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားလျက် . . .

"ဟင် . . . အဲဒီအကြောင်းတွေကိုတောင် တူမကြီးသိနေမှကိုး။ ဟုတ်တယ်။ ပန်းချီဆရာလေး နေဝလဟာ ဖွဲလမ်းတဲ့စိတ်နဲ့ စိတ္တဇဝေဒနာဖြစ်ခဲ့ရရှာတယ်။ နောက်ဆုံး လမ်းပေါ်မှာ မွေးသေပက်ဖသ သေသွားရတဲ့ အဖြစ်ကို ရောက်သွားရရှာတယ်"

"ဒေါ်စမ်းစမ်း"



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မြင့် ရုတ်တရက်ရောက်လာကာ ဒေါ်စမ်းစမ်းအား သတိပေးသလို လှမ်းအော်ခေါ်သည်။

ဒေါ်စမ်းစမ်းသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ဦးအောင်မြင့်ကို လှမ်းကြည့်သည်။

"ခင်ဗျား ဒီကိုလာတာ အလုပ်လုပ်ဖို့မဟုတ်လား။ အလုပ်အကြောင်းပဲပြောလေ၊ ဘာဖြစ်လို့ မဆီမဆိုင်တဲ့စကားတွေ လျှောက်ပြောနေရတာလဲ။ အဲဒါကြောင့် ခင်ဗျားတို့ကို ဒီကိုမလာစေချင်တာ"

ဒေါ်စမ်းစမ်း အတိတ်အကြောင်းတွေပြောတော့မည်ကို မလိုလားဟန်ဖြင့် ဦးအောင်မြင့်က လှမ်း၍ ပိတ်ပင်တားဆီးလိုက်ခြင်း ဖြစ်သည်။

"နေပါဦး ဦးအောင်မြင့် . . . သူတို့ကို သီတာက မေးနေတာ။ အဲဒီတုန်းကအကြောင်းတွေကို သိချင်လို့ မေးနေတဲ့ကိစ္စကို ဦးအောင်မြင့်က ဘာဖြစ်လို့ လိုက်ပြီးပိတ်ပင်နေရတာလဲ"

သီတာက ဦးအောင်မြင့်အား ငေါက်ဆတ်ဆတ်လေသံဖြင့် ပြန်ပြောလိုက်မိသည်။

"ကလေးမ ဘာမှမသိပါဘူးလေ။ ဘယ်လိုကိစ္စမျိုးမဆို ညောင်မြစ်တူးရင်းနဲ့ ပုတ်သင်ဥပေါ်သွားတဲ့ဟာမျိုးတွေ ရှိတယ်။ အခုကိစ္စမှာလဲ အတိတ်ကအကြောင်းပြောရင်းနဲ့ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိပါးမှာစိုးရတယ်။ အဲဒါကြောင့်ပါ။ အမှန်တော့ ဦးလေးက စေတနာနဲ့ ဝင်တားတာပါ။ ကလေးမတို့က ဦးလေးကို တစ်မျိုးတစ်မည် ထင်ကောင်းထင်မှာပဲ"

အတိတ်ကအကြောင်းတွေကို ပြန်ပြီးတူးဖော်လိုက်သည်နှင့် လူတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးနိုင်သည်ဆိုပါလား။

ထိုလူတစ်ယောက်ဆိုသည်မှာ မည်သူနည်း။

"ဦးအောင်မြင့် သီတာ့ကို အမှန်အတိုင်းပြောစမ်းပါ။ ဦးအောင်မြင့်ပြောတဲ့လူတစ်ယောက်ဆိုတာ ဖေဖေများလား"

သီတာက တည့်တိုးပင် မေးလိုက်၏။

"ခက်တာပဲ ကလေးမရယ်၊ ဒီအကြောင်းတွေ ပြောမိရင် ဒီလိုဖြစ်လာမယ်ဆိုတာကို ဦးလေး အစကတည်းက သိထားပြီးသား။ အဲဒါကြောင့် မပြောချင်တာ။ အရေးကြီးတာက လောလောဆယ် ကိုယ်ကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာပဲ၊ ဒီလိုအချိန်မှာ ဟိုတုန်းကကိစ္စတွေပါ ခေါင်းထဲထည့်လိုက်ရင် ကလေးမပဲ ပိုပြီး စိတ်ဒုက္ခရောက်တော့မပေါ့ကွယ်"




www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တော့လည်း ဟုတ်သည်။

ဤအိမ်ကြီးသို့စရောက်သည့်ညမှာပင် ပြဿနာတွေက အလုံးအရင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်မို့ စိတ်ရှုပ်ထွေးညစ်မှိုင်းနေရသည်။ ဖနောက်ထပ် အရှုပ်အထွေးတွေကို ဦးနောက်ထဲထည့်ထားလိုက်လို့ကတော့ လူမှာ ဦးနောက် ချာချာလည်သွားနိုင်၏။

ဦးအောင်မြင့် ပြောသွားသည်တို့က သဘောသဘာဝကျနေသောကြောင့်လည်း ထိုအကြောင်းတွေ မေးဖို့ ဦးနောက်ထဲကနေ အခိုက်အတန့် ဖယ်ထားလိုက်ရာမှ . . .

"ကောင်းပြီလေ။ ဒေါ်စမ်းစမ်းက ချက်ရေးပြုတ်ရေး တာဝန်ယူပေါ့။ ဈေးငယ်တာက အစပေါ့နော်။ ဟိုညီမလေးကတော့ အိမ်သန့်ရှင်းရေးကိစ္စနဲ့ ကလေးတွေကိစ္စကို တာဝန်ယူပေါ့နော်။ ဒီမှာ စားပြီးသောက်ပြီး လခအနေနဲ့ တစ်ယောက်တစ်သောင်းစီ ပေးမယ်။ ဘယ့်နှယ်လဲ"

ဒေါ်စမ်းစမ်းက တုန်ယင်လိုက်မောနေသည့်အသံဖြင့် . . .

"တူမကြီး ဘယ်လောက်ပဲ ပေးပေးပါကွယ်။ အရေးကြီးတာက နေရေးနဲ့စားရေးပါ။ အခုလိုအလုပ်ပေးတာကို ကျေးဇူးတင်ပါတယ်ကွယ်"

"ကိစ္စမရှိပါဘူး ဒေါ်စမ်းစမ်း။ သီတာကလည်း လူတစ်ဖက်သား





ဒုက္ခရောက်နေရင် မျက်နှာလွှဲခဲပစ်မလုပ်တတ်ဘူးလေ . . . ဟိုညီမလေးက စကားနည်းလှချည်လား။ အခုအချိန်အထိ သူ့ဆီက စကားသံတစ်ခွန်းမှ ထွက်လာတာ မကြားရသေးဘူးနော်"

သီတာက သင်းသင်းရီကို စေ့စေ့စူးစူးကြည့်၍ ပြုံးမျက်နှာပေးဖြင့် မေးလိုက်၏။

သင်းသင်းရီသည့် ထိုမိန်းမပျိုစကားတစ်ခွန်းမှ မပြောဘဲ သည်အတိုင်းကြီး ငြိမ်သက်ပြီး ထိုင်နေခဲ့သည်မို့ စိတ်ထဲမှာ ထူးဆန်းပြီး မေးလိုက်မိခြင်းဖြစ်သည်။

ဘာကြောင့်လဲမသိ။

ဒေါ်စမ်းစမ်းကော သင်းသင်းရီပါ နှစ်ယောက်စလုံး မျက်စိ မျက်နှာ ပျက်သွားကြ၏။

အထူးသဖြင့် . . .

သင်းသင်းရီမှာ ပိုပြီးမျက်စိမျက်နှာ ပျက်နေ၏။

သူမေးလိုက်သည့်အမေးစကားထဲမှာ ဘာအမှားများပါသွားပါလိမ့်ဟု တွေးရင်း သီတာသည် အလျင်အမြန်ပင် . . .

"ဘာဖြစ်လို့လဲဟင်။ သီတာ့အမေးထဲမှာ ဘာအမှားများပါသွား


www.burmeseclassic.com

www.burmeseclassic.com



လို့လဲဟင်"

"မပါ . . . ပါဘူး။ ဒါပေမဲ့ . . ."

ဒေါ်စမ်းစမ်းသည် အထစ်ထစ်အငေါ့ငေါ့ဖြင့် အဖြေပေးရင်း စကားအဆုံးမသတ်ဘဲ ရပ်ထားခဲ့ရာမှ သင်းသင်းရီကို အားနာသလို ကြည့်သည်။

"ပြောပါ . . . ဒေါ်စမ်းစမ်းရဲ့၊ ဘာမှအားနာစရာမလိုပါဘူး။ နောက်ကျရင်လည်း ဒီမှာပဲနေကြရမယ့်ဥစ္စာပဲ၊ တစ်ယောက်အကြောင်း တစ်ယောက် သိထားတော့ ပိုကောင်းတာပေါ့ရှင်"

သီတာ့ဘက်မှ စကားလမ်းကြောင်း ဖွင့်ပေးလိုက်တော့မှပင် ဒေါ်စမ်းစမ်းသည် လည်ချောင်းတစ်ချက်ရှင်းလိုက်ရာမှ . . .

"သူ . . . သူက နားကြားပေမယ့် စကားတော့ မပြောတတ်ဘူးလေ"

"ဟင်"

သီတာ အံ့အားသင့်သွားသည် အမှန်။

ရုပ်ရည်ချောမောလှပနေပေမယ့် နှုတ်ဆွံ့အနေရှာသည့် ထိုမိန်းမပျိုကို ကြည့်၍ ကရုဏာသက်သွားမိသည်၊ တစ်ဆက်တည်း အကြောင်း





မသိဘဲ မေးမိသည့်အတွက်လည်း အားတုံ့အားနာဖြစ်သွားမိသည်။

"သူ့အကြောင်း မသိလို့ မေးမိတာနော်။ စိတ်မဆိုးနဲ့နော်"

သီတာက သင်းသင်းရီကို ကြည့်၍ တောင်းပန်စကားဆိုသည်။ သင်းသင်းရီက ပြုံးမျက်နှာပေးဖြင့် ဦးခေါင်းကို မသိမသာ ညိတ်ပြသည်။

"ကဲ . . . ဒါဆို ထားပါတော့။ ဒေါ်စမ်းစမ်းတို့ အိမ်နောက်ဘက် အလုပ်သမားအဆောင်မှာပဲ နေကြပေါ့နော်။ စားတော့ သောက်တော့ ဒီအိမ်ပေါ်မှာပဲ စားသောက်ကြပေါ့။ လိုအပ်တာရှိရင်လည်း ဘာမှအားနာ နဲ့ မလိုဘူး။ ပွင့်ပွင့်လင်းလင်းပေါ့ ဟုတ်ပလား"

ဒေါ်စမ်းစမ်းနှင့် သင်းသင်းရီ ဦးခေါင်းညိတ်ပြပြီး အပြင်သို့ ထွက်သွား၏။

"မမတို့ ဒီအိမ်ကိုရောက်လာတာ များပဲများနေသလား။ ဒါမှ မဟုတ် မှန်ပဲမှန်နေသလား မပြောတတ်ဘူး"

"ဘာဖြစ်လို့လဲ မမ"

"မမတို့ မသိရသေးတဲ့ ဖေဖေ့အကြောင်းတွေ တဖြည်းဖြည်း ပေါ်လာနေပြီလေ။ ဖေဖေ အိပ်ရာထဲမလဲခင်တုန်းက ဒီစိတ္တရုမဟိမှာ ဘာ အတ်လမ်းတွေဖြစ်ခဲ့သလဲ မသိဘူး၊ နောက်ပြီး ဒီအိမ်မှာနေသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ ဒေါ်စောလှကြည်နဲ့ကော ဖေဖေ ဘယ်လိုပတ်သက်ခဲ့သလဲ မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဦးအောင်မြင့်ပြောကတည်းက ဖေဖေဟာ ဒီစိတ္တရမဟီမှာ ဇာတ်လမ်းတစ်ခုခုဖြစ်ခဲ့တယ်ဆိုတာကို ရိပ်မိတယ် မောင်လေး။ အင်းလေ . . . ငါတို့သိချင်နေတဲ့ မေးခွန်းတွေရဲ့အဖြေကိုတော့ မကြာခင် သိလာရလိမ့်မယ်လို့တော့ မျှော်လင့်ရတာပဲ"

တစ်နေ့နေ့မှာတော့ အဖြေတစ်ခုခု ထွက်လာလိမ့်မည်ဟု သီတာ တစ်ထစ်ချယုံမှတ်ထားပြီးသား ဖြစ်သည်။

ဟတ်လျှင် ကျော်၊ ပုတ်လျှင် ပေါ်ဆိုသည့် စကားလည်း အရှိသားမဟုတ်လား။

"မမ မြိုင်သာယာဆိုင်ကိစ္စ ဘယ်လိုလုပ်မလဲ"

"ဆိုင်ရောင်းမထွက်ခင်အချိန်အထိတော့ နည်းနည်းတော့ အပင်ပန်းခံရမှာပေါ့။ စိတ္တရမဟီနဲ့ မြိုင်သာယာကို အသွားအပြန်နေ့တိုင်း လုပ်ပေးရမှာပေါ့ တင့်ဝေရယ်"

စိတ္တရမဟီနှင့် မြိုင်သာယာအကွာအဝေးက တော်တော်လှမ်းသည်။ ကားကို တစ်နာရီမိုင်ခြောက်ဆယ်နှုန်းဖြင့် မောင်းလျှင်ပင် အသွားအပြန်အနည်းဆုံး လေးနာရီကျော် ငါးနာရီကြာမြင့်မည် ဖြစ်သည်။





"မမဥစ္စာကလည်း မလွယ်ပါဘူး။ အဲဒီဆိုင်ကိုသာ မြန်မြန်ရောင်းထွက်နိုင်အောင်သာ လုပ်လိုက်ပါ။ မမတို့ကို ကျွန်တော့်အလုပ်နဲ့ ဒိုင်ခံပြီး ရှာကျွေးပါ့မယ်၊ ဘာကြောင့်ယ်ပြောတာ"

တင့်ဝေကိုကြည့်၍ သီတာ ပြုံးလိုက်မိသည်။

"ဘာပြုံးတာလဲ မမက"

"မဟုတ်ပါဘူး။ ငါ့မောင်ပြောပုံဆိုပုံကို ကြည့်ပြီး သဘောကျလို့ ပြုံးမိတာပါ။ အခုအချိန်မှာ မင်းက ဒီစကားကို ပြောနိုင်ပေမယ့် မင်း အိမ်ထောင်ကျသွားတဲ့တစ်နေ့ကျရင်တော့ မင်း အခုလို ပြောနိုင်တော့မှာ မဟုတ်ဘူး"

"ဘာလဲ . . . ကျွန်တော်က မိန်းမစကားနားထောင်မယ့်ကောင်လို့ ပြောချင်တာလား"

တင့်ဝေက မကျေမနပ်ဖြင့် မေးသည်ကို သီတာက ဦးခေါင်းကို အသာယမ်းခါပြလျက် . . .

"သဘာဝကြီးကိုက အဲဒီလိုဖြစ်နေလို့ပေါ့ကွယ်။ မိဘမောင်ဖွားက ညပေါင်း မရေတွက်နိုင်အောင်ပြောပေမယ့် နားထောင်ချမှ နားထောင်မယ်။ မယားက တစ်ညလေးပြောလိုက်ရုံနဲ့ အောင်မြင်သွားတတ်


www.burmeseclassic.com

www.burmeseclassic.com

တဲ့ သာကေတွေလည်း တပုံတပင်ကြီးရှိနေတယ်လေ၊ ကဲပါ . . ဒါတွေကို အသာထားလိုက်ဦး မြိုင်သာယာကို ငါ သွားလိုက်ဦးမယ်၊ ဆိုင် အခြေအနေရယ်၊ ရောင်းဖို့အတွက် သတင်းသွားပြီး လှှင့်ထားလိုက်ဦးမယ်၊ ငါသွားနေတုန်းအချိန်မှာ ဒီကအခြေအနေတွေကို ဂရုစိုက်ထားလိုက်ဦးပေါ့ကွယ်၊ ဟုတ်ပလား ငါ့မောင်"

❖ ❖ ❖





## အခန်း ( ၆ )

## အဘွားဒီ

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ကားတံခါးဖွင့်လိုက်စဉ်မှာပင် ဂျက်ကီသည် အသံပေးရင်း အနားသို့ ရောက်လာ၏၊ ဂျက်ကီ၏နောက်မှာတော့ သားကြီးနန္ဒနှင့် သမီးလေး မေနှင်း။

"သားနဲ့သမီးတို့ ဒီမှာပဲ အေးအေးဆေးဆေးနေခဲ့ကြနော်၊ ဦးဦး ရဲ့ စကားကိုလည်း နားထောင်ကြနော်၊ မေမေ ဟိုမှာ စီစဉ်စရာရှိတာ


www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ပြီးရင် ချက်ချင်းပြန်လာခဲ့မယ်။ ဟုတ်ပလား"

သီတာက ကလေးတွေ စိတ်ချမ်းသာစေရန် ဖြေသိမ့်စကားဆိုသည်။

သင်းသင်းရီ ရောက်လာသည်။ မေနှင်းဖေါ်ပခုံးနှစ်ဖက်ကို ဆုပ်ထားရင်း သွားစရာရှိတာကို စိတ်ချလက်ချသွားဖို့ လက်၊ မျက်နှာ အမူအရာဖြင့် အချက်ပြ၏။

"စိတ်ချမယ်နော်"

သီတာ၏အပြောကို သင်းသင်းရီက ဦးခေါင်းညိတ်ပြ၏။

သီတာ ကားထဲဝင်ထိုင်လိုက်သည်။ စက်နှိုးပြီး မောင်းထွက်ခဲ့သည်။ နောက်ကြည့်မှန်မှတစ်ဆင့် နောက်ဘက်သို့ အမှတ်မထင်ကြည့်မိသည်။ ကလေးနှစ်ယောက်နှင့်အတူ သင်းသင်းရီသည် ရပ်လက်စနေရာတွင်ပင် ရပ်ပြီး သူ့ကားနောက်ပိုင်း လှမ်းကြည့်နေသည့်အဖြစ်ကို တွေ့မြင်ရသည်။

သီတာသည် ပင့်သက်တစ်ချက်ရှိုက်ကာ မျက်လုံးအကြည့်ကို ရှေ့ဆီသို့ ပြောင်းရွှေ့ပြီး ကားကို ဂရုတစိုက်ဖြင့် မောင်းနှင်ခဲ့၏။

ထွက်လို့သာထွက်ခဲ့ရသည် . . .





နောက်တွင်ကျန်ရစ်ခဲ့သည့် မိသားစုအတွက်တော့ စိတ်ထဲမှာ နောက်ဆံတတင်းတင်းဖြစ်နေမိသည်အမှန်။

တင့်ဝေပြောသကဲ့သို့ပင် မြို့ငသာယာရှိ ဆိုင်ခန်းလေးကို ငှေ့ချပြီးလျှင်တော့ အိုးမကွာ အိမ်မကွာနေမှ ဖြစ်တော့မည်။

ကြိုးတံတားထိပ်နားသို့ ရောက်လာသည်။

အသက်ခြောက်ဆယ်အရွယ်ခန့်ရှိ တုတ်ကောက်အကူအညီ ရယူထားသည့် တုန်ချိချိနှင့် အဘွားအိုတစ်ယောက်က လက်ပြပြီး တားနေသောကြောင့် ကားကို ရပ်ပေးလိုက်ရသည်။

"ဩော် . . . ကားမောင်းလာတာ မိန်းကလေးကိုးကွယ့်။ သမီးလေးရေ အမေကြီး ဟိုဘက်တံတားထိပ်အထိ လမ်းကြုံလိုက်ခဲ့ချင်တယ်။ အဲဒါ . . ."

"ရပါတယ် အမေ။ လာလေ . . . အရှေ့ခန်းမှာ လာထိုင်"

သီတာက ကားရှေ့ခန်းတံခါးကို ကြိုတင်ဖွင့်ပေးထားလိုက်၏။ အဘွားအိုသည် ချိနဲ့နဲ့ဖြင့် ကားပေါ်သို့တက်ထိုင်ခဲ့ရာမှ . . .

"လူဆိုတာ အသက်ကြီးလာရင် မကောင်းဘူး။ ဟိုကချို့ယွင်း ဒီကချို့ယွင်းနဲ့ အားလုံးပုံမှန်အနေအထားကို ပြန်မရောက်တော့ဘူး။


www.burmeseclassic.com

www.burmeseclassic.com

အသက်မသေသေးတာကိုပဲ ပြန်ပြီး ကျေးဇူးတင်နေရသေးတယ်"

"ဒီလိုပေါ့ အမေရယ်။ လောကကြီးမှာ ဘုရားပေးသမျှပေါ့။ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်နေရမှာပဲ။ ဟုတ်တယ် မဟုတ်လား အမေ"

သီတာက အလိုက်သင့် အလျှားသင့် ပြန်ပြောသည်။

"နို့ . . . သမီးလေးက မနေ့က ဟိုလင်းနို့စံအိမ်ကြီးကို ပြောင်းလာတဲ့မိသားစုထဲကပဲလား"

သီတာ၏တစ်ကိုယ်လုံး တောင့်ခနဲဖြစ်သွား၏။

လင်းနို့စံအိမ်ဆိုသည့် စကားကြောင့်ဖြစ်သည်။ ချက်ချင်းပင် တုန်လှုပ်သွားသည်။ စိတ်ကို တည်ငြိမ်အောင် လုပ်ရင်း . . .

"ဟုတ်ပါတယ် အမေ။ ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူးကွယ်။ တစ်ခုတော့ရှိတယ် အဲဒီမှာ နိုတွယ်နေတဲ့လင်းနို့တွေကိုတော့ သတိထားကွယ့်။ အဲဒီလင်းနို့တွေက အသားစားထားတာ။ စောလှကြည်တို့တုန်းက ဒီလင်းနို့တွေကို အသားစိမ်းတွေ၊ သွေးတွေ တိုက်ကျွေးပြီး တတန်တက မွေးထားတာ။ စောလှကြည်က ဘယ်လိုမိန်းမျိုးလဲ မသိဘူး။ မွေးစရာရှားလို့ အဲဒီအရုပ်ဆိုးဆိုးနဲ့ လင်းနို့တွေကိုမှ မွေးထားရတယ်လို့ကွယ်"





ထူးထူးဆန်းဆန်းစကားတွေကို ကြားလာရပြန်ပြီ။

"အဲ . . . အဲဒီဒေါ်စောလှကြည်က အခုဘယ်ရောက်သွားပြီလဲ"

"သေသွားပြီလေ။ အဲဒီအိမ်ကြီးရဲ့လှေကားပေါ်ကနေ ပြုတ်ကျပြီး တစ်ခါတည်း ပွဲချင်းပြီး သေသွားတယ်လေ။ သူ့အလောင်းကိုတောင် အဲဒီအိမ်ကြီးရဲ့ အနောက်ဘက်မှာ ဂူသွင်းပြီး မြှုပ်ထားသေးတယ်။ အင်း ဒီအဖြစ်အပျက်တွေက တော်တော်ကြီးကို ကြာခဲ့ပြီဆိုပေမယ့် စိတ္တရမဟီမှာတော့ ဘယ်လိုမှ မေ့ပျောက်လို့မရတဲ့ အဖြစ်သနစ်တွေပဲပေါ့ကွယ်။ လူတချို့ကတော့ ပြောကြတယ်။ စောလှကြည်ရဲ့ဝိညာဉ်ကို အဲဒီမှာရှိနေတဲ့ လင်းနို့တွေက စောင့်ရှောက်နေတာတဲ့။ တကယ် ဟုတ်မဟုတ်တော့ အတိအကျ မပြောနိုင်ဘူးပေါ့လေ"

"နှစ်တွေ ဒီလောက်ကြာပြီးမှ အဲဒီတုန်းက လင်းနို့တွေက အခုအချိန်အထိ ရှိနိုင်ပါ့မလား အမေရဲ့"

အဘွားအိုက ပန်းနှစ်ဖက်ကို အသာကြုံ့ပြလျက် . . .

"အဲဒါတော့ အမေလည်း မပြောတတ်ဘူးလေ။ လူတွေရဲ့ပါးစပ်များမှာ ပြောဆိုနေကြတာကို ပြောပြတာ။ အင်း . . . သမီးပြောတော့မှပဲ အမေလည်း အဲဒါကို သွားပြီးတွေးမိတယ်။ တစ်ခုတော့ရှိတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက လင်းနို့ဒေတွမရှိတော့ပေမယ့် သူတို့ရဲ့သားသမီးမြေးမြစ်တွေ တော့ ရှိမှာပေါ့လေ။ တိရစ္ဆာန်ဆိုတာမျိုးက တိရစ္ဆာန်အလုပ်ပဲလုပ်နေမှာ ဆိုတော့ နောက်ထပ် နောက်ထပ် မျိုးရိုးစဉ်ဆက်တွေ မပေါ်ပေါက် လာစရာ အကြောင်းမရှိဘူးလေ။ ဟုတ်တယ် မဟုတ်လား။ အမေ ပြော တာ သဘာဝကျတယ် မဟုတ်လား"

"အဲဒီတုန်းက ဒီအိမ်ကြီးမှာ ဒေါ်စောလှကြည် တစ်ယောက် တည်း နေတာလား"

အခွင့်အရေးရတုန်းမို့ ဘူ သိချင်သည်ကို အလျှင်အမြန် မေး လိုက်မိသည်။

"မဟုတ်ဘူးကွယ့်။ ကိုတင်လှိုင်ဆိုတဲ့လူနဲ့နေတာ။ ဒါပေမဲ့ အဲဒီ ကိုတင်လှိုင်ဆိုတာက ဒီမှာ အမြဲမနေဘူး။ လာလိုက် သွားလိုက်ပေါ့ကွယ်။ သူ့မှာလည်း ဒီပြင်မှာ တခြားအနောင်အဖွဲ့တစ်ခုခုရှိနေတဲ့ပုံစံပဲလေ"

ဖခင်ဖြစ်သူ၏ နာမည်ကို စပြီးကြားလိုက်ကတည်းက သီတာ သည် သဘိလက်လွတ်ဖြစ်ကာ ကားဘရိတ် ဆောင့်နင်းလိုက်မိသည်။

"ဘာဖြစ်လို့လဲ သမီး"

အဘွားအို မေးတော့မှ သူ မှားသွားမှန်း သိလိုက်၏။





ဒါကြောင့်လည်း ကားကို ပြန်လည်မောင်းထွက်ခဲ့ရာ . . .

"ဘာမှမဖြစ်ပါဘူး အမေ။ ခြေထောက်က ယောင်ပြီး ဘရိတ် ကို နင်းမိသွားတာ။ စောစောတုန်းက ဇာတ်လမ်းလေးကို ဆက်ပြီး မပြော ပါဦး အမေ။ နားထောင်ကောင်းလွန်းလို့ပါ"

"သူတို့ရဲ့အဖြစ်က တစ်မျိုးပဲ။ သူတို့နှစ်ယောက်က ဘယ်တော့ မှ တည့်တယ်ရယ်လို့ မရှိဘူး။ အဲဒီ ကိုတင်လှိုင်ဆိုတဲ့လူရောက်လာတိုင်း အဲဒီအိမ်ကြီးထဲကနေ စကားများရန်ဖြစ်ကြတဲ့အသံကို အမြဲတမ်းကြားနေ ရတတ်တယ်။ နောက်ပြီး စန္ဒရားသံကိုလည်း တစ်ညလုံးလိုလို အနီး ပတ်ဝန်းကျင်က လူတွေ ကြားနေရတာဟိတယ်လေ"

"အဲဒီစန္ဒရားကို ဘယ်သူက တီးတာတဲ့လဲ"

"အမေလည်း အတိအကျတော့ မသိဘူး။ အနီးပတ်ဝန်းကျင် က လူတွေရဲ့စကားအရတော့ စောလှကြည်ဟာ အရက်မူးမူးနဲ့ စန္ဒရားကို တစ်ညလုံးထိုင်ပြီး တီးနေတာတဲ့။ ဒါကလည်း ကိုတင်လှိုင်ဆိုတဲ့သူ ရောက်လာတဲ့ညတိုင်းမှာ စကားများပြီးရင် စန္ဒရားသံကိုလည်း တစ်ည လုံး ကြားနေရတော့တာပဲတဲ့။ အင်း . . . ပုထုဇနော့ဉမ္မတ္တကောတဲ့။ ပုထု ဇဉ်လူသားမှန်သမျှ တစ်ယောက်တစ်မျိုးစီ ရူးနေကြတဲ့အထဲမှာ စောလှ



www.burmeseclassic.com

www.burmeseclassic.com


ကြည်ကတော့ တစ်မျိုးတစ်ဘာသာပေါ့လေ။ အချစ်ရူးရူးပြီး အတွေးစွဲနေတယ်လို့ ဆိုရမှာပေါ့။ ကဲ . . . ကဲ . . . စကားပြောလို့တော့ ကောင်းပါတယ်။ တံတားထိပ်လည်း ရောက်လာပြီ။ အမေ့နာမည်လည်း မှတ်ထားပေါ့။ ဒေါ်ဖွားသစ်တဲ့။ သမီးလေးကကော . . .”

သီတာသည် ကားကို တံတားထိပ်တွင် အသာရပ်ပေးလိုက်ရာမှ ဒေါ်ဖွားသစ်အား တစ်လုံးချင်း အဖြေပေးခဲ့၏။

“သမီးရဲ့နာမည်က သီတာပါ။ သမီးရဲ့အဖေက ဦးတင်လှိုင်ပါ”

“ဟင်”

မေးစင်းနေသည့် ဒေါ်ဖွားသစ်၏ မျက်လုံးအစုံ ပြူးကျယ်သွားခဲ့ရာမှ တုန်ရီရီလက်အစုံဖြင့် ကားတံခါးဖွင့်၍ အောက်သို့ဆင်းသွားတော့၏။

“သွားမယ်နော် အမေ။ နောက်တွေ့လည်း ခေါ်ပေါ့”

သီတာသည် နှုတ်ဆက်စကားဆိုပြီးနောက် ကားကို မောင်းထွက်ခဲ့သည်။ ရင်ထဲမှာတော့ ဗလောင်ဆူလျက်ရှိသည်။ ဖေဖေသည် မေမေ့ကွယ်ရာတွင် ဇာတ်ရှုပ်တစ်ခုကို ဖန်တီးထားသည်ပဲ။

သူ့ဝဒ်အနေဖြင့် ဖခင်ဖြစ်သူနှင့်ပတ်သက်စပ်လျဉ်းနေသည့် အရှုပ်အထွေးတစ်ခုကြားထဲသို့ မလည်[illegible]နှင့် ဝင်ရောက်နေသလို ဖြစ်



နေပြီထင်သည်။

ဒေါ်စောလှကြည်သည် သူ့ အသက်သေဆုံးသွားခဲ့သော်လည်း သူ့အငွေ့အသက်တွေကိုတော့ ချန်ထားသွားပုံရသည်။

ပြီးတော့ ဒေါ်စောလှကြည် သေဆုံးသည်က ရိုးရိုးသာမန် သေဆုံးရသည်မျိုးမဟုတ်။ အရက်မူးလွန်ပြီး လှေကားပေါ်ကနေ ကျပြီး သေဆုံးရခြင်းဖြစ်သည်။

ဒေါ်ဖွားသစ် ပြောသွားသည့်အထဲတွင် . . .

အိမ်နောက်ဘက်၌ ဒေါ်စောလှကြည်အား ဂူသွင်းထားသည့် အုတ်ဂူရှိနေသည်ဆိုသည်။

ထိုလင်းနို့တွေရှိသည်မှာလည်း ဒေါ်စောလှကြည်၏ဝိညာဉ်အား အကာအကွယ်ပေးဖို့ စောင့်ရှောက်ဖို့ အိမ်ထဲခိုအောင်းဝင်ရောက်နေခြင်းဖြစ်သည်ဆိုသည်။

ညတုန်းက ကြုံတွေ့ခဲ့ရသည့် အဖြစ်သနစ်တို့နှင့် ဒေါ်ဖွားသစ် ပြောသွားသည့်အကြောင်းအရာတွေက တစ်ခုနှင့်တစ်ခု အဆက်အစပ် ရှိနေသည်လား မသိ။

တစ်ခုတော့ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မွှားသစ်ပြောသွားသည့် ဇာတ်လမ်းထဲ၌ ဟိုပန်းရိုးဆရာ နေဗလအကြောင်း ပါမလာသည်ကတော့ ထူးဆန်းလွန်းသည်ထင်သည်။

ပန်းရိုးဆရာလေး နေဗလ၏အညတ်လမ်းက တသီးတခြားများ ဖြစ်နေလေရော့သလား။

ဒီအိမ်ကြီးကို ရောက်ပဘာ တစ်ရက်ပဲရှိသေးသည်။ အဖြေညှိမရ သည်။

စိတ်ရှုပ်စရာကောင်းလိုက်ပါဘိတော့သည်။

မြိုင်သာယာရှိ ဆိုင်ကိုပါမကာ စိတ္တရမဟီမှ ဤအိမ်ကြီးကိုလည်း အပြီးအပိုင် ရောင်းချလိုက်လျှင် ကောင်းမယ်ထင်သည်။

❖ ❖ ❖





# အခန်း ( ၇ )
# အစောင့်အယှက်

တစ်မနက်ခင်းလုံး လင်းလင်းချင်းချင်းဖြင့် မိုးသားမိုးရိပ်တို့ကို မတွေ့ခဲ့ရသမျှ ညနေစောင်း၍ ပြန်ကာနီးအချိန်လောက်ကျမှ မိုးသား မိုးရိပ်တို့က အလုံးအရင်းနှင့် ကောင်းကင်ပေါ်သို့ ထိုးတက်လာတော့၏။

အချိန်က ညနေစောင်း ငါးနာရီသာသာလောက်သာ ရှိသေးသော်လည်း တစ်လောကလုံး မှောင်ပိန်းနေ၏။

သီတာသည် လုပ်ဆောင်စရာရှိသည်တို့ကို အပြီးသတ်ပိုပ်


www.burmeseclassic.com

www.burmeseclassic.com

စေတော်သည်။ ခိုင်နီးနားချင်းတို့အား မှာကြားစရာရှိသည်တို့ကို အလျင်အမြန်မှာကြားပြီး ကားပေါ်တက်၍ စက်နှိုးကာ အမြန်မောင်းနှင်ခဲ့သည်။

မိုးရွာမည်စိုးကြောက်လို့ ကားကို အပြင်းမောင်းနှင်ခဲ့ကာမှ လမ်းခုလတ်သို့အရောက်တွင် ကားမှာ ဟပ်ထိုး ဟပ်ထိုးဖြစ်လာ၏။ ဆီပိတ်သည်လား၊ အင်ဂျင်တစ်ခုခုဖြစ်သည်လား။

စိတ်ကိုတောင်းစွာပင် ကားကို လမ်းဘေးသို့ ထိုးရပ်ကာ စက်ခေါင်းအဖုံးကို ဖွင့်လိုက်သည်။ ကားထဲကနေ မီးခိုးငွေ့တွေ အလိပ်လိုက်ထွက်လာကာ မျက်နှာကို လာ၍ ဟပ်သည်။ မျက်နှာတစ်ပြင်လုံး အပူရှိန်ဟပ်သွား၏။

ထို့ယက်မှာမှ . . .

ဟောင်းခနဲ ကွက်ပေါ်လာသောအနံ့ဆိုးကြီးကြောင့်လည်း နှာခါင်းကို ရှုံ့၍ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

ထို့နောက် . . .

မျက်နှာရှေ့တွင် ဝေ့ဝဲကာဆီးနေသော မီးခိုးငွေ့များကို လက်ဖြင့် ဖယ်ရှားပြီး ကားစက်ခေါင်းထဲသို့ ငုံ့ကြည့်လိုက်မိသည်။

သည်တော့လည်း . . .





သွေးသံရဲရဲနှင့် မလှမပမြင်ကွင်းတစ်ခု သွားရှိ၍တွေ့မိလိုက်တော့၏။

ပန်ကာကြိုးနှင့်ငြိ၍ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်ကာ သွေးရဲရဲသံရဲရဲနှင့် လင်းနို့သုံးကောင်၏ ခန္ဓာကိုယ် အပိုင်းအစတွေကို မြင်တွေ့လိုက်ရခြင်းပဲ ဖြစ်ပါတော့၏။

သီတာသည် မြင်တွေ့လိုက်ရသည့်မြင်ကွင်းဆိုးကြောင့် သည်းထိတ်ရင်ဖိုဖြစ်ရမည့်အစား စိတ်ဓာဒါသပင် ထွက်သွားမိတော့၏။

အမှန်တော့ . . .

ထိုလင်းနို့သုံးကောင်မှာ သူ့အလိုအလျောက်တော့ ကားစက်ခေါင်းထဲ ဝင်နေစရာအကြောင်းမရှိ။

တစ်ယောက်ယောက်က ကားစက်ခေါင်းအဖုံးကို ဖွင့်၍ ကြိုတင်ထည့်သွင်းထားခြင်းသာ ဖြစ်သည်။

ဦးအောင်မြင့်ကို ပြေး၍ မြင်ယောင်သည်။

ဒီလင်းနို့သုံးကောင်ကိစ္စမှာ ဦးအောင်မြင့် လက်ချက်များ ဖြစ်နေမလား။

ထင်စရာဆိုလို့ ဦးအောင်မြင့်တစ်ယောက်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခြံထဲသို့ အပြင်လူဝင်ဖို့ဆိုတာက သိပ်တော့မလွယ်။

ခွေးကြီးဂျက်ကီက အိမ်ရှေ့တွင် ရှိနေသည်ပဲ မဟုတ်လား။

သီတာသည် ကားထဲမှ အဝတ်စုတ်ကို ယူသည်။ ထိုအဝတ်စုတ်ဖြင့် ပန်ကာကြိုးတွင် တွယ်ငြိနေသည့် လင်းနို့သတ္တဝါသုံးကောင်၏ ခန္ဓာကိုယ်အပိုင်းအစတွေကို ယူ၍ အဝေးသို့ လွှင့်ပစ်သည်။ အလုံးစုံ ရှင်းလင်းပြီးသည်နှင့် ကားစက်နှိုး၍ ပြန်မောင်းထွက်ခဲ့သည်။

စိတ်ထဲမှာ ဒေါသထွက်လွန်းနေသည်မို့ ခြေထောက်က ကားလီဗာကို အဆုံးအထိ ဖိနင်းထားမိသည်။

တစ်ကြိမ်တွင် . . .

ကုန်ကားကြီးတစ်စီးကို ကျော်တက်မိရာ ရှေ့မှမျက်နှာချင်းဆိုင်မှလာနေသော ကားတစ်စီးနှင့် ခေါင်းချင်းဆိုင်မိမည့်ကဲ့သို့ ဖြစ်သွား၏။

အကြောက်ကြောက်အလန့်လန့်ဖြင့် ကားစတီယာရင်ကို ဆွဲလှည့်ပြီး လမ်းကြောင်းမှန်ကို ပြန်ယူလိုက်တော့မှ တော်သွား၏။ ဒါတောင် တစ်ဖက်ကားမောင်းသူဆီက မကြားဝံ့မနာသာ ဆဲဆိုသွားသည့်စကားကို ကြားဖြစ်အောင် ကြားလိုက်ရသေး၏။

ဘုရား . . . ဘုရား ကံကောင်းလို့။ သို့မဟုတ်က ယခုလောက်





ရှိ လိုရာမရောက်ဘဲ သေရွာရောက်နေလောက်ပြီ။

ဘင်းနေသည့်စိတ်ကို ပြန်လျှော့ချလိုက်မိသည်။ ကားကိုလည်း မှန်တမ်းလေး မောင်းလာခဲ့မိသည်။

ကြိုးတံတားအစပ်နားသို့အရောက်မှာပင် ကိုရွှေမိုးက သင်းမဆင့် ဝုံမဆင့် ရွာချလိုက်တော့၏။

ရေအပြည့်ပါသည့် မိုးဖြစ်သည်။

ပါးတစ်ရိုက်ခန့်အကွာအဝေးကိုပင် မမြင်တွေ့ရတော့လောက်အောင် မြင်ကွင်းတစ်ခုလုံးက မှုန်ဘီမှုန်ဝါးဖြစ်သွား၏။

အပြင်ဘက်မှာ မိုးက ရွာပြီဆိုလေသောအခါ ကားအတွင်းဘက်ရှိ မှန်သားပြင်ပေါ်မှာလည်း ရေငွေ့ရိုက်ခတ်လာတော့၏။ ဟိုင်ခံ့ပေါ်တွင်ချထားသည့် အဝတ်စုတ်ကို လက်ဖြင့် စမ်းကြည့်သည်။ မတော့ရပါ။ နောက်မှ စဉ်းစားမိသည်။ ထိုလင်းနို့သုံးကောင်ကို ကိုင်တွယ်ပြီး ထိုအဝတ်စုတ်ကိုပါ တစ်ပါတည်း လွှင့်ပစ်လိုက်မိသည်ပဲ။

မတတ်နိုင်လေတော့။

ကားကို ထိန်းမောင်းရင်း လက်တစ်ဖက်ဖြင့် ကားရှေ့မှန်ကို ပွတ်တိုက်သုတ်လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com

အရှိန်ကလည်း ခုနစ်နာရီထိုးလုနီးနေပြီဖြစ်သည်။

ယခုမှ သတိထားမိသည်။

ကြိုးတံတားပေါ်တွင် မီးရောင် လုံးဝမရှိပေ။

မှောင်နှင့်မည်းမည်းဖြစ်နေသည်။

သီတာသည် ကားရှေ့မီးကြီးနှစ်လုံးကို ထွန်းကာ သတိထားပြီး မောင်းနှင်လာခဲ့သည်။

ဘာရယ်မဟုတ်သော်လည်း အားနွဲ့သည့်မိန်းမသားပီပီ စိတ်ထဲမှာတော့ ကြောက်ချင်သလိုလို၊ ရင်ဖိုချင်သလိုလို အလိုလိုနေရင်း ကြက်သီးမွေးညင်းများ ထမိသည်။

သည်လိုအချိန်မျိုးမှာ ဒေါ်စောလှကြည့်၏ဝိညာဉ်များ သူ့ကားထဲသို့ ဝင်လာမည်ဆိုပါက . . .

အို . . . ငါ ဘာတွေလျှောက်တွေးနေတာလဲ။ လောကကြီးမှာ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုကို တွေးပြီး ငါ ဘာဖြစ်လို့ ကြောက်နေရမှာတဲ့လဲ။

အများဘက်သို့ ယိမ်းယိုင်တော့မည့် သူ့စိတ်ကို အမှန်ဘက်သို့ ပြန်ရောက်အောင် ဖွတ်အတင်း ဆွဲခေါ်ယူသည်။

မည်သို့မည်ပုံ ကြိုးတံတားကို ကျော်၍ အိမ်ရှေ့သို့ရောက်သွား





သည်ကိုပင် သတိမထားမိလိုက်။

ကားစက်သံကြောင့်ထင်သည် အိမ်ရှေ့တံခါးဝကနေ စောင့်ကြို နေသည့် တင့်ဝေကို တွေ့ရ၏။

"မမသွားတာလာတာ တော်တော်ညဉ့်နက်တယ်နော်"

[illegible]လိုလိုကမှ [illegible]လူမောဖြစ်လာရသည့်အထိ တင့်ဝေ၏ စကားက အ[illegible]ကို ဆွဲတိုးလိုက်သလား မှတ်ထင်ရသည်။

"ငါ အ[illegible]ပြင်ပန်းလာတယ် တင့်ဝေ။ မင်း ပြောသလို ဆိုင်ကို ရသာလောက်ဈေးနဲ့ ရောင်းချပြီး ဒီမှာပဲ ကစ်ခါတည်း အခြေချနေမှဖြစ် မယ်ထင်တယ်"

"အချိန်[illegible] လုပ်လိုက်ပါ မမ။ နောက်ပိုင်းစားဝတ်နေရေးကိစ္စ အတွက်တော့ ဘာမှမပူနဲ့။ ကျွန်တော့်တာဝန်ထား"

သီတာသည် တင့်ဝေနှင့်အတူ တွဲ၍ အိမ်ထဲသို့ဝင်လာရင်း . .

"ကလေးတွေကော"

"စားပြီးသောက်ပြီးလို့ အစောကြီးကတည်းက အိပ်ရာဝင်ကုန် ကြပြီ"

ကလေးတွေ သူ့ကို စောင့်မျှော်ရင်း နောက်ဆုံးအိပ်[illegible]


www.burmeseclassic.com

www.burmeseclassic.com



သွားသည်ပဲဖြစ်မည်။

သီတာသည် အိမ်ထဲမှာ ထွန်းထားသော မီးချောင်းတွေကို မော့ကြည့်ရင်း . . .

"အင်း . . . ဒီအတိုင်း အမြဲတမ်း မီးလင်းနေရင် ကောင်းမယ်။ ဒီကိုရောက်ပြီးမှ မမလည်း အမှောင်ကို ကြောက်တဲ့စိတ်တွေ အလိုလိုဝင်နေမိတယ်ကွယ်။ ဖြစ်နိုင်ရင် ညဆိုတာတောင် မရှိစေချင်တော့ဘူး"

"မမကတော့ သဘာဝတရားကြီးကို ဆန့်ကျင်ချင်နေပြီနဲ့တူတယ်။ မမ လစ်မှာ တစ်ခုခုဖြစ်ခဲ့သေးသလား"

သီတာသည် ဧည့်ခန်းထဲရှိ ဆိုဖာထက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရာမှ . . .

"ဖြစ်ခဲ့တယ်။ ဖြစ်ခဲ့တာမှ ဒေါ်သတ္တက်စရာကို ဖြစ်ခဲ့တာ။ ငှါကားစက်ခေါင်းထဲကို လင်းနို့သုံးကောင် ဝင်နေတယ်လေ။ ငါကလည်း မသိတော့ ကားကို မောင်းနေမိတာ။ ပန်ကာကြိုးနဲ့ ငြိပြီး သုံးကောင်စလုံး အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်သွားတော့မှ ကားထဲမှာ လင်းနို့တွေဝင်နေမှန်း သိရတော့တယ်လေ"

သီတာက အတိုချုံး၍ လိုရင်းတိုရှင်း ပြောလိုက်ပေမယ့် တင့်ဇေ





ကတော့ အပြုံးမပျက်။

"ဒါများ မမရယ်။ ဘာဒေါ်သတ္တက်စရာလိုလို့လား။ ဟိုသုံးကောင်က မမရဲ့ကားထဲ ဝင်နေတယ်။ မမ အဲဒါကို မသိဘဲ မောင်းတယ်။ နောက်ဆုံး သူတို့စရိုက်နဲ့သူတို့ အနိစ္စသဘောနဲ့ ကိစ္စချောသွားကြတယ်။ အဲဒါ ဘာများဒေါ်သတ္တက်စရာရှိလို့လဲ မမရယ်"

တင့်ဇေက ရိုးရိုးတွေးပြီး ပြောသွားပေမယ့် သီတာကတော့မှ

"မဟုတ်ဘူး တင့်ဇေ . . . မဟုတ်ဘူး။ မင်းက လွယ်လွယ်တွေးပြီး ရိုးရိုးပြောနေတာ။ အမှန်က ဒီလင်းနို့သုံးကောင်ကို တစ်ယောက်ယောက်က ငှါကားစက်ခေါင်းထဲကို တမင်တကာကို ထည့်ထားတာ"

တစ်ဖွတ်ထိုးကြီး ပြောနေသည့် သူ့မမသီတာကို ကြည့်၍ တင့်ဇေသည် စိတ်ပျက်သလို ဦးခေါင်းကို မသိမသာ ယမ်းခါပြလျက် . .

"အင်း . . . မမအတွက်နဲ့တော့ ခက်တာပဲ။ ကျွန်တော်တို့ မမတို့ ဒီကိုရောက်တာ နှစ်ရက်တောင် မပြည့်သေးဘူး။ ဘယ်သူက ဘာအကြောင်းကြောင့်နဲ့ သူက ကျွန်တော်တို့ကို အခုလိုလုပ်မှာတဲ့လဲ"

အကြောင်းရင်းမှန်ကို မသိရှာသေးသည့် တင့်ဇေကို ကြည့်ပြီး သီတာ မသိမသာလေး ပြုံးလိုက်ရာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ မင်း မသိသေးတာတွေ အများကြီးရှိတယ်။ ဖေဖေ့အကြောင်းကို ငါ ဒီကနေ့ သိခဲ့ရတယ်။ ငါ တော်တော်စိတ်မကောင်း ဖြစ်မိတယ်။ ဖေဖေဟာ ငါတို့အပေါ်မှာ လျှို့ဝှက်ထားတာတွေ အများကြီး ရှိခဲ့တာပဲ ငါ့မောင်"

"ဘာတွေ လျှို့ဝှက်ထားလို့လဲ"

"လော... ဆယ် မသိချင်ပါနဲ့ဦး။ သိသွားလို့ ဘာမှထူးမှာ မဟုတ်ဘူး။ ငါ့လိုပဲ စိတ်မကောင်းရုံပဲရှိမယ်။ ကဲပါ... ဒါတွေထားလိုက် ပါတော့ ဟိုနှစ်ယောက်နဲ့ကော အဆင်ပြေရဲ့လား"

"လောလောဆယ်တော့ မဆိုးဘူးလို့ ပြောရမှာပဲ။ မမအတွက် ထမင်းနဲ့ဟင်းရှိတယ်။ ဝင်စားလိုက်တော့လေ။ မမ ဗိုက်ဆာနေမှာပေါ့"

"အေး... ဗိုက်ဆာနေတာတော့ အမှန်ပဲ။ လူလည်း ပင်ပန်း နေတယ်။ မင်းကော စားပြီးပလား"

တင့်ဝေက ခေါင်းညိတ်ပြသည်။

သို့နှင့်...

သီတာသည် ထမင်းစားခန်းသို့ ဝင်ခဲ့သည်။

ထမင်းနှင့်ဟင်းတို့ကို အုပ်ဆောင်းဖြင့်အုပ်ကာ စားပွဲပေါ်မှာ





အရန်သင့်ချထားသည်။ သီတာက အုပ်ဆောင်းကို ဖယ်လိုက်သည်။ ဘဲဥ အချဉ်ရည်ဟင်း၊ ကန်စွန်းရွက်ကြော်နှင့် ကို့ရေအစုံအလင်။

သီတာသည် ဘာရယ် ညာရယ်မဟုတ်ဘဲ စားလိုက်မိသည်မှာ သုံးပန်းကန်ပင် ကုန်သွား၏။

အိပ်ခန်းထဲသို့ရောက်တော့လည်း ပုံပုံလေးတွေ အိပ်ပျော်နေ ကြသော သားနှင့်သမီးကို ကြည့်၍ စိတ်မကောင်းဖြစ်မိရပြန်သည်။ သည်ကလေးတွေမှာ ဖခင်၏အချစ်ကို မရနိုင်တော့သလို မိခင်ဖြစ်သူမှာ လည်း ကိုယ့်အလုပ်ကိစ္စနှင့်ကိုယ် ရှုပ်နေသည်မို့ သိပ်ပြီး ဂရုမစိုက်နိုင် အား။ ဘယ်တော့များမှ သူတို့လေးတွေကို ဂရုစိုက်နိုင်သည့်အချိန် ရနိုင် မည်မသိ။

သီတာသည် သက်ပြင်းတစ်ချက်ကိုသာ ချလိုက်မိလျက် ကလေးနှစ်ယောက်ကို စောင်ခြုံပေးပြီး ခုတင်ပေါ်တက်လှဲလိုက်သည်။

အပြင်ဘက်တွင်မတော့ မိုးမင်းက အငြိုးပြင်းစွာ ဆက်လက် ရွာသွန်းနေဆဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )
## သီချင်းဆိုနေတဲ့ အသံ

"ဝုတ် . . . ဝုတ် . . . ဝုတ်"

ဂျက်ကီ၏ အဆက်မပြတ် ထိုးဟောင်ဖနေသံကြောင့် သီတာဆတ်ခနဲ လန့်နိုးသွား၏။

ပိန်းပိန်းပိတ်မည်းမှောင်ဖနေသည့် အမှောင်ထုနှင့် ရင်ဆိုင်လိုက်ရသည်။

ထုံးစံအတိုင်း မီးပျက်ပြန်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မီးပျက်ပြီး မှောင်ပြီဆိုသည်နှင့် တဖုန်းဖုန်းအသံတွေကလည်း နောက်ဆက်တွဲအဖြစ် လိုက်ပါလာတော့၏။

မရှိးသားတော့ဘူးထင်သည်။

မီးကို တစ်ယောက်ယောက်က တမင်တကာ ပျက်အောင် ဖန်တီးပြီး လင်းနို့တွေကို အိမ်ထဲသို့ မောင်းသွင်းခြင်းများလား။

သံသယစိတ်ကဝင်ရောက်လာ၏။

သည်စဉ်မှာပင် . . .

စန္ဒရားသံက ဝင်ရောက်လာပြန်၏။ ပြီးတော့ သီချင်းသံ။ အမျိုးသမီးတစ်ယောက်၏ အသံဖြစ်သည်။

သီတာသည် နတင်ပေါ်ကနေ ဆင်းသည်။

အခန်းအပြင်သို့ထွက်ဖို့ တံခါးဖွင့်သည်။ လင်းနို့တစ်ကောင်က မျက်နှာဆီသို့ ဦးတည်ပြီး ပြေးဝင်လာသောကြောင့် ကြောက်အားလန့်အားဖြင့် လက်နှင့်ရိုက်ထုတ်ကာ တံခါးကို အလျင်အမြန်ပိတ်လိုက်ရသည်။

"တင့်ဝေ . . . တင့်ဝေ"

အခန်းထဲကနေ အသံကုန်ဟစ်အော်ခေါ်မိသည်။





တစ်နည်းနည်းဖြင့် လှေကားအတိုင်း ပြေးတက်လာသည့် ခြေသံကို ကြားရသည်။

"မမ တံခါးဖွင့်လေ"

သီတာ တံခါးဖွင့်ပေးလိုက်သည်။

တင့်ဝေ အခန်းထဲသို့ဝင်ပြီး တံခါးအမြန်ပိတ်သည်။

"မင်း ကြားတယ်မဟုတ်လား။ မိန်းမတစ်ယောက် သီချင်းဆိုနေတဲ့အသံ"

"ကြားတယ် မမ"

"အဲဒါ ဘယ်သူဆိုနေတာလဲ"

"ကျွန်တော်လည်း အဲဒါကို စဉ်းစားနေတာ။ ဒေါ်စန်းမန်းတော့ မဖြစ်နိုင်ဘူး။ ဒီသီချင်းဆိုနေတဲ့ အသံကသေးတယ်။ အသက်ငယ်ငယ်နဲ့မိန်းမတစ်ယောက် ဆိုနေတဲ့အသံမျိုးပဲ"

"ဘင်းသင်းရှိ ဆိုနေတယ်လို့ထင်ရလောက်အောင်လည်း သူက အ.နေပေဘူ ခက်သားပဲ"

သီချင်းသံ ဆက်လက်ထွက်ပေါ်နေဆဲ။

လင်းနို့တွေမှာလည်း ဆက်လက် သောင်းကျန်းနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ မီးပျက်တာကို ငါတော့မသင်္ကာဘူး။ တစ်ယောက်ယောက်က မီန်းခလုတ်ကိုပိတ်ထားလိုက်တာပဲလို့ ငါထင်တယ်။ မင်း ဦးအောင်မြင့်ကို သွားနှိုးပြီး မီန်းခလုတ်ရှိတဲ့နေရာကို ပြနိုင်း။ မီန်းခလုတ်ကို စစ်ဆေးကြည့်"

သီတာက ညွှန်ကြားသည်။

တင့်ဝေသည် တံခါးဖွင့်၍ အပြင်သို့ထွက်သွားသည်။

နာရီဝက်ခန့် ကြာမည်ထင်သည်။

စောင့်ဆိုင်းရသည့်အလုပ်သည် စိတ်မောဖို့ ကောင်းလှ၏။

အဖြေမှန်တစ်ခုခုတော့ မကြာမီ ထွက်လာမည်ဟု မှတ်ထင်ရသည်။

သည်စဉ်မှာပင် . . .

ဖျတ်ခနဲ မီးလင်းလာ၏။

တိုက်ဆိုင်ထားသလား မှတ်ထင်ရသည်။

သီချင်းသံနှင့်အတူ စန္ဒရားသံကလည်း တိခနဲရပ်တန့်သွားတော့၏။

သီတာသည် တံခါးကို ဖွင့်၍ အပြင်သို့ကြည့်သည်။





လင်းနှီသတ္တဝါတွေ အပြင်ဘက်ဆီသို့ ပျံဝဲပြေးထွက်နေသည်ကို မြင်တွေ့ရသည်။

"တင့်ဝေ"

တင့်ဝေကို ခေါ်သည်။

တင့်ဝေ လှေကားအတိုင်း ပြေးတက်လာသည်။

"ဘယ့်နှယ့်လဲ။ ငါထင်တဲ့အတိုင်းပဲ မဟုတ်လား။ တစ်ယောက်ယောက်က မီန်းခလုတ်ကို တမင်တကာကို ချထားတာမဟုတ်လား"

"ဟုတ်တယ် . . . မမ ထင်တဲ့အတိုင်းပဲ။ ဒါပေမဲ့ ဦးအောင်မြင့်တော့မဖြစ်နိုင်ဘူး"

"အို . . . ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ မီန်းခလုတ်ရှိတဲ့နေရာကို သူပဲသိတဲ့ဥစ္စာ"

"အဲဒါကြောင့် ပြောတာပေါ့ အဲဒီမီန်းခလုတ်ရှိတဲ့နေရာကို သူတောင် မနည်းရှာယူရတာ"

သည်မှာတင် . . .

လမ်းစကပြတ်သွားပြန်ပြီ။

လင်းနှီသာ ဆိုပါမူ ဤအိမ်ကြီးတွင် သူတို့အပြင် အခြားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဒါမှမဟုတ် နှစ်ယောက်သုံးယောက် ရှိနေသည်လော၊

တို စန္ဒရားတီးပြီး သီချင်းဆိုနေသည့် အမျိုးသမီးကရော မည်သူနည်း။

"စန္ဒရားတီးတာရော သီချင်းဆိုတာရော မင်းလည်းကြားတယ်နော်"

"ကြားတယ်၊ အဲဒါကိုလည်း ကျွန်တော့်စိတ်ထဲမှာ တော်တော်ထူးဆန်းနေတာ"

သီတာက တင့်ဝေ၏ လက်မောင်းဆွဲကိုင်လိုက်လျက် . . .

"ဘာမှ ထူးဆန်းမနေနဲ့။ ငါနဲ့လိုက်ခဲ့၊ စန္ဒရားရှိတဲ့ အဲဒီအခန်းကို လိုက်ရှာကြည့်ရအောင်"

သူတို့မောင်နှမနှစ်ယောက် အောက်သို့ဆင်းခဲ့သည်၊

လှေကား လက်ရန်း၏ ဘားရှိ အခန်းတံခါးကို တွန်းဖွင့်ကြည့်သည်။ တံခါးက လုံးဝမ

"အင်း . . . ငါထင်တဲ့အတိုင်းပဲ၊ အပြင်ကနေ တစ်ယောက်ယောက် ဝင်လာမှာကြောက်လို့ အထဲကနေ တံခါးကို ဂျက်ချထားတာပဲ"

"ကိစ္စမရှိဘူးမမ၊ တံခါးပွင့်အောင် ကျွန်တော်လုပ်မယ်"





ပြောပြောဆိုဆို . . .

တင့်ဝေသည် တံခါးကို ကိုယ်တစောင်းဖြင့်တိုက်သည်။ ပထမတစ်ချက်နှင့် မပွင့်။ နှစ်ချက်၊ သုံးချက်မြောက်ကျတော့မှပင် တံခါးမှာ ဂျက်ပြုတ်၍ပွင့်ထွက်သွားတော့၏။

သီတာ ရှေ့ဆောင်၍ အခန်းထဲသို့ဝင်ခဲ့သည်၊

အခန်းအလယ်တွင် စန္ဒရားခုံကြီး ရှိနေသည်။ အဖုံးပွင့်နေသည်၊

စန္ဒရားခုံပေါ်တွင် ဖုန်တစ်မှုန်မှမရှိ။ အခန်းတွင်းမှာလည်း ဖုန်တစ်ငက်မှ မထင်။

တစ်ခုတော့ သေချာပြီ။

တစ်စုံတစ်ယောက်သည် ဤအခန်းတွင်းသို့ နေ့စဉ် ဝင်ရောက်သန့်ရှင်းမှုပြုနေသည်မှာ အမှန်၊

သီတာသည် နောက်ဘက်ပြတင်းပေါက်ဆီသို့ လှမ်းခဲ့သည်။

ပြတင်းပေါက်ကို တွန်းကြည့်သည်။

ပြတင်းပေါက်မှာ ဂျက်ချမထားသောကြောင့် အလွယ်တကူပင် ပွင့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ငါထင်တဲ့အတိုင်းပဲ။ ဒီပြတင်းပေါက်ကနေ အဝင်အထွက် လုပ်နေတာပဲ၊ ဒီအိမ်ထဲမှာတော့ ငါတို့ကိုဒုက္ခပေးမယ့် လူတစ်ယောက်ယောက်တော့ ရောက်နေတာသေချာသွားပြီ၊ အဲဒီလူ ဘယ်သူလဲဆိုတာသိရဖို့ပဲ အရေးကြီးတယ်"

စကားပြောနေစဉ်မှာပင် . . .

သီတာ၏ မျက်လုံးအကြည့်က တစ်နေရာဆီသို့ကျရောက်သွား၏။

ဝင်ပေါက်ရှိ အထက်နားဆီသို့ဖြစ်သည်၊ ထိုနေရာတွင် မြေဖြူဖြင့် အသော့နင်ရေးထားပုံရသော စာကြောင်းတစ်ကြောင်းက ရှိနေသည်၊ ထိုစာကြောင်း၏ အဓိပ္ပာယ်က ယင်းသို့ဖြစ်သည်၊ ဒီအိမ်ကို ငါ့အပြင် တခြား ဘယ်သူမှ မပိုင်စေရဘူး . . . တဲ့လေ။

တစ်ခုတော့ သေချာသွားလေပြီ။

ဤအိမ်ကို ပိုင်ဆိုင်ခွင့်မပေးချင်သူ တစ်ယောက်ယောက်က မိမိတို့အား ဤအိမ်ထဲကနေ ထွက်သွားအောင် နည်းမျိုးစုံဖြင့် ပညာပြနေသည်ပဲဖြစ်သည်။

မိမိတို့ ဘာလုပ်ရမည်နည်း။





ထိုမှ ခြိမ်းခြောက် ခြောက်လှန့်နေရုံမျှဖြင့် မိမိတို့ ထွက်သွားရမည်လား။ ဤအိမ်ကြီးကို အပြီးအပိုင် စွန့်လွှတ်လိုက်ရမည်လား။

"ဒီလောက်နဲ့တော့ ဒီအိမ်ကိုစွန့်လွှတ်ဖို့ဆိုတာ မဖြစ်နိုင်တာဘဲ"

မိမိ မြင်တွေ့သလို တင့်ဝေလည်း မြင်တွေ့ခဲ့ပုံရသည်။

"ဟုတ်တယ်။ ဒီလောက် ခြိမ်းခြောက် ခြောက်လှန့်ရုံလောက်နဲ့ ဘာမှ သွေးမျက်စရာမလိုဘူး။ အခုဆိုရင် သူ့ရဲ့ အားနည်းချက်တစ်ခုကို ငါတို့သိလိုက်ရပြီ။ မီးခလုတ်ပိတ်ပြီး လင်းနို့သတ္တဝါတွေကို အိမ်ထဲ မောင်းသွင်းတဲ့ကိစ္စကိုတော့ ငါတို့ ဖြေရှင်းလို့ရပြီ။ သူ့ဘက်က မီးအမှောင်ချလိုက်နာတာနဲ့ ငါတို့က မီးပြန်လင်းအောင်လုပ်ရုံပဲ။ ဒီထက်ပိုပြီး ကောင်းစေချင်ရင်တော့ နေ့လယ်နေ့ခင်းဘက်တွေမှာ ဒီလင်းနို့သတ္တဝါတွေ နို အောင်းတတ်တဲ့ သစ်ပင်ကိုရှာပြီး အမြစ်ကနေ တစ်ခါတည်း ဖြိုလှဲပစ်လိုက်ရင် ဒီလင်းနို့တွေ တခြားအသိုက်ကို ပြောင်းသွားမှာပဲ၊ အဲဒါဆို ဒီလင်းနို့တွေ ဒီအိမ်ကို ပြန်ဝင်ချင်မှဝင်တော့မယ်"

"အဲဒါတော့ အတိအကျ ပြောလို့ဘယ်ရမလဲ၊ တခြား ဘယ်နေရာရောက်ရောက်၊ သူတို့က ဒီအိမ်ကိုပဲ မှတ်မိနေတော့ ပြန်ဝင်ချင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာမှာပဲ။ သူတို့ရဲ့ သဓောသဘာဝကိုမှ ကျွန်တော်တို့ မသိတဲ့ဥစ္စာ"

ယင်းသို့သာ ဆိုပါမူ . . .

ထိုလင်းနို့တွေပြဿနာကို မည်သို့ဖြေရှင်းရမည်နည်း။

ထိုအချိန်မှာပင် . . .

အပြင်ဘက် ဂျက်ကီ့ဆီမှ နာနာကျင်ကျင်ရှိသည့် အသံဖြင့် အော်လိုက်သည့် အသံနက်ကြီးကိုကြားလိုက်ရ၏။

"ဟင် . . . ဂျက်ကီ ဘာဖြစ်သွားပြီလဲမသိဘူး"

ဂျက်ကီ့အတွက် စိုးရိမ်စိတ်နှင့်အတူ အစန်းအပြင်ဘက်သို့ အလျင်အမြန်ထွက်ခဲ့သည်။

အိမ်အပြင်ဘက်သို့ရောက်သည်နှင့် ဂျက်ကီ့အခြေအနေကို တွေ့ရပါ၏။ မြင်ရပါ၏။

သည်တစ်သက်တွင် ဂျက်ကီသည် မိမိတို့နှင့် ရေစက်ဆုံစရာ အကြောင်းမရှိပါလေတော့။

လည်မျိုတွင် စိုက်ဝင်နေသည့်အစွယ်တို့ကြောင့် ဂျက်ကီ့ခမျာ အသက်ပျောက်နေပြီဖြစ်သည်။

လောလောလတ်လတ်မှာ အရိုက်ခံလိုက်ရသောကြောင့်





လည်း လည်မျိုဆီကနေ နီရွှေးရွှေးသွေးတွေက အဆက်မပြတ် ထွက်ကျနေဆဲ။

ဂျက်ကီ၏ အဖြစ်ဆိုးကိုကြည့်၍ သီတာ ရင်မှာ ရှိုက်တက်လာ၏။ ဝမ်းနည်းစိတ်တို့က တားမရဆီးမရ ဖြစ်လာ၏။

ဂျက်ကီ သူတို့ဆီရောက်လာသည်မှာ လေး၊ငါးနှစ်လောက် ရှိပေရော့မည်။ လူသားတစ်ယောက်ကို သံယောဇဉ်တွယ်ငြိမိသလို ဂျက်ကီ့အပေါ်မှာလည်း သံယောဇဉ်ငြိတွယ်မိသည်။ တစ်ခါတစ်ရံ ခွေးသတ္တဝါလားဆိုသည့် အသိပင် ကွယ်ပျောက်နေတတ်သည်။

ယခုတော့ . . .

အမည်မသိ လူယုတ်မာတစ်ယောက်၏ လက်ချက်ကြောင့် ဂျက်ကီသည် မပြန်လမ်းသို့မြန်းသွားရှာလေပြီ။

"သူ့ဘက်ကတော့ တစ်ဆင့်တက်လာပြီ မမ။ သတ်တဲ့ဖြတ်တဲ့ အထိလုပ်လာပြီ။ နောက်ထပ် တစ်ဆင့်ထပ်တက်လာရင် လူတွေ အသက်သေဖို့ပဲရှိတော့တယ်"

သီတာ တင့်ဝေဘက်သို့ ဆတ်ခနဲလှည့်ကြည့်လျက် . . .

"မင်း ဘာကိုဆိုလိုချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ ရှင်းရှင်းလေး၊ ဒီကနေ ကျွန်တော်တို့ ပြောင်းသွားရုံနဲ့ ဒီပြဿနာတွေလည်း အားလုံးပြီးဆုံးသွားမှာပဲ။ ကျွန်တော်ပြောချင်တာ အဲဒါပဲ"

"သူကလည်း အဲသလိုဖြစ်စေချင်လို့ ဒီလိုပုံစံတွေ လိုက်လုပ်နေတာပဲ။ ငါလို မိန်းမသားကတောင် ဒီကနေပြောင်းဖို့ နည်းနည်းလေးမှ စိတ်မကူးတာ၊ အားကောင်းမောင်းသန်ကြီးတစ်ယောက်လုံးဖြစ်တဲ့ မင်းလိုလူဆီက ဒီလိုစကားမျိုးထွက်လာတာ တော်တော်အံ့အားသင့်ဖို့ကောင်းတယ်၊ ဒီလောက်ကလေးဖြစ်ပြတာနဲ့ ဘာကိုကြောက်နေရမှာလဲ။ အားတင်းထားစမ်းပါ။ ပြဿနာတိုင်းမှာ အဖြေဆိုတာရှိပြီးသားပဲ၊ ဒီအဖြေကို တွေ့လိုက်တာနဲ့ ဇာတ်လမ်းကလည်း ဇာတ်သိမ်းခန်းကို ရောက်သွားမှာပဲ၊ ခေါင်းအေးအေးထားစမ်းပါ မောင်လေးရာ"

သီတာ့အနေဖြင့် ဤအိမ်ပေါ်ကနေဆင်းဖို့ဆိုတာ လုံးဝအစီအစဉ်မရှိလေတော့။ ကြုံတွေ့လာသမျှ ပြဿနာတွေကို ပြေးတွေ့ရင်ဆိုင်ဖို့ စိတ်ဆုံးဖြတ်ချက်ချထားပြီးသားဖြစ်သည်။

ဤပြဿနာတွေမှာလည်း မကြာမီ အချိန်အတောအတွင်း ပြီးပြတ်သွားလိမ့်မည်ဟု မှတ်ထင်မိသည်။

မြတ်စာပေ



"ကဲ . . . နောက်ကိစ္စတွေ နောက်မှရှင်းဖို့ ထားလိုက်ပါတော့၊ လောလောဆယ် ဂျက်ကီကိုမြှုပ်ဖို့ လုပ်လိုက်ကြရအောင်"

သီတာကပြောလိုက်သည့်နောက် တင့်ဝေက . . .

"ကျွန်တော် ဦးအောင်မြင့် သွားခေါ်လာခဲ့မယ်၊ သူ့ကူညီမှဖြစ်မယ်"

"ဒါဆိုလည်း သွားခေါ်လေ"

တင့်ဝေ ဦးအောင်မြင့်ကို ခေါ်ဖို့ထွက်သွား၏။

သီတာတစ်ယောက်တည်း အတွေးပလုံစီရင်း ကျန်ရစ်ခဲ့သည်၊ အမှောင်ရိပ်ထဲမှ ထိုသူသည် ယခုတော့ ကိုယ်ထိလက်ရောက် ကျူးလွန်သည်အထိဖြစ်လာလေပြီ၊

အသံပေး ရုပ်ပြ ခြိမ်းခြောက်မှုတွေပြုနေခဲ့ရာမှ ခွေးကြီး ဂျက်ကီကိုသတ်သည်အထိ တစ်ဆင့်တက်လာပြီဖြစ်သည်။

တင့်ဝေပြောသလို နောင်ကို လူသတ်သည်အထိ မကျူးလွန်ဟု မည်သူမျှ အတိအကျမပြောနိုင်ပေ။

တင့်ဝေနှင့်အတူ ဦးအောင်မြင့် ရောက်လာ၏။

"ဦးအောင်မြင့်ရဲ့ ပါးပြင်ပေါ်က အစင်းရာကြီးက ဘာဖြစ်တာလဲ"

သီတာက ဦးအောင်မြင့်၏မျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်၏။

မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမှုန့်ပင်။

ဦးအောင်မြင့်၏ ပါးပြင်ပေါ်တွင် သွေးဆို့နေသောအစင်းရာကြီး က ထင်းထင်းကြီးဖြစ်နေ၏။

သီတာ၏ အမေးကြောင့်တင်သည်။

ဦးအောင်မြင့် သိသိသာသာ မျက်စိမျက်နှာပျက်သွား၏။

"ဦးအောင်မြင့် . . . သီတာမေးနေတယ်လေ၊ ဦးအောင်မြင့် မျက်နှာပေါ်က ဒဏ်ရာက ဘာဖြစ်တာလဲလို့"

ဒုတိယအကြိမ် ထပ်မံမေးလိုက်တော့မှပင် ဦးအောင်မြင့်ဆီက အသံထွက်လာတော့၏။ ထွက်လာသည့်အသံက အတုန့်တုန့် အယင် ယင် အထစ်ထစ် အငေါ့ငေါ့။

"အိမ်ထဲကို အဝင်မှာ အခန်းတံခါး သွပ်ပြားနဲ့ခြစ်မိတာ"

"အဲဒီလောက်တောင် နမော်နမဲ့နိုင်ရသလား ဦးအောင်မြင့် ရယ်။ သီတာ တင်နေတာက အကောင် တစ်ကောင်ကောင်ကများ လက် သည်းနဲ့လှမ်းကုတ်လိုက်သလားလို့ . . . ဟင်း . . . ဟင်း"

ဟိုလိုလို ဒီလိုလို တောင်မရောက် မြောက်မရောက် သီတာ၏ စကားကြောင့် ဦးအောင်မြင့် ပိုပြီး မျက်စိမျက်နှာပျက်သွားရာမှ အလျှင်





အမြန် . . .

"ဟာ . . . မဟုတ်တာဘဲ သူမကြီးကလည်း။ ဦးလေးကို ဘယ်လိုသတ္တဝါက ကုတ်ခြစ်မှာမို့လို့လဲ။ ကုတ်ခြစ်မယ့် သတ္တဝါဆိုလို့ လည်း ဦးလေးအနားမှာ ဘာသတ္တဝါမှ မရှိပါဘူးကွယ်"

"ဂျက်ကီ ရှိတယ်လေ"

"အား . . . မဟုတ်တာဘဲ။ ဂျက်ကီက ဦးလေးရဲ့မျက်နှာကို ကုတ်ခြစ်ရလောက်အောင် တစ်နေကုန်နေလို့ တစ်ခါမှတောင် သူ့အနား ကိုမလာမိပါဘူးကွယ်"

ဤတွင် ကြားကနေ မနေနိုင်တော့သည့် တင့်ဇဝက . . .

"မမကလည်း အလကားနေရင်း ဦးလေးကို စ.နေပြန်ပြီ။ ဂျက် ကီ့ကို ဘယ်နေရာမှာ မြှုပ်ရမလဲဆိုတာသာပြောပါ"

"ဘယ်နေရာမြှုပ်ရမလဲဆိုတော့ အင်း . . . ဟို အုတ်ဂူနှစ်ဂူ ရှိနေတဲ့ ဘေးမှာယှဉ်ပြီး မြှုပ်ပေးလိုက်ပေါ့ကွယ်"

"ဘယ်အုတ်ဂူနှစ်ဂူလဲ မမ"

"အဲဒါကြောင့်ပြောတာပေါ့။ ဒီအိမ်နဲ့ပတ်သက်လို့ မင်းမသိသေး တာတွေ အများကြီးရှိနေတယ်လို့။ မင်းမသိပေမယ့် ဦးအောင်မြင့်တော့



www.burmeseclassic.com

www.burmeseclassic.com

သိမှာပါ။ ဦးအောင်မြင့်ကိုယ်တိုင် ဦးစီးဦးရွက်ပြီး မြှုပ်ပေးလိမ့်မပေါ့ ငါ့မောင်ရယ်"

သီတာက ဦးအောင်မြင့်ဘက်သို့ လမ်းကြောင်းလှည့်ပေးလိုက်၏။

ဦးအောင်မြင့်သည် သီတာ့အား ပဝ့်မရဲ့ရှိသည့် အကြည့်ဖြင့် ကြည့်ရင်း . . .

"ဖြစ်ပါ့မလားကွယ်"

"ဘာကို ဖြစ်ပါ့မလားလဲ ဦးအောင်မြင့်"

"ဒီခွေးကို ဟိုအုတ်ဂူ ဘေးတွေဘေးမှာ မြှုပ်ဖို့ဆိုတာ"

"ဘယ်သူက လာပြီးတရားစွဲမှာမို့လို့လဲ။ ဒီလိုလုပ်တာကို ဘယ်သူက လာပြီးအပြစ်တင်မှာမို့လို့လဲ၊ ဟို သေသွားတဲ့လူတွေက ထပြီးတရားစွဲမှာမို့လို့လား။ အပြစ်တင်မှာမို့လား။ ဦးအောင်မြင့် ကြောက်စရာမရှိတာ ကြောက်ပနေစမ်းပါနဲ့။ သီတာပြောသလိုသာ လုပ်ခမ်းပါ"

တင်းတင်းပြတ်ပြတ် ပြောလိုက်သည့် သီတာ့စကားကြောင့် နောက်ဆုံး လက်လျှော့လိုက်သလို သက်ပြင်းတစ်ချက်ချလိုက်လျက် ဦးအောင်မြင့်က . . .

"အင်းလေ . . . သူမကြီးဘက်က ဇွတ်အတင်းလုပ်စေချင်တော့





လည်း လုပ်ပေးရတာပေါ့လေ။ ဦးလေးရဲ့စိတ်ထဲမှာတော့ မကောင်းဘူးလို့ထင်တာပဲ"

"ဒါတွေ တွေးပြီးပူမနေစမ်းပါနဲ့၊ သီတာပြောသလိုသာလုပ်ပါ"

"ကျွန်တော် ဂျက်ကီ့ကို ပတ်ဖို့ ပုဆိုးဟောင်းတစ်ထည်သွားယူလိုက်ဦးမယ်"

တင့်ဝေက ပြောပြီး အိမ်ထဲသို့ဝင်သွား၏။

"မြေကြီးတူးဖို့ ဦးလေးလည်း သံတူးရွင်း အဆင်သင့်လုပ်ထားလိုက်ဦးမယ်"

ဦးအောင်မြင့်လည်း ထွက်သွား၏။

ထုံးစံအတိုင်း . . .

သီတာတစ်ယောက်တည်း ဝိညာဉ်မဲ့ ဂျက်ကီ၏အလောင်းနှင့် အတူကျန်ရစ်ခဲ့ပြန်၏။

ဂျက်ကီ အသေဆိုးဖြင့်သေဆုံးရသလို ထိုသူ အဖြစ်မဆိုးပါစေနှင့်လိုပသော ဆုတောင်းမိသည်။

တကယ်တော့ ဂျက်ကီ့မှာ ဘာမှအပြစ်မရှိပါ။ ဤအိမ်တွင် ဖြစ်ပျက်နေသည်သည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ဂျက်ကီနှင့် မည်သို့မှ မပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်ပါ။ ဂျက်ကို့ခမျာ အစရှောင် ဓားစာခံဖြစ်သွားရခြင်းဖြစ်သည်။ အပြစ်မဲ့အသက်စံလိုက်ရခြင်းဖြစ်သည်။

တင့်ဝေကော ဦးအောင်မြင့်ပါ ပြိုင်တူရောက်လာကြ၏။

သူတို့ ဂျက်ကို့ကို ပုဆိုးဖြင့်ရစ်ပတ်နေခိုက် သီတာက အိမ်ထဲဝင်၍ ထီးယူသည်။

ထို့နောက် . . .

သူတို့သုံးယောက် အိမ်အနောက်ဘက်သို့ ရှေ့ရှုခဲ့ကြသည်။

ဦးအောင်မြင့်က ဂျက်ကို့ကို ပွေ့ပိုက်ထား၏။

သံတူးရွင်းကိုတော့ တင့်ဝေက ကိုင်ဆောင်လာခဲ့၏။

အုတ်ဂူနှစ်လုံးမှာ အလုပ်သမား တန်းလျားနောက်ဘက် မလှမ်းမကမ်းတွင် ရှိနေ၏။ ထုံးဖြူသုတ်ထားသောကြောင့် ဖွေးဖွေးဖြူနေ၏။

လျှပ်ရောင်တစ်ချက် ဝင်းပြက်လိုက်သည်နှင့် ထိုအုတ်ဂူနှစ်လုံးမှာလည်း ထင်းထင်းကြီးဖြစ်နေ၏။

ထိုအုတ်ဂူနှစ်လုံး၏ နောက်ဘက်မှာတော့ အပြိုင်းအရိုင်း ပေါက်နေသည့် ချုံနွယ်ပိတ်ပေါင်းများ။





လေအတိုးမှာ လှုပ်ယမ်းနေပုံက အမှတ်တမဲ့ကြည့်လိုက်လျှင် နှာနှာဘာဝ သရဲတစ္ဆေများစွာ အမှောင်တွင် လှုပ်ရှားပျော်မြူးဆော့ကစားနေကြသလား မှတ်ထင်ရသည်။

ထိုအုတ်ဂူနှစ်လုံးဆီသို့ အရောက်၌ ဦးအောင်မြင့်သည် ဂျက်ကို့ကို အောက်သို့ချသည်။ တင့်ဝေလက်ထဲမှ သံတူးရွင်းကိုယူ၍ မြေကြီးကိုတူးသည်။

သိပ်မကြာလိုက်။

အနက် လေးပေကျော်ကျော်သို့ အရောက်၌ တူးဆွခြင်းကို ရပ်တန့်ကာ ဂျက်ကို့ကို တွင်းထဲသို့ အသာအယာထည့်သည်။ ပြီးမှတစ်ဖန် အပေါ်ကနေ မြေကြီးပြန်ဖို့သည်။

သွားလေတော့ ဂျက်ကီရေ . . . ကောင်းရာမွန်ရာရောက်ဖို့ တို့ဆုတောင်းပေးလိုက်ပါတယ်ကွယ်။

သီတာသည် စိတ်ထဲကနေ ကျိတ်၍ ဆုတောင်းမေတ္တာပို့ပေးလိုက်မိသည်။

"ဗိုး . . . လူကိုမောသွားတာပဲဟော့။ အသက်ကြီးတာ သိပ်မကောင်းဘူး။ အလုပ်ကလေး တစ်ခုမလုပ်လိုက်နဲ့ လုပ်မိတာနဲ့ ဟိုဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ချင်၊ ဒီပါးကကော်ကဲချင်နဲ့ ဘာမှကို အဆင်မပြေချင်တော့ဘူး"

မိုးရေ တစ်ကိုယ်လုံးရွှဲစိုနစ်နေသည့် ဦးအောင်မြင့်သည် အပေါ်ထွက်သည်အထိ ညည်းညူသည်။

သည်လိုကျတော့လည်း သီတာသည် ဦးအောင်မြင့်ကို သနားစိတ်ဝင်မိရပြန်သည်။

ဦးအောင်မြင့်အဖို့ ထိုမျှလောက်ကလေး လုပ်မိရုံနှင့် မောပန်းရှာပေမည်။ အသက်အရွယ်က စကားပြောလာပြီကိုး။

"ဦးလေးမှာ သောက်နေကျ ဆေးရှိသေးတယ် မဟုတ်လား"

သီတာ၏အမေးကို ဦးအောင်မြင့်က သဘောမပေါက်သလို။

"ဘာဆေးများလဲ တူမကြီးရဲ့"

"ဪ . . . ဦးလေးကလည်း အရက်ကို ပြောတာ"

သည်တော့မှ ဦးအောင်မြင့် သဘောပေါက်သွားဟန်ဖြင့် . . .

"ဪ . . . ဒါလား နည်းနည်းတော့ရှိတယ်"

"ဒီညတော့ သောက်လိုက်ပါ။ နောက်ဆုံးအနေနဲ့ပေါ့။ မဖြတ်နိုင်လို့ နောက်ကို သောက်မယ်ဆိုရင် လူမှန်းသူမှန်းသိအောင် သဘောလောက်ပဲ သောက်ပေါ့နော်"





"အေးကွယ် . . . အခုလို အဖွင့်အရေးပေးတာ ကျေးဇူးပါပဲ တူမကြီးရယ်"

"ကဲ . . . ဦးလေး အိမ်ထဲဝင်ပြီး အဝတ်အစားလဲတော့။ တော်ကြာ အအေးမိပြီး ဒုက္ခရောက်နေဦးမယ်။ တင့်ဇေ . . . မင်းလည်း အဝတ်အစား အမြန်လဲဖို့လုပ်တော့"

ဦးအောင်မြင့် သီတာ့စကားအရ ခေါင်းညိတ်ပြီး သူ့အိပ်ခန်းဘက်သို့ ထွက်သွား၏။ သူတို့မောင်နှမနှစ်ယောက်ကတော့ အိမ်ရှေ့ဘက်သို့ ထွက်ခဲ့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )
## နောက်ထပ်ခွေးတစ်ကောင်

တစ်ညလုံး တောင်တွေး မြောက်တွေးဖြင့် အတွေးပေါင်းစုံနှင့် နပန်းလုံးရင်း ကြက်အိပ် ကြက်နိုးဖြစ်နေသည့် သီတာသည် နံနက်ငါးနာရီ ထိုးခါနီးအချိန်လောက်မှာပင် အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

တစ်ညလုံး အဆက်မပြတ်ရွာသွန်းနေခဲ့သည့် မိုးသည် ယခု တော့ လုံးဝတိတ်သွားပါလေပြီ။ မိုးတိတ်သွားသည့်နောက် အကျ စ်သည် လေကလည်း ငြိမ်သက်သွားပြီဖြစ်သည်။

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ်သော်လည်း သီတာသည် အိမ်အပြင်ဘက်သို့ ထွက်ခဲ့သည်။

မပြုတပြုထွက်ပြူနေသည့် နေရောင်အောက်တွင် မြင်တွေ့ရသည့်မျက်စိမြင်ကွင်းတို့မှာ သာတောင့်သာယာရှိနေ၏။

သည်ကနေကြည့်လိုက်လျှင် ကြိုးတံတားသည် အောက်ပိုင်းအနေအထားသို့ ရောက်နေ၏။

အချိန်က စောသေးလို့လားမသိ၊

ကြိုးတံတားပေါ်မှာ ဖြတ်သွားဖြတ်လာသိပ်မတွေ့ရပေ။

"ဝုတ် . . . ဝုတ် . . . ဝုတ်"

အမှတ်တမဲ့ ကြားလိုက်ရသည့် ထိုခွေးဟောင်သံကြောင့် သီတာ၏ရင်မှာ ဒိန်းခနဲဖြစ်သွား၏။

ညတုန်းကမှ လည်မျိုစားစိုက်ခံရပြီး သေဆုံးသွားသည့် ဂျက်ကီ ပြန်လည်အသက်ဝင်လာရျေသလား။ မဖြစ်နိုင်မှန်းသိပေမယ့် ခွေးဟောင်သံကြားရာဘက်ဆီသို့ မျက်လုံးအကြည့်က ကျရောက်သွား၏။

အမှန်ပင် . . .

ဂျက်ကီမှ ဂျက်ကီအတိုင်းဖြစ်သည်။

မြိုတ်စာပေ



အခွေးတူ၊ အရောင်တူ၊ အဆင်တူ၊ အလုံးစုံပုံပန်းသဏ္ဍာန်တူညီနေသည်။ ထိုခွေးကြီးသည် အုန်းပင်တစ်ပင်ဆီသို့ မော့ကြည့်၍ အဆက်မပြတ် ထိုးဟောင်လျက်ရှိ၏။

ထိုအုန်းပင် ပင်ဖျားဘက်တွင် မည်သည့်အရာရှိနေသည်လည်းတော့ မသိပေ။

ထူးတော့ထူးဆန်းလွန်းလှ၏။

တစ်စုံတစ်ရာမမြင်တွေ့နိုင်တော့ ထိုကဲ့သို့ ဟောင်မည်မဟုတ်။

ဘာရယ်မဟုတ်သော်လည်း သီတာ၏ စိတ်မှာ စပ်စုလိုစိတ်ဖြစ်မိသည်။

သို့မို့ကြောင့်လည်း စိတ်သွားရာနောက်သို့ ကိုယ်က လိုက်ပါသွားမိတော့၏။ သူ့ခြေထောက်တို့က ထိုခွေးကြီးဟောင်ရာဘက်ဆီသို့ အလိုအလျောက် ရွေ့လျားသွားမိတော့၏။

အုန်းပင်နားသို့ရောက်သည်နှင့် သီတာ့ကို မြင်တွေ့သွားသည့် ထိုခွေးကြီးသည် အဟောင်ရပ်ကာ အဝေးသို့ တစ်ဟုန်ထိုး ပြေးထွက်သွားတော့၏။

သီတာသည် အုန်းပင်ထက်သို့ မော့ကြည့်သည်။

မြိုတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်တော့လည်း ထူးဆန်းတွေလာဖြစ်ရပ်မှန်လို မျက်မြင်ကိုယ်တွေ့ဖြစ်ရပါတော့၏။

အုန်းပင်ထက်တွင် လင်းနို့သတ္တဝါတွေ တစ်ပြုံတစ်မကြီး ခိုတွယ်နေကြခြင်းပဲ ဖြစ်ပါတော့၏။

ထိုလင်းနို့သတ္တဝါတို့၏ အသိုက်မှာ ဤအုန်းပင်ကြီးပါကလား။ ထိုအုန်းပင်ကြီးကို ဖယ်ရှားလိုက်လျှင် ထိုသတ္တဝါတွေအားလုံး အသိုက်ပြောင်း၊ နေရာရွှေ့သွားလိမ့်မည်ထင်သည်။

သီတာ အိမ်ဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် လှည့်လျှောက်ခဲ့သည်။ အိမ်ရှေ့တွင် တံမြက်စည်းလှည်းနေသည့် ဒေါ်စမ်းစမ်းနှင့် သွား၍ ကြုံသည်။

"ဩော် . . . တူမကြီးတောင် နိုးနေမှကိုး။ လမ်းလျှောက်ရာက နေ ပြန်လာတာ ထင်တယ်"

"ဟုတ်ကဲ့ . . . အပျင်းပြေလျှောက်ကြည့်တာပါ"

သာမန်ကာရှန်ကာ ပြောပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။

"မမ ဘာဖြစ်လာတာလဲ။ ရေးကြီးသုတ်ပျာနဲ့"

တင့်ဝေက ဆီးကြိုမေးသည်။





"ဖြစ်ခဲ့တာတော့ မဟုတ်ဘူး၊ တွေ့ခဲ့တာ"

"ဘာကိုလဲ"

"လင်းနို့တွေ ခိုအောင်းတဲ့နေရာကိုပေါ့"

တင့်ဝေက စိတ်ဝင်စားဟန်ဖြင့် . . .

"ဘယ်နားမှာတဲ့လဲ"

"တို့ခြံနဲ့ မလှမ်းမကမ်းက အုန်းပင်ကြီးပေါ်မှာပဲ၊ ခွေးတစ်ကောင် အပေါ်ကိုမော့ကြည့်ပြီး ဟောင်နေတာ တွေ့တာနဲ့ ငါလည်း မသင်္ကာလို့ သွားကြည့်လိုက်တာ၊ အားပါးပါး အုန်းပင်ပေါ်မှာ ပြွတ်ခဲနေတဲ့ လင်းနို့အုပ်ကြီးကို တွေ့လိုက်ရတော့တာပဲ"

"အဲဒီတော့ မမက ဘာလုပ်ချင်သလဲ"

"ငါ့သဘောကတော့ သူတို့မှီတွယ်နေတဲ့ အဲဒီအုန်းပင်ကြီးကို ခုတ်လှဲလိုက်ရင် သူတို့အားလုံး တစ်နေရာရာကို ပြောင်းသွားလိမ့်မယ်လို့ ထင်တာပဲ"

သီတာက သူ့စိတ်ထဲက ဆန္ဒအတိုင်း အတည်အလင်း ဖွင့်ပြောလိုက်၏။

"ခုတ်တောတော့ ခုတ်လို့ရပါတယ်။ တော်ကြာ ဒီကလူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများတက်နေမလားလို့ပါ"

တင့်ဝေက စိုးရိမ်သလို ပြောသည်။

"အို . . . မင်းကလည်း နေရာတကာပတိုင်း အားလုံးကို လိုက်ပြီး ကြောက်နေတော့တာပဲ။ ဘာမှကြောက်နေရမှာမလိုဘူး။ ငါတို့အန္တရာယ်ဖြစ်မယ့်ကိစ္စကို ကြိုတင်ကာကွယ်တဲ့သဘောနဲ့ လုပ်တဲ့ညစ္စာပဲ။ ဘာကို ဂရုစိုက်နေရမှာလဲ။ လုပ်စရာရှိတာကို သတ္တိရှိရှိနဲ့ လုပ်စမ်းပါ တင့်ဝေရာ"

စိတ်ပညာသမားဖြစ်သည့် တင့်ဝေ၏ စိတ်ဓာတ်ဖျော့ညံ့ပုံက တော်တော်အံ့ဩဖို့ကောင်းပေ၏။ အမှန်ဆို သူ့အနေဖြင့် စိတ်ပညာသမားပီပီ အခြားသူတို့ထက် ပိုပြီးစိတ်ဓွမ်းအင်မြင့်ဖို့ ကောင်း၏။ ယခုတော့ ဆန့်ကျင်ဘက်မှ ဆန့်ကျင်ဘက်ဖြစ်နေ၏။

"အင်းလေ . . . ကောင်းဖို့လေး လုပ်ကြည့်ရသေးတာပေါ့"

နောက်ဆုံး မလွှဲမရှောင်သာ သဘောတူလက်ခံဟန်ဖြင့် တင့်ဝေက လေသံပျော့ဖြင့် ပြောသွား၏။

"ကလေးတွေ အိပ်ဘုန်းလားမသိဘူး။ ငါ အပေါ်တက်လိုက်ဦးမယ်။ ပြီးတော့မှ ပြန်ဆင်းခဲ့မယ်။ ဒီကနေ့တော့ ငါ ဘယ်မှမသွားတော့ဘူး။ ကိုယ့်မိသားစုနဲ့အတူတူ တစ်ရက်လောက် နေလိုက်ဦးမယ်။ ငါကိုယ်





တိုင် ကလေးတွေကို ချက်ပြုတ်ကျွေးလိုက်ဦးမယ်။ ကလေးတွေကို ငါ သနားတယ်"

"ကောင်းပါတယ်။ ကျွန်တော်လည်း အဲဒါပဲပြောမလို့။ မမအနေနဲ့ ကလေးတွေအနားမှာ တစ်ရက်တလေတော့ ရှိနေစေချင်တာ အမှန်ပဲ။ နို့မို့ဆို ကလေးတွေအနေနဲ့ အဖေ အမေဆိုတာကို မေ့သွားမှာတောင် စိုးရိမ်ရတယ်။ တော်သေးတာပေါ့ မမဘာသာ အသိစိတ်ဓာတ်ရှိနေလို့"

"တော်စမ်းပါ တင့်ဝေရာ။ ငါက မင်းထက်အကြီးပါကွ။ လူ့လောကကြီးအကြောင်းကို မင်းထက် ပိုပြီး အသိကြွယ်ပါတယ်ကွ။ ကဲပါ စားသောက်ခန်းထဲကနေစောင့်နေ။ ကလေးတွေ ခေါ်ပြီး ဆင်းလာခဲ့မယ်"

ပြောပြီး သီတာ အပေါ်ထပ်သို့ တက်ရောက်ခဲ့သည်။

အခန်းတံခါးဖွင့်လိုက်သည်နှင့် စောင်တခြား ခေါင်းအုံးတခြား ပိုးလိုးပက်လက်လေးတွေ အိပ်နေဆဲရှိသော ချစ်စဖွယ် သားနှင့်သမီးတို့အား မြင်တွေ့လိုက်ရ၏။

မည်မျှပင် ပြဿနာတွေနှင့် ရင်ဆိုင်နေရသည်ဖြစ်စေ ဦးနှောက်ခြောက်၊ ခေါင်းတွေခဲနေသည်ဆိုစေ သားနှင့်သမီးတို့၏ မျက်နှာလေးတွေကို မြင်တွေ့လိုက်ရသည့် ထိုတစ်ခဏအတွင်း ရင်ဆိုင်နေရ



burmeseclassic.com

www.burmeseclassic.com



သည့်ပြဿနာတွေလည်း ပျောက်သွား၏။ ခြောက်နေသော ဦးနှောက်တို့သည်လည်း ပြန်လည်စိုပြေသွား၏။ ခဲနေသည့် ခေါင်းတို့သည်လည်း အရည်ပျော်ကျသွား၏။ တကယ်တော့လည်း သူတို့လေးတွေကို လွယ်လင့်တကူရခဲ့သည်မှ မဟုတ်ဘဲ၊ ကိုးလလွယ် ဆယ်လလွယ်ကာ အသက်နှင့် ရင်းပြီး မွေးဖွားခဲ့ရသည်မဟုတ်ပါလား။

"သားနဲ့သမီးတို့ရေ . . . ထကြတော့လေကွယ်။ နေသိပ်မြင့်နေပြီ။ အကြာကြီးအိပ်မိရင် လူပျင်းတွေဖြစ်သွားတတ်တယ်ကွယ့်"

သားကိုတစ်လှည့် သမီးကိုတစ်လှည့် နဖူးပြင်ကို တစ်ချက်စီ နမ်းရင်း နှိုးသည်။

နှစ်ယောက်စလုံး မျက်လုံးပွင့်လာကြ၏။

မိခင်ဖြစ်သူအား သားသမီးနှစ်ယောက်စလုံး လှမ်းဖက်လိုက်ကြ၏။

"မေမေ"

သားကြီးနန္ဒကခေါ်သည်။

"ဘာလဲသား။ ပြောလေ"

"ဖေဖေ ဘယ်တော့ သားတို့ဆီကို ပြန်လာမှာလဲဟင်"





သီတာ့ရင်ထဲမှာ ကျင်ခနဲဖြစ်သွား၏။ စိတ်ထဲမှာလည်း မကောင်းနိုင်အောင်ရှိရသည်။ ပျက်သွားသည့် မျက်နှာထားကိုလည်း ဟန်လုပ်အပြုံးဖြင့် ဖုံးအုပ်လိုက်ရာမှ . . .

"တစ်နေ့တော့ ပြန်လာမှာပေါ့ သားရယ်။ သူလည်း ဟိုမှာ အလုပ်ကိစ္စတွေ များနေလို့နေမှာပေါ့။ ကဲပါ . . . ထမှာသာ ထစမ်းပါ။ ဒီကာလနေ့ မေမေ ဘယ်မှမသွားဘူး။ သားတို့ကို မေမေကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးမယ်။ သားနဲ့သမီးတို့စားချင်တာသာ ပြောကြ ဟုတ်ပလား။ ကဲ အောက်ဆင်းဖို့လုပ်တော့၊ သားတို့ကို လေးလေးက အောက်ကစောင့်နေတယ်ကွယ့်။ အားနာစရာကြီး"

ထိုသည်တော့မှပင် . . .

ကလေးနှစ်ယောက်စလုံး အိပ်ရာမှ လူးလဲထကာ မျက်နှာသစ် အပေါ့အပါးလုပ်ဖို့ အခန်းထဲမှ ထွက်သွားကြတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

## အကားအဆီး

ရက်ပြွတ်ကြော်လော့လို့ ပြီးစီးသွားသည့်အချိန်တွင် တင့်ဝေနှင့် ဦးအောင်မြင့်တို့သည် ရွှေးသံတရွှဲရွှဲနှင့် အိမ်ထဲသို့ ဝင်လာကြ၏။

"ဘယ်လိုလဲ အုန်းပင်ကို လက်စသတ်ခဲ့ပြီးပြီလား"

သီတာက ဆီးကြိုမေးလိုက်သည်။

တင့်ဝေက မျက်စောင်းတစ်ချက်ထိုးပြီး ဦးခေါင်းခါပြလျက် . .

"လက်စသတ်ခဲ့ဖို့ နေနေသာသာ ကျွန်တော်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး ဝိုင်းပြီးအရိုက်မခံလိုက်ရတာပဲ ကံကောင်းတယ် မှတ်ပါ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ အုန်းပင်ကို ရှင်းဖို့လည်း လုပ်ရော၊ အဲဒီနားက လူကြီးလေးငါးယောက် ထွက်လာပြီး အုန်းပင်ကို မထိဖို့လာပြီးတားကြတယ်၊ ကျွန်တော်တို့က လင်းနို့တွေကြောင့် ခုတ်မှာလို့ပြောတာကို လင်းနို့တွေ သူတို့ဘာသာ သူတို့နေဟာ ဘာဖြစ်လို့ အသိုက်ဖျက်ချင်ရတာလဲဆိုပြီးတော့တောင် အပြစ်တင်သွားကြသေးတယ်၊ အဲဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်လည်း တပ်ခေါက်ပြီး ပြန်လာရတာပဲ"

ယခုမှ အခက်တွေ့ရပါလေပြီ။

ထိုလင်းနို့တွေကိစ္စကို မည်သို့မျှ ဖြေရှင်းလို့ရနိုင်တော့မည် မထင်ပေ။ သီတာ နည်းနည်းစိတ်ညစ်သွား၏။ တကယ့်အခရာကြီးကိစ္စ ကျမှ အနှောင့်အယှက် တွေ့ရလေခြင်း။

"အင်းလေ . . . ခုတ်လို့မရတော့လည်း ဘယ်တတ်နိုင်တော့မလဲ။ ဒီအတိုင်းထားလိုက်ရုံ ရှိတော့တာပေါ့။ တစ်ခုတော့ရှိတယ်။ အရေးပေါ်သုံးဖို့ မီးစက်ကလေးတစ်လုံး ဝယ်ထားမှတော့ ဖြစ်လိမ့်မယ်။ အိမ်မှာ မှောင်လို့မဖြစ်ဘူး။ မီးပြတ်လို့ မရဘူး။ အရှိန်ပြည့် မီးလင်းနေဖို့ အရေး





ကြီးတယ်"

"ဒီအကြံအကောင်းဆုံးပဲ၊ အပြင်ဘက်ကို သွားပြီး တိုက်ရိုက် မယ့်အစား ကိုယ့်အိမ်တွင်းရေးကို လုံခြုံအောင် အကာအကွယ်လုပ် ထားလိုက်တာ အကောင်းဆုံးပဲပေါ့"

သီတာ့အကြံကို တင့်ဝေက ထောက်ခံသည်။

"မင်းကော ဦးအောင်မြင့်ပါ ရေမိုးချိုးလိုက်ဦးလေ။ ပြီးတော့ ထမင်းစားကြတာပေါ့"

တင့်ဝေနှင့် ဦးအောင်မြင့် ထွက်သွား၏။

သီတာကိုယ်တိုင်လည်း ရေမိုးချိုး အဝတ်အစားလဲဖို့ မီးဖိုခန်း ထဲမှ ထွက်ခဲ့သည်။

မိုးလေကင်းစင်နေသည့်ကို အပြင်တွင် ဆော့ကစားနေကြသည့် ကလေးငယ်နှစ်ယောက်ကို တွေ့ရ၏။ သူတို့လေးတွေကို ဒီအတိုင်း လွှတ် ထားလို့မဖြစ်သေး။ စိတ္တရမဟိမှာ ကျောင်းအပ်နှံဖို့ လုပ်ရပေဦးမည်။

ရေချိုးခန်းထဲဝင်၍ ရေကို စိမ်ပြေနပြေချိုးနေစဉ်မှာပင် အသည်းထိတ်စရာ အသံကြီးက ရုတ်တရက် ထွက်ပေါ်လာပြန်၏။

စန္နရားသံဖြစ်သည်၊ သံစဉ်မညီမညာနှင့် အဆက်မပြတ် ထိုး



www.burmeseclassic.com

www.burmeseclassic.com



ခတ်သွားသည့်အသံ ဖြစ်သည်။ ထို့နောက် အသံက တိတ်သွား၏။

စန္ဒရားအသံက အခိုက်အတန့်မျှသာ ထွက်ပေါ်လာခြင်းဖြစ်သော်လည်း သီတာ့ခမျာမှာတော့ ဦးခေါင်းတစ်ခုလုံး ပုတ်လောက်ကြီးသွားသလား မှတ်ထင်လိုက်ရ၏။ နားထင်သွေးကြောတွေလည်း တဆိန်းဆိန်းဖြင့် ထိုးတက်သွား၏။ ရေချိုးခန်းထဲမှာ တစ်ယောက်တည်းပါလား ဆိုသည့်အသိစိတ်ကြောင့်လည်း ကြောက်ဖော့တွေ ထန်သွားလျက် တစ်ကိုယ်လုံးကို မျက်နှာသုတ်ပဝါဖြင့် အလျင်အမြန်သုတ်ကာ ထဘီအမြန်လဲပြီး ရေချိုးခန်းထဲမှ အပြေးတစ်ပိုင်းထွက်ခဲ့သည်။

အိပ်ခန်းထဲရောက်၍ အဝတ်အစားလဲလှယ်နေစဉ်မှာပင် စန္ဒရားသံက ထပ်မံပေါ်ထွက်လာပြန်၏။

တစ်ယောက်ယောက်တော့ ထိုအခန်းထဲ ဝင်၍ စန္ဒရားခလုတ်တွေကို လက်ဆော့ခြေဆော့လုပ်နေပြီ ထင်သည်။ ထိုကဲ့သို့ ပြုလုပ်မည့်သူဆိုလျှင် သင်းသင်းရီတစ်ယောက်ကိုသာ ပြေး၍မြင်ယောင်သည်။

အဝတ်အစားလဲလှယ်ပြီးသည်နှင့် အောက်ထပ်သို့ အလျင်အမြန်ဆင်းခဲ့ရင်း . . .

"ဒေါ်စမ်းစမ်း . . . ဒေါ်စမ်းစမ်း"





ဒေါ်စမ်းစမ်းကို အဆက်မပြတ်အော်ခေါ်မိ၏။

မကြာမြင့်မီပင် ဒေါ်စမ်းစမ်းသည် အပြေးအလွှားရောက်ရှိလာ၏။

"ဘာဖြစ်လို့လဲ တူမကြီး"

"ဒေါ်စမ်းစမ်း မကြားဘူးလား။ စန္ဒရားတီးနေတဲ့အသံကို။ အဲဒါ ဒေါ်စမ်းစမ်းရဲ့တူမ အဲဒီအခန်းထဲဝင်ပြီး စန္ဒရားအတီးများ စမ်းနေသလားလို့ပါ"

"မဖြစ်နိုင်တာပဲကွယ်"

"ဘာဖြစ်လို့လဲ"

"ဒေါ်ဒေါ့်တူမက အိမ်အပြင်ဘက်မှာ ကလေးတွေကစားနေတာကို ထိုင်ကြည့်နေတာကို ဒေါ်ဒေါ် အခုပဲ တွေ့ခဲ့သေးတယ်"

သို့ဆိုပါမှ . . .

စန္ဒရားတီးနေသူမှာ မည်သူနည်း။

"ဒါဖြင့် အခန်းထဲဝင်ပြီး စန္ဒရားတီးနေတာ ဘယ်သူလဲ"

"သေချာသွားအောင် အခန်းတံခါး ဖွင့်ပြီး ဝင်ကြည့်လိုက်ပေါ့ကွယ်။ ဒေါ်ဒေါ်ပါ လိုက်ခဲ့မယ်လေ"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် . . .

သီတာနှင့် ဒေါ်စမ်းဝမ်းကို့သည် ထိုအခန်းဆီသို့ ဦးတည်လှမ်းခဲ့ကြသည်။

အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် စန္ဒရားသံက ထွက်ပေါ်လာပြန်၏။ သံစဉ်က တစ်ထပ်တည်းကျနေ၏။

ထို့ထက်မှာမူ . . .

စန္ဒရားသံတီးနေသည့် တရားခံကိုလည်း မြက်မြင်ဒိဋ္ဌတွေ့မြင်ရတော့၏။

ကြွက်ဖြူလေးနှစ်ကောင် စန္ဒရားခလုတ်တွေပေါ် ဟိုဘက်ပြေးလိုက် ဒီဘက်ပြေးလိုက် လုပ်နေသောကြောင့်လည်း ခလုတ်သံတွေက အသံထွက်နေခြင်းဖြစ်သည်။

"ဒီအသားတုံးတွေကို ဒီခလုတ်တွေပေါ် ဘယ်သူလာတင်ပေးထားတာလဲ"

ကြွက်သားတုံးလေးနှစ်တုံးကို တွေ့မြင်လိုက်ရသောကြောင့် ဒေါ်စမ်းစမ်းကို မေးခွန်းထုတ်လိုက်မိသည်။

"ဘုရားပေးပေး ကျမ်းပေးပေးပါကွယ် ဒေါ်ဒေါ်ကော သင်းသင်း





ရှိကော ဒီအခန်းထဲကို ယောင်လို့မဝင်မိသေးပါဘူး တူမကြီးရယ်၊ တကယ်ပြောတာပါ"

"ဒါကြွက်တွေ ဒီခလုတ်တွေပေါ် ရောက်အောင် ဒီကြွက်သားတုံးတွေကို တစ်ယောက်ယောက်က တမင်သက်သက် လာချထားတာပဲ၊ ကြွက်တွေ ဒီပေါ်မှာ ပြေးနေရင် ဒီခလုတ်တွေကလည်း အသံထွက်နေလိမ့်မယ်၊ အဲဒါဆို သီတာတို့ကလည်း ဘုမသိ ဘမသိနဲ့ စိတ်ခြောက်တွေ ချောက်ချားနေမှာပဲဆိုတဲ့သဘောနဲ့ လုပ်ထားတာပဲ၊ ဒီလူဟာ တော်တော်ယုတ်မာတဲ့လူပဲ"

သီတာက မကျေမနပ်နှင့် ပြောမိသည်။

"ဒီအကြောင်းတွေနဲ့ပတ်သက်လို့ ဒေါ်ဒေါ်တော့ ဘာမှမသိရိုးအမှန်ပါကွယ်၊ ဒီလောက်အထိလဲ ဉာဏ်ကမမီပါဘူး"

"ဟုတ်ပါပြီ၊ ဘာပဲဖြစ်ဖြစ် ဒီစန္ဒရားကြီးကို ရသလောက်ဈေးနဲ့ ရောင်းပစ်လိုက်မှ ဖြစ်တော့မယ်။ နို့မို့ဆိုရင် ဟိုလူယုတ်မာက ဒီစန္ဒရားကြီးကို အသုံးချပြီး နည်းမျိုးစုံနဲ့ ယုတ်မာနေဦးမှာပဲ။ ပြီးတော့ ဟိုအခန်းဝအပေါ်က စာတန်းကိုလည်း ဖျက်လိုက်ပါ ဒေါ်စမ်းဝမ်း"

ပြောပြီးနောက် သီတာသည် အခန်းအပြင်ဘက်သို့ ထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်၊ မီးဖိုခန်းဘက်သို့ လှည့်ဝင်ခဲ့သည်၊

ဘာကြောင့်ရယ်မသိ

သည်အိမ်သို့ရောက်ပြီးမှ မကျေနပ်မှုတွေက ရင်နှင့်အမျှ ခံစားနေရသည်။

တွေ့သမျှ ကြုံသမျှတို့ကလည်း တစ်စက်ကလေးမှ ကျေနပ်စရာမရှိ။

တော်ရုံတန်ရုံ စိတ်ဓာတ်မျိုးနှင့်သာဆိုလျှင် ဦးနောက်အာရုံ အထား ရှုတ်ယှင်းပြီး ရူးသွပ်သွားနိုင်၏။

❖ ❖ ❖





## အခန်း ( ၁၁ )

## အခန်းထဲက လူသတ်သမား

ဘာရယ်ညာရယ်မဟုတ်ဘဲ ချက်ဟယ် ပြုတ်ဟယ် လျှော်ဟယ် ဖွတ်ဟယ်နှင့် တစ်နေကုန်သွားရသည် မဆိုပေ။ ညစာစားပြီးကာ ကလေးတွေနှင့်အတူ ကိုယ့်အခန်းထဲ ကိုယ် ပြန်ရောက်သည့်အချိန်သည် ည ရှစ်နာရီထိုးနေပြီဖြစ်ကြောင်း ကိုင်ကပ်နာရီအိုကြီးက ညွှန်ပြနေ၏။

ကလေးတွေကို ခုတင်ပေါ်တင်ပေးလိုက်သည်နှင့် ချက်ချင်းပင် အိပ်ပျော်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သီတာကိုယ်တိုင်လည်း ခေါင်းရှုလို့မှ မကြာခင် တစ်နေကုန်လှုပ်ရှားထားမှုဒဏ်ကြောင့် ချက်ချင်းပင် အိပ်ပျော်ကျသွား၏။

အိပ်စနစ်ဥ်အတွင်း ထုံးစံအတိုင်း အိပ်မက်ဆိုးကြီးက ဝင်ရောက် အနှောင့်အယှက်ပေးလာပြန်၏။

အစွယ်ငေါငေါနှင့် အကြည့်ရဆိုးလှသည့် သတ္တဝါတွေ၏လက်မှ လွတ်အောင် ပြေးရင်း အလှုံတညီးညီး မီးတရဲရဲနှင့် မီးတွင်းထဲ စုန်ထိုးလိုက်ရာမှ နောက်ဆုံးလူတစ်ကိုယ်လုံး ပြာကျသွားသည့်အဖြစ်။

ဤမှာပင် . . .

သီတာလည်း အိပ်မက်မက်နေရာမှ ရုတ်တရက် လန့်နိုးသွားတော့၏။

မျက်လုံးအစုံကို ဆတ်ခနဲဖွင့်လိုက်မိသည်။

ထုံးစံအတိုင်း သိပ်သည်းနက်ရှိုင်းလှသော အမှောင်ထုကြီးနှင့်ရင်ဆိုင်လိုက်ရပြန်၏။

အိပ်မက်ဆိုးကြီးကြောင့် တစ်ကိုယ်လုံး ချွေးစေးတွေပြန်ပြီး နှလုံးခုန် ရင်တုန်ဖြစ်နေရသည့်အထဲ ထိုအမှောင်ထုကြီးနှင့် ထပ်မံဆုံတွေ့လိုက်ရပြန်တော့ ကြောက်စိတ်ကပါ ထပ်ဆင့်သွားတော့၏။





ထိုစဉ်မှာပင် . . .

မှောင်ရိပ်ထဲမှ ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခုက ခုတင်ဘေးနားသို့ တိုးကပ်လာလျက် လက်ထဲမှ အရာဝတ္ထုဖြင့် သီတာ့ရင်ဝတည့်တည့်သို့ ထိုးစိုက်ချလိုက်တော့၏။

သီတာသည် အလျင်အမြန်ပင် ခုတင်အောက်သို့ လှိမ့်ချလိုက်ရာမှ တစ်ဖက်သို့ လှိမ့်ရှောင်ထွက်လိုက်၏။

သို့မို့ကြောင့်လည်း . . .

ထိုသူ့လက်ထဲမှ အရာဝတ္ထုက ခုတင်ပေါ်မှ မွေ့ရာကိုသာ ထိုးမိသွား၏။

သီတာသည် ဗီရိုနားသို့ ပြေးကပ်ရင်း . . .

"မင်း ဘယ်သူလဲ၊ ဘာကြောင့် အခုလိုတွေ လျှောက်လုပ်နေရတာလဲ"

ဖြူဖြူအရိပ်သဏ္ဌာန်ဆီက မြှင်းသွဲ့သွဲ့ဖြင့် ရယ်သံသဲ့သဲ့ ထွက်ပေါ်လာခဲ့ရာမှ တစ်ဆက်တည်း . . .

"ဟင်း . . . ဟင်း . . . နင်တို့ကြောင့် ငါ့အဖေ မသေခဲ့ရတာ။ ပြီးတော့ နင်တို့က ဒီအိမ်ကို လိုချင်သေးတယ်။ ဒီအိမ်က ငါ့အဖေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အိမ်။ အဲဒါကြောင့် နင်တို့ကို လာနေတာကို ငါ မကြိုက်ဘူး"

"မင်းအမေက ဒေါ်စောလှကြည်လား"

"ဟုတ်တယ်။ အဲဒါ ငါ့အမေပဲ။ နင့်အမေက တစ်ကောက်ကလေး မှ ကိုယ်ချင်းစာစိတ် မရှိဘူး။ နင်တို့အပေါ်မှာ သိပ်အရေးပေးလွန်းအား ကြီးတယ်။ ငါ့အမေပဲ ဇာတ်ညစ်တဲ့အကန်နဲ့ အရက်သမားဘဝ ရောက်ခဲ့ ရပြီး လေကားပေါ်ကနေ ကျသေခဲ့ရတယ်။ အဲဒီကြားထဲ ပနံမိုးဆရာကို သူပဲခေါ်လာခဲ့မှိုင်းပြီး ငါ့အမေနဲ့ ယိုးစုပ်ခဲ့တယ်။ အပြစ်မရှိအပြစ်ရှာခဲ့ တယ်။ အဲဒီအတွက် နင်တို့မိသားစုကို ငါ လုံးလုံးမကျေနပ်ဘူး။ နင်တို့ ဒီကိုရောက်လာမယ့်အချိန်ကို စောင့်လည်း စောင့်တယ်။ လာမှာကိုလည်း ကြောက်တယ်။ နင်တို့က တဖြည်းဖြည်းလွန်လာပြီး ဒီအိမ်ကို အပိုင်စီးရုံ တင်မကဘူး။ ငါ့အမေမွေးထားခဲ့တဲ့ လင်းနို့တွေကိုပါ ရွှေပြောင်းသတ်ဖို့ လုပ်နေတယ်။ နင်တို့ကို ငါ အရမ်းမုန်းတယ်။ နင်တို့ကို လက်စားချေရမှ ကျေနပ်မယ်"

ဘာကယ့်စိတ္တဇဝေဒနာသည်တစ်ယောက်နှင့် ရင်ဆိုင်နေရမှန်း သီတာတည့်တည့်ပဲ သိပ်စားမိလိုက်သည်။

"ဟင်း ဘယ်သူလဲ"





"ခြောက် . . . ပြောပြီးပြီ။ ဒေါ်စောလှကြည်ရဲ့ သမီးပါဆို"

"ဟုတ်ပါပြီ။ အဲဒါဆို မင်းက ငါနဲ့ ဆိုရင် မေ့အတွေ မအေကွဲ ညီမ ပေါ့နော်။ ကိုယ့်အစ်မကို သတ်ပြီးမှ ဒီအိမ်ကို ယူဖို့မလိုပါဘူး။ ဒီအတိုင်း တောင်းလည်းရပါတယ်။ ငါ့ညီမလေးပဲ ဥစ္စာ။ ငါက ပေးမှာပေါ့။ ဒါထက် ညီမလေးရဲ့နာမည်က ဘယ်လိုခေါ်လဲ"

"ဟင်း . . . ဟင်း . . . အခုမှလာပြီး လေပြေထိုးမနေပါနဲ့။ ဘာလဲ သေရမှာကြောက်လို့ ကာယောင်ကတန်းတွေ ဖြစ်နေပြီလား။ ဒီလိုပေါ့ခလ လူ့ငနဲသား သေရမှာတော့ ကြောက်ကြတာချည်းပဲ"

သီတာသည် ပီရိုဘေးမှ သစ်သားချောင်းကို လက်ဖြင့် စမ်းမိ သွား၏။ ထိုသစ်သားချောင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက် မိသည်။ အရေးအကြောင်းဆို လှုပ်ရှားနိုင်ဖို့လည်း အသင့်ပြင်ထားလိုက် မိသည်။

"ဘယ်လိုလဲ။ ဘာစကားမှ ပြန်မပြောတော့ဘူးလား။ မကြာခင် သေရတော့မှာမို့လို့ ဘုရား တရား ကနေပြီနဲ့တူတယ် ဟင်း . . . ဟင်း"

ဖြူဖြူအရိပ်သဏ္ဍာန်ရှင်သည် စကားပြောရင်း နတင်ကို ကွေ့ ဝိုက်၍ မိမိဘက်သို့ ရွေ့လျားလာနေသည်ကို ထင်ရှားစွာတွေ့မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သိကာသည် အသက်ကိုပင် ဖြောင့်ဖြောင့်တန်းတန်း မရှူဝံ့ဘဲ သူ့ မိမိအနားသို့ရောက်သည်အထိ စိတ်ရှည်လက်ရှည်ဖြင့် စောင့်ဆိုင်းနေလိုက်၏။

လက်တစ်ကမ်းအကွာသို့ ရောက်သည်နှင့် မျက်စိကို စုံမှိတ်၍ လက်ထဲမှ သစ်သားချောင်းဖြင့် ထိုသူ့ဦးခေါင်းဆီ ရည်ရွယ်ကာ လွှဲရိုက်ချလိုက်၏။

"ခွပ်"

အားထည့်၍ ရိုက်ချလိုက်သောကြောင့် သစ်သားချောင်းနှင့် ထိုသူ့ဦးခေါင်း မိမိရရကြီး ထိတွေ့မိသွားရာမှ ထိုသူ့ဆီမှ ငြီးမြဆန် အော်သံတစ်ချက် ထွက်ပေါ်လာ၏။

သိကာသည် သစ်သားချောင်းကို လွှတ်ချကာ တံခါးချက်ကို အလျင်အမြန်ဖြုတ်သည်။ အမှောင်ထဲ ချက်က ကြပ်နေသေးသည်။ အားသွန်ခွန်စိုက် ဖြုတ်လိုက်တော့မှ တခါးချက်က ပြုတ်ထွက်သွား၏။ ထိုအချိန်တွင် ထိုသူကလည်း သူ့ကိုယ်သူ ထိန်းသိမ်းလိုက်နိုင်ပြီဖြစ်သည်။ ဒေါသထွက်နေဟန်ဖြင့် အသက်ရှူသံပြင်းပြင်းကို ထိုသူ့ဆီက အတိုင်းသား ကြားနေရ၏။





သိကာသည် တံခါးကို အလျင်အမြန်ဖွင့်သည်။ အခန်းအပြင်သို့ထွက်သည်။ လှေကားအတိုင်း အောက်သို့ပြေးဆင်းခဲ့ရာက နှုတ်မှလည်း အဆက်မပြတ် . . .

"တင့်ဇဝ . . . တင့်ဇဝ"

အောက်သို့ရောက်သည်နှင့် တင့်ဇဝနှင့် ရင်ဆိုင်တိုးမိသည်။

"ဘာဖြစ်လို့လဲ မမ"

"သူ . . . သူ မမကို သတ်ဖို့လုပ်တယ်။ အဲဒါ မင်းကြည့်လုပ်ပါဦး။ သူ့ခေါင်းကိုတော့ မမ သစ်သားချောင်းနဲ့ တစ်ချက်ရိုက်ခဲ့တယ်"

သိကာသည် မောပန်းနေသည့်ကြားထဲမှ အမောတကော ရှင်းပြမိသည်။

"သူက ဘယ်သူလဲ"

"နာမည်တော့ မသိဘူး။ ဒေါ်စောလှကြည်ရဲ့ သမီးလို့တော့ ပြောတာပဲ"

ထိုအချိန်မှာပင် . . .

လင်းနို့အုပ်ကြီးကလည်း အိမ်ထဲသို့ ဝင်ရောက်လာကြတော့သည်။ သူတို့ဝင်ရောက်လာပုံက ရုန်းရင်းဆန်ခတ်နိုင်လွန်းလှ၏။ အသံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ရှုညှိနေသည်မှာ နားမညီကွဲထက်မတင်ဖြစ်သည်။

ထူးဆန်းသည်မှာ . . .

လိုလင်းနို့အုပ်ကြီးသည် တစ်နေရာတည်းဆီသို့ ဦးတည်သွား

နေကြခြင်းဖြစ်သည်။

သိပ်မကြာလိုက် . . .

လှေကားဆီမှ ငယ်သံပါဖြောင် အော်လိုက်သည့်အသံက

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တော့၏။

"အား"

"သူ . . . သူ့ခေါင်းကွဲတယ်သင်ကယ်၊ သွေးနံ့ရလို့ လင်းနို့တွေ

ဝိုင်းခဲတာ ခံလိုက်ရပြီထင်တယ်။ ဦးအောင်မြင့်ကိုဖြစ်ဖြစ်သွားခေါ်ပြီး မီး

ကို ပြန်ဖွင့်ခိုင်းစမ်းပါ"

တင့်ဝေ အပြင်သို့ ပြေးထွက်သွား၏။

မီးအလင်းရောင် ဖျတ်ခနဲလင်းလာသည်နှင့် လင်းနို့သတ္တဝါ

တွေမှာလည်း လာရာလမ်းအတိုင်း ပျံပြေးကြတော့၏။

ဦးအောင်မြင့်နှင့် တင့်ဝေ ရောက်လာ၏။ နောက်ကနေ ဒေါ်စမ်း

စမ်းပါ ပါလာ၏။





"သင်းသင်းရီကော . . . သင်းသင်းရီကော"

ဒေါ်စမ်းစမ်းက သင်းသင်းရီကို မေးနေ၏။

ဖြူဖြူအရိပ်သဏ္ဍာန်ရှင်မှာ သင်းသင်းရီများလား။

အမေးပါသည့် အကြည့်ဖြင့် တင့်ဝေကို ကြည့်ရင်း သီတာသည်

လှေကားပေါ်သို့ အပြေးအလွှားတက်ခဲ့သည်။

လှေကားတစ်ဝက်တစ်ပျက် အသက်ပျောက်နေရှာသည့် ဖြူ

ဖြူအရိပ်သဏ္ဍာန်ရှင်ကို တွေ့ရ၏။ သွေးဆာနေသည့် လင်းနို့တို့၏ ဝိုင်း

ဝန်းကိုက်ဖဲ့ထားမှုကြောင့် မျက်နှာမှာ အသားစတွေ လန်ပြီး ရုပ်ပျက်

ဆင်းပျက်ဖြစ်နေသော်လည်း နဂိုရုပ်ကတော့ ပေါ်လွင်နေသေး၏။

အမှန်ပင် . . .

သူ့ကိုယ်သူ အအမလေးယောင်ဆောင်ထားသည့် သင်းသင်းရီ

ပါပေတည်း။

ယခုလိုအဖြစ်ဆိုးနှင့် သေဆုံးသွားရသည်ကို မြင်ရပြန်တော့

လည်း စိတ်ထဲမှာ မကောင်းနိုင်အောင် ရှိရသည်။

"အမလေး . . . ကူးကြီးရယ် အဖြစ်ဆိုးပုံချည်းပါး

သင်းသင်းရီကိုကြည့်၍ ဒေါ်စမ်းစမ်းမှာ ရင်ဘတ်စည်တီး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်ငိုလေတော့၏။

"ဒေါ်စမ်းစမ်း သူ့ အခုလို လှုပ်ရှားနေတာကို အစကတည်းက သိနေတာပေါ့နော် . . . ဟုတ်လား"

"သိတာပေါ့ တူမကြီးရယ်။ သူက အစွဲအလမ်းသိပ်ကြီးတာ။ အမြှုံးအတေးလည်း ရမ်းကြီးတာ။ အခုလိုဖြစ်မှာစိုးလို့ ဒေါ်ဒေါ် နည်းမျိုးစုံနဲ့တားခဲ့ပါသေးတယ်။ မရပါဘူးကွယ်။ ဒေါ်ဒေါ့်ညီမ သူ့အဒေါ်အတွက် လက်စားချေရမှ ကျေနပ်မယ်လို့ချည်းပဲ ဖြစ်နေတာနဲ့ ဒေါ်ဒေါ်လည်း ဘာမှ မပြောတော့ဘဲ ဒီအတိုင်းကြည့်နေလိုက်ရတာ"

"ဩြော် . . . ဒေါ်ဒေါ်က ဒေါ်ခတာလှကြည်ရဲ့ညီမကိုး။ သူ အခုလို ဖြစ်သွားရတာကို သီတာလည်း စိတ်မကောင်းပါဘူး။ တကယ်ဆို သူဟာ သီတာနဲ့ဆို ညီမလေးပဲ။ အစကတည်းက သူ့ပွင့်ပွင့်လင်းလင်း ပြောပြထားရင် အခုလိုတောင် ဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ လေ၊ မျက်ချိန်တန်လို့ ပျက်သွားရတယ်လို့ပဲ သဘောပိုက်ရတော့မှာပဲ"

စကားအဆုံးတွင် သီတာသည် သက်ပြင်းတစ်ချက်ကိုသာ လေးပင်စွာ ချလိုက်မိတော့သည်။

"မမ . . . မမ . . . ဟိုမှာ အစ်ကို ကိုသိန်းအောင်"





တင့်ဇော ပြောသောကြောင့် သီတာ့အကြည့်က အိမ်ပေါက်ဝဆီသို့ ကျရောက်သွား၏။

အိမ်မှထွက်သွားစဉ်က အဝတ်အစားတွေနှင့်အတူ တံခါးဝတွင် ရပ်နေသည့် ကိုသိန်းအောင်ကို မြင်တွေ့လိုက်ရ၏။

သီတာ၏စိတ်ထဲမှာ ဝမ်းနည်းဝမ်းသာကြီးဖြစ်လျက် လှေကားအတိုင်း အောက်သို့ ပြေးဆင်းခဲ့မိသည်။ ကိုသိန်းအောင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ရာမှ . . .

"ရှင် . . . ရှင် တော်တော်ရက်စက်တယ် ကိုသိန်းအောင်။ ဒီမှာ ဘာတွေဘယ်လိုဖြစ်နေသလဲဆိုတာကို အဲဒီပြဿနာတွေကို သီတာ တစ်ယောက်တည်း ဘယ်လိုရင်ဆိုင်နေရသလဲဆိုတာကိုကော ရှင်သိရဲ့လားဟင်"

"ဒါတွေပြောမနေပါနဲ့တော့ သီတာ။ အခု ငါပြန်လာပြီပဲ။ တကယ်တမ်းကျတော့ မင်းတို့သားအမိကို ငါ မခွဲနိုင်ဘူး။ တစ်ရက် နှစ်ရက်စာလေး ခွဲရုံနဲ့ ငါ့မှာ သေမတတ်ခံစားနေရတယ်။ ဒါကြောင့် မင်းတို့ဆီ ငါပြန်လာတာ။ အဲဒီတွက် မင်းဆီက ပေးလာမယ့်အပြစ်တွေကိုလည်း ခံယူဖို့ အသင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို အသေသတ်ချင်တယ် သိလား။ အသေသတ်ချင်တယ်"

မကျေမနပ်ပြောရင်း ကိုသိန်းအောင်၏ ရင်ဘတ်ကို လက်သီးဆုပ်နနလေးဖြင့် အဆက်မပြတ်ထုရိုက်ရင်း မျက်ရည်ပူတွေကို အဆက်မပြတ် သွန်ထုတ်မိသည်။

ကိုသိန်းအောင်က ဇနီးဖြစ်သူ၏ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ကြားထဲသို့ ဆွဲသွင်းရင်း . . .

"တကယ်တမ်းကျတော့ မင်း ကိုယ့်ကို မသတ်ရက်ဘူးဆိုတာ ကိုယ်သိပါတယ် မိန်းမရယ်၊ ကိုယ်ပြောပြီးပြီပဲ၊ ကိုယ်မှားသွားပါတယ်လို့။ မိန်းမပေးတဲ့ အပြစ်မှန်သမျှကို ကိုယ် ခံယူပါ့မယ်လို့။ နောင်ကို ဘာအမှားတစ်ခုမှ မလုပ်မိအောင် ကိုယ် ဆင်ခြင်ပါတော့မယ်။ ကိုယ် ကတိပေးပါတယ် မိန်းမရယ်"

"ဖတ်ပါတော့မျှင်။ ရှင်က သိတာ့ရဲ့စိတ်ကို သိတိုင်း ဒီနည်းနဲ့ပဲ အနိုင်ယူနေတော့တာပဲ။ သားနဲ့သမီးက ရှင့်ကို မေးလွန်းအားကြီးလို့သာ လက်ခံမှာ။ နို့မို့ရင်တော့လား . . . ဟင်း"

"အေးပါကွာ။ ဘာအကြောင်းနဲ့မဲ လက်ခံလက်ခံ အဓိကက လက်ခံဖို့ပဲ အရေးကြီးတယ်"





ပြဿနာတွေ အားလုံး ရှင်းလင်းသွားတော့မှ မိုးကျရွှေကိုယ် ရုတ်တရက် ပေါ်လာသည်ဆိုတာမျိုး။

သိတာ့အဖို့မှာတော့ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား ဆိုသည်ကို စဉ်းစားရကောင်းမှန်း မသိတတ်လောက်အောင် စိတ်ဓာတ်တွေက မာရေကြောရရှိနေခဲ့ပြီဆိုက မှားမည်မဟုတ်ပေ။

မင်းစကြာ



www.burmeseclassic.com